မြန်မာနိုင်ငံ
ကက်သလစ်
ဆရာတော်များ
အဖွဲ့ချုပ်
သတင်းဂျာနယ်

# the CBCM Herald

ဘုရားသခင်သည်
မိမိ၏ တစ်ပါးတည်းသော
သားတော်ကို စွန့်တော်မူ
သည့်တိုင်အောင် ကမ္ဘာ
လောကကို ချစ်တော်မူ၏။
ရှင်ယောဟန် ၃း၁၆

ဒီဇင်ဘာလ ၂၀၁၉ ခုနှစ် | မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများ အဖွဲ့ချုပ်မှ လစဉ်ထုတ်ဝေသည် | အတွဲ (၄) အမှတ် (၁၂)





စာ - ၁၉

သမိုင်းတစ်ခု ဖြစ်တည်ခဲ့သော ဘုရား


စာ - ၁၈

Couples for Christ
မြန်မာ ၊ မန္တလေး
၅ နှစ်ပြည့် အခမ်းအနား




၄ ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ်လူငယ်များ ညီလာခံ ထုတ်ပြန်ချက်
စာ - ၂၂





ပုပ်ရဟန်းမင်းကြီး ဖရန်စစ်၏ ထိုင်း နှင့် ဂျပန် ခရီးစဉ်
စာ - ၁၂

Love
Your
Youthfulness
YEAR of YOUTH
MYANMAR
2 0 2 0


စာ - ၁၃

## အယ်ဒီတာ့ အာဘော်

### အစေခံ ခေါင်းဆောင်

"သင်တို့တွင် အကြီးမြတ်ဆုံးသောသူသည် အငယ်ဆုံးကဲ့သို့ ဖြစ်စေရမည်။ ဦးဆောင်သောသူသည် အစေခံကဲ့သို့ ဖြစ်ရမည်။ အကြောင်းမူကား မည်သူသည် ကြီးမြတ်သနည်း။ စားပွဲ၌ ထိုင်သောသူလော သို့မဟုတ် စားပွဲ၌ အစေခံသောသူလော။ စားပွဲ၌ ထိုင်သောသူသည် ကြီးမြတ်သောသူ မဟုတ်ပါသလော။ သို့သော် ငါသည် သင်တို့အလယ်တွင် အစေခံသောသူဖြစ်၏" (လုကာ ၂၂း၂၆-၂၇)။ ဤစကားလုံးများအားဖြင့် ခရစ်တော်သည် ခေါင်းဆောင်မှုနည်းလမ်းသစ်ကို နောက်ဆုံးညစာ စားပွဲတွင် သွန်သင်ပေးခဲ့သည်။

servus servorum Dei "ဘုရားသခင်၏ အစေခံတို့၏ အစေခံ" ဟူသည့် စကားလုံးကို ပုပ်ရဟန်းမင်းကြီး မဟာ ဂရေဂေါရီ လက်ထက်ကပင် ပုပ်ရဟန်းမင်းကြီးများက မိမိတို့ကိုယ်ကို ရည်ညွှန်းခဲ့သည်။ ပုပ်ရဟန်းမင်းကြီးသည် သာသနာတော်တွင် အကြီးမြတ်ဆုံးသော ခေါင်းဆောင်ဖြစ်သော်လည်း မိမိကိုယ်ကို အစေခံသူဟု မှတ်ယူခဲ့ သည်မှာ မျက်မှောက်ခေတ်လူ့အသိုင်းအဝိုင်းအတွက် မြင့်မြတ်သော စံနမူနာဖြစ်သည်။

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်က သာသနာတော်၏ ခေါင်းဆောင်များအားလည်း အာဏာရှိသူများကဲ့သို့ ပြုမူနေထိုင်ခြင်းကို ရှောင်ရှားကြရန် သတိပေးသည်။ အထူးသဖြင့် claricalism (ဘုန်းကြီးဖြစ်သောကြောင့် အခြားသူများထက် ပိုသာသည် ဟူသောစိတ်ထား) ကို ချေမှုန်းလိုသည်။ ထို စိတ်ထားသည် ဘုန်းတော်ကြီးများက မိမိတို့ ကိုယ်ကို မှတ်ယူခြင်းသာ မကဘဲ သာမန်ဘာသာဝင်များတွင်လည်း ထိုကဲ့သို့သော ခံစားချက်မျိုး ရှိနေတတ်သည်။ ကိုယ်ကျင့်တရားအရာတွင်ဖြစ်စေ၊ ဝိညာဉ်ရေးရာများတွင်ဖြစ်စေ သာမန်ဘာသာဝင်တို့သည်လည်း ဘုန်းကြီးများထက် ပိုမိုသန့်ရှင်းမြင့်မြတ်နိုင်သည်။ ဘုန်းတော်ကြီးများသည်လည်း အားနည်းချက်ရှိနိုင်သည်၊ မှားယွင်းနိုင်သည်။ ဘာသာဝင်များနှင့် ဆက်ဆံရာတွင်လည်း အပြန်အလှန် လေးစားမှုဖြင့် ဆက်ဆံရမည်။ "သာမန်ဘာသာဝင်တို့ သည် ဘုရားသခင်၏ သန့်ရှင်းသော လူစုထဲက ဖြစ်ကြသည်။ ထို့ကြောင့် သူတို့သည် သာသနာတော်နှင့် ကမ္ဘာလောကကြီးထဲတွင် အဓိကဇာတ်ကောင်များ ဖြစ်ကြသည်။ ကျွန်ုပ်တို့ ဘုန်းတော်ကြီးများက သူတို့အား အစေခံရန်ဖြစ်သည်၊ သူတို့က ကျွန်ုပ်တို့အား အစေခံရန် မဟုတ်ပါ" ဟု ပုပ်ရဟန်းမင်းကြီးက ဆုံးမခဲ့သည်။

အာဏာရှင်စနစ်အောက်တွင် နှစ်ပေါင်းများစွာနေထိုင်ခဲ့ရသော မြန်မာနိုင်ငံသားများအတွက် အုပ်ချုပ်သူများ အစိုးတရပြုခြင်းကို နေသားကျနေကြသည်။ ဦးဆောင်သူများ၏ ဗိုလ်ကျခြင်းကိုလည်း အမှားဟု မမြင်ဘဲ အစဉ်အလာ တစ်ခုအဖြစ် သည်းခံနေကြသည်။ မိမိကိုယ်တိုင် ဦးဆောင် အုပ်ချုပ်သူ ဖြစ်လာသောအခါတွင်လည်း ထိုလမ်းစဉ်ကိုပင် လိုက်ကျင့်ကြသည်။ ခရစ်တော်၏ လမ်းစဉ်အရ အုပ်ချုပ်သူ ဦးဆောင်သူတို့၏ လုပ်ပိုင်ခွင့်သည် အလုံးစုံ အပ်နှင်းထားသော အကြွင်းမဲ့ အာဏာမဟုတ်ဘဲ နောက်လိုက်ငယ်သားတို့၏ ကောင်းကျိုးအတွက် ရှေးရှု လုပ်ဆောင်ရသော အကျိုးဆောင်လုပ်ငန်းတစ်ခုဖြစ်သည်။ ရှင်ပေတရုကလည်း အသင်းတော်ခေါင်းဆောင်များအား သတိပေးစကားဆိုခဲ့သည်။ "သင်တို့အား အပ်နှင်းထားသော သိုးစုအပေါ်တွင် အစိုးတရပြုမည့်အစား၊ သူတို့အား စံနမူနာကောင်းပြကြလော့" (၁ပေတရု ၅း၃)။

ခရစ်တော်၏ လူ့အဖြစ်ယူခြင်းဖြင့် လူသားများအား ကယ်တင်ခြင်းသည် ကြီးမြတ်သောဘုရားသခင်၏ အစေခံခြင်းကို ထင်ရှားစေသည်။ ယေရှုဘုရားရှင်သည် ခမည်းတော်ဘုရားရှင်နှင့် တန်းတူရှိနေပါလျက် လူ့အဖြစ်ကိုယူခဲ့သည်။ လူသားတစ်ဦးထက်ပင် နိမ့်ကျသည့် အစေခံအဖြစ်ခံယူပြီး လက်ဝါးကားတိုင်ပေါ်တွင် အသေခံခဲ့သည်။ (ဖိလိပ္ပိ ၂း၆-၈)

ခရစ္စမတ်ကာလတွင် အံ့ဩဖွယ် တိုင်ပင်ဖက်၊ တန်ခိုးကြီးသော ဘုရားရှင်၊ ထာဝရအဖ၊ ငြိမ်းချမ်းရေး၏ ဘုရင်ကို ကလေးသူငယ်လေး အသွင်ဖြင့် ဖူးမြင်ကြရသည်။ ခွန်အားကြီးမှ ခေါင်းဆောင်ကောင်းဖြစ်သည်၊ တိုက်ပွဲတွေ အလီလီ တိုက်ခိုက်အောင်မြင်မှ ကြီးမြတ်သည်ဟူသော လူသားတို့၏ အယူအဆကို ဆန့်ကျင်က ကြီးမြတ်သော ဘုရားသခင်သည် အစွမ်းအစမဲ့သော ကလေးငယ်လေး တစ်ဦးအသွင်ဖြင့် လူသားများအလယ်တွင် အစေခံရန်ကြွလာခြင်းဖြစ်သည်။

ခရစ္စမတ် အချိန်အခါသမယသည် ပျော်ရွှင်မြူးတူးခြင်းတို့ဖြင့် ပြည့်ဝသော အချိန်ကာလဖြစ်သည်။ ထိုပျော်ရွှင်ခြင်းများအကြားတွင် ပျော်ရွှင်ခြင်း၏ အဓိကအကြောင်းအရင်းဖြစ်သည့် ခရစ်တော်၏ နှိမ့်ချခြင်းကို မေ့ပစ်မထားသင့်ပါ။ လူသားများ၏ စေခိုင်းခြင်းခံရန် လူ့လောကသို့ ကြွလာတော်မူသော ဘုရားရှင်၏ မေတ္တာများဖြင့် ပြည့်ဝကြပါလျက် ကျွန်ုပ်တို့သည်လည်း အချင်းချင်းတို့အား မေတ္တာထားကာ အပြန်အလှန် အစေခံတတ်သူများ ဖြစ်လာကြပါလျက် ငြိမ်းချမ်းသောကမ္ဘာတစ်ခု၊ ချစ်ခြင်းမေတ္တာဖြင့် ပြည့်ဝသော လူ့အသိုင်းအဝိုင်း တစ်ခုကို ဖော်ဆောင်ကြပါစို့။

## ပုပ်ရဟန်းမင်းကြီး ဖရန်စစ်၏ ဆုတောင်းမေတ္တာ ရည်ရွယ်ချက်

ဒီဇင်ဘာ ၂၀၁၉

***That every country determine to take the necessary measures to make the future of the very young, especially those who suffer, a priority.***

**နိုင်ငံတိုင်းသည် လူငယ်များ၊ အထူးသဖြင့် ဆင်းရဲ ဒုက္ခခံစားနေရသူများ၏ အနာဂတ်ကို ပထမဦးစားပေး ဖြစ်စေရန် လိုအပ်သော အားထုတ်မှုများ လုပ်ဆောင်ရန် စိတ်ဆုံးဖြတ်နိုင်ကြပါမည့်အကြောင်း**



### ခရစ္စမတ်ကို ပြင်ဆင်ခြင်း



လူတစ်ယောက်
ဘုရားရှေ့ပင်တွား စဉ်းစားကျွံနေတယ်
ဟူး . . . ခရစ္စမတ်က နီးလာပြီ

၁။ အိမ်ကိုပြုပြင် အလှဆင်ရဦးမယ်
၂။ ချည်သည်တွေခေါ် သောက်စားပျော်ရဦးမယ်
၃။ အကျီ င်္သစ်ငယ် လှဘုံအလယ်ကြွားရဦးမယ်
၄။ ခင်မင်သူသို့ ကတ်ပို့နှုတ်ဆက်ရဦးမယ်
၅။ လူကြီးလာဘ်ထိုး ခရစ္စမတ်မုန့်ပို့တောင်းရဦးမယ်
၆။ သားငယ်သမီးငယ် လက်ဆောင်ဝယ်ပေးရဦးမယ်



အင်း . . . လောလောဆယ်တော့ ဒီလောက်ပဲ
ခြော် . . . မေ့နေလိုက်တာ ကြည့်စမ်း
ဒီနှစ် ခရစ္စမတ် အပြောင်ကဲဖို့
ပိုင်လည်းဖောက်ထား
ဘော်ဒါတွေလည်း ဓိတ်ကြားရဦးမှာပါလား
ဘာရှိသေးလဲ . . . စဉ်းစားစမ်း
နလုံးသားလေးလား၊ ဝိညာဉ်ရေးလား
ခေါက်ထားလိုက်စမ်းပါ
အဲ့ဒါတွေ မလိုပါဘူး

ထိုလူထသွား ဘေးနားက သူငယ်တော်
မျက်ရည်တွေ အဖော်ပြုလို့ . . . ။

ယိကိုရှင်း


ထုတ်ဝေခွင့်အမှတ်
၀၁၇၂၅

နာယက
ဆရာတော် ပီတာလှိုင်စ် ကျာခူ

အယ်ဒီတာချုပ်နှင့်ထုတ်ဝေသူ
ဖာသာရ် မာရီယာနို စိုးနိုင်

အယ်ဒီတာအဖွဲ့ဝင်များ
ဖာသာရ် ဂျိမ်းဘရန်ဂျာ၊ ဖာသာရ် စောလောရင်းစ်၊
ဖာသာရ် ဝီလျံစိုး၊ ဖာသာရ် ဩဂုတ်စတင်းရွှေ

ဒီဇိုင်း၊ ဖွဲ့စည်းပုံ
ဖါသာရ် စိုးနိုင် ၊ ရိုစ့်မေရီ

အတိုင်ပင်ခံများ
CBCM အထွေထွေအတွင်းရေးမှူး၊
ငြိမ်းချမ်းရေးနှင့် တရားမျှတရေးကော်မရှင်၊
ကက်သလစ်ရှေ့နေများအဖွဲ့။

ဖြန့်ချီရေးတာဝန်ခံများ
သာသနာ (၁၆)ခု နှင့် သူတော်စင်ဂိုဏ်းများမှ
လူထုဆက်သွယ်ရေးတာဝန်ခံများ

ပုံနှိပ်တိုက်
စိန်ဖေးဗီးယားပုံနှိပ်တိုက် (၀၀၂၆၂)
အမှတ်(၂၇)ဖဆပလရပ်ကွက်၊ ဂျိုးဖြူလမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

ငွေလွှဲရန်
ရိုးမဘဏ်နှင့် ကမ္ဘောဇဘဏ် မြေနီကုန်း၊ ရန်ကုန်။
နော်မြတ်နှင်းထွေး (၁၄/ဟသတ(နိုင်)၂၄၆၀၉၅

ဆက်သွယ်ရန်
CBCM Herald သတင်းစာရုံးခန်း
မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများကျောင်း
၂၉၂(က)၊ ပြည်လမ်း၊ စမ်းချောင်း၊ ရန်ကုန်
ဖုန်း ၀၁ ၅၂၅၈၀၈ (ရုံးဖွင့်ချိန်များသာ)
cbcmosc@gmail.com

# ရှင်ပေါလူး နှင့် သာသနာ အစ

သီကိုရှင်း



ပုပ်ရဟန်းမင်းကြီး ဖရန်စစ် အရှင်သူမြတ်က အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း လူထုပရိသတ်အား ဘုရားစကားသင်ကြားရာတွင် တမန်တော်ဝတ္ထုကိုအခြေခံ၍ ရှင်ပေါလူး၏ ဟောပြောဝေမျှ သာသနာပြုချက်များကို သွန်သင်မှုခဲ့ပါတယ်။ ရှင်ပေါလူးက ခရစ်တော်နှင့်တွေ့ဆုံပြီး ဘဝတစ်ဆစ်ချိုး ပြောင်းလဲခဲ့ရပြီးနောက် တမန်တော်ကြီး ဘားနားဘရဲ့ ကြားဝင် ကူညီပေးမှုကြောင့် ဂျေရုဆလင် အသင်းတော်နှင့် မိတ်ဆက်သိကျွမ်းခဲ့ရတယ်။ အဲ့ဒီကနေစပြီး ခရစ်တော်ရဲ့ အကြောင်းကို စွမ်းစွမ်းတမံကြေငြာဟောပြောခဲ့တယ်။ ရှင်ပေါလူးကိုလူတချို့က လိုက်လိုက်လှဲလှဲ ကြိုဆိုလွန်းတာကြောင့် တားဆုမြို့ထိ ခရီးဆက်ရအောင်ဖြစ်ခဲ့တယ်။ အဲ့ဒီမြို့က ရှင်ပေါလူးရဲ့ဇာတိမြို့။ တိတိကျကျပြောရရင်နှုတ်ကပါတ်တော်ခရီး စတင်ခဲ့တဲ့မြို့လေးပါ။ တမန်တော်ဝတ္ထုမှာ ကျွန်ုပ်တို့ တွေ့ကြမြင်ကြထောက်ရှုကြရတာတွေအများပိုင်းက နှုတ်ကပါတ်တော်ကို တမန်တော်ကြီးတွေက ဘယ်လိုကြေငြာဟောပြောခဲ့ကြလဲဆိုတာပဲ။ တကယ်တော့နှုတ်ကပါတ်တော်ဆိုတာနေရာအနှံ့ကြေညာဟောပြောဖို့ဖြစ်တယ်။

နှုတ်ကပါတ်တော်ခရီးအစက ပြောရမယ်ဆို သာသာယာယာတော့ မရှိခဲ့ဘူး။ ပြင်းထန်တဲ့နှိပ်စက်ခြင်းတွေကြားကနေ ခက်ခက်ခဲခဲ စတင်ခဲ့ရတယ်။ ဧဝံဂေလိသတင်းကောင်းဟောပြောဖို့ အတားဆီးတွေရှိနေခဲ့လည်း နှုတ်ကပါတ်တော်က မျိုးစေ့လိုပဲ ရှန်းထွက်ရှင်သန်လာခဲ့တယ်။ ခရစ်ယာန်တွေရဲ့ သတ္တိကအံ့မခန်း။ ထိတ်လန့်ကြောက်မနေကြတော့ဘူး။ သူတို့ထွက်ပြေးခဲ့တယ်။ ဒီအတိုင်းကိုယ်လွတ်ရုန်းပြီး ထွက်တာမဟုတ်ဘူး။ သူတို့နဲ့အတူ နှုတ်ကပါဌ်တော်ကို တစ်ပါးတည်း သယ်ဆောင်သွားခဲ့ကြတာ။ ရောက်တဲ့နေရာတိုင်းမှာ နှုတ်ကပါဌ်တော်ကို ကြေငြာ ဟောပြောခဲ့ကြတယ်။ ရှင်ပေါလူးနဲ့ ဘားနားဘတို့က ဆီးရီးယား၊ အန္တိ ယောခ့်မြို့ကိုအရင်ရောက်တယ်။ အဲ့ဒီမှာ တစ်နှစ်လုံးနေပြီး သွန်သင်တယ်။ ခရစ်ယာန်အဖွဲ့အစည်းလေးကို အုတ်မြစ် တည်အောင်ထူထောင်ပေးတယ်။ ဂျူးလူမျိုးတွေ၊ ဟီဘရူး လူမျိုးတွေကို အဓိကသွန်သင်တယ်။ ဒီလိုနဲ့ အန္တိယောခ့်မြို့က ပေါလူးနဲ့ဘားနားဘတို့အတွက် သာသနာပြုရာဗဟိုဌာန ဖြစ်လာခဲ့တယ်။ အန္တိယောခ့်မြို့ကနေစတင်ပြီး ခရစ်တော်ကို ယုံကြည်သူများအား ခရစ်ယာန်များလို့အစပြု ခေါ်ဝေါ်နိုင်ခဲ့တယ်။

အသင်းတော်ရဲ့ သဘောသဘာဝကို တမန်တော်ဝတ္ထုမှာ အများကြီးတွေ့ရတယ်။ ရပ်တန့်မနေဘဲ ကြီးထွားလာတဲ့သဘော၊ လူအများအတွက် ဖွင့်ပေးနေတဲ့သဘော၊ ရှေ့ဆက်ခရီးပြုနေတဲ့သဘောကို တွေ့ရတယ်။ ရှေ့ဆက်မနေဘူးဆိုရင်တော့ ဒါဟာ အသင်းတော်မဟုတ်တော့ဘူး။ အယောက်စီတိုင်း ဝင်ရောက်ထိတွေ့နိုင်တဲ့ အသင်းတော်အဖြစ်ရှေ့ဆက်ခရီးပြုနေတာပါ။ တံခါးပိတ်ထားတဲ့အသင်းတော်ဆိုရင်တော့ မကောင်းတဲ့ လက္ခဏာကိုပြနေတာပဲ။ အသင်းတော် သာသနာတော်ဆိုတာ အဖဘုရားသခင်ရဲ့ အိမ်တော်ပဲ။ လူတိုင်းဝင်ရောက်နိုင်တယ်။ လူတိုင်းဘုရားကို ရှာဖွေတွေ့ရှိလာနိုင်ရမယ်။ တံခါးပိတ်ထားရင်တော့ဘယ်လိုရှာဖွေလို့ရနိုင်မှာလဲ။

ရှင်ပေါလူးနဲ့ ဘားနားဘတို့က တခြားသောလူမျိုးခြားတွေအတွက်လည်း တံခါးဖွင့်ပေးခဲ့တယ်။ ဂျူးတွေကိုပဲ ဟောပြောနေလို့မရဘူး။ လူမျိုးခြားတွေကပါ တံခါးလာခေါက်နေကြပြီ။ ဒီတော့ဖွင့်ပေးရတော့မယ်လေ။လူတွေများလာတာနဲ့အမှုပြသနာတွေ၊ မတူညီမှုတွေကလည်း တက်တော့တာပဲ။ ပထမဆုံး ဖြေရှင်းရတာက အရေဖျားလှီးခြင်းကိစ္စ။ ဂျူးတွေအတွက်က အရေးဖျားလှီးတာက ဥပဒေတစ်ခုပဲ။ အရေးဖျားလှီးခြင်းခံပြီးမှ ဆေးကြောခြင်းခံရမယ်လို့ သူတို့က အခိုင်အမာရပ်တည်ကြတယ်။ ဒီပြဿနာကိုဖြေရှင်းဖို့ အသင်းတော်ရဲ့ ပထမဆုံးညီလာခံအစည်းအဝေးကြီးကိုဂျေရုဆလင်မြို့မှာခေါ်ယူခဲ့ရတယ်။ ခရစ်တော်၌ယုံကြည်ခြင်းနှင့် မိုးဇယ်ရဲ့တရားဥပဒေပညတ်ချက်။ ဒီနှစ်ခုကြားမှာ သူတို့ရဲ့ဆုံးဖြတ်ချက်၊ အယူအဆတွေက တကယ့်ကို နက်နဲထိရှလွယ်ခဲ့တယ်။ ဒီနေရာမှာပီတာနှင့်ယာကုပ်က ဆုံးဖြတ်ချက်ပြတ်သားခဲ့တယ်။ ဘာသာပ လူမျိုးခြားတွေ အတွက် အရေဖျားလှီးခြင်း ခံစရာမလို၊ တခြားသောဘုရား ကိုးကွယ်ပူဇော်ခြင်းတွေကိုသာ စွန့်လွှတ်ဖို့ရန်လိုကြောင်း အခြေအတင် ပြောဆိုကြတယ်။ ပြဿနာ အကြောင်းအရာ တစ်ခုခုကို ဖြေရှင်းတဲ့အခါ တမန်တော်ကြီးတွေက ဆွေးနွေး ညှိနှိုင်းကြတယ်။ နားထောင်ကြတယ်။ သန့်ရှင်းသော ဝိညာဉ်တော်ရဲ့ အလင်းပြမှုအောက်မှာ အဖြေရှာနိုင်ခဲ့ကြတယ်။ ဒါအရေးကြီး ဆုံးအချက်ပဲ။ ဝိညာဉ်တော်ဘုရားရဲ့ အလင်းပြမှုနဲ့ ညီညီ ညွတ်ညွတ် အဖြေရှာနိုင်မှသာ အမှန်တရား၌စည်းလုံးနေ ကြမှာပါ။ ညှိနှိုင်းအဖြေရှာကြမယ်။ နားထောင်ဆုတောင်း ပေးကြမယ်။ အတူစုရုံးကြမယ်ဆိုရင် အသင်းတော်ကြီးကပို ပြီးတော့ ရှင်သန်ကြီးထွားလာပါလိမ့်မယ်။

(အောက်တိုဘာလ၂၃ ရက်၊၂၀၁၉)

တမန်တော်ဝတ္ထုကို ဖတ်ရင် အသင်းတော်ထဲမှာ သန့်ရှင်းသော ဝိညာဉ်တော်ဘုရားရဲ့ဦးဆောင်လှုပ်ရှားမှုကို အဓိကတွေ့ရတယ်။ နှုတ်ကပါတ်တော်ကို ကြေညာဟောပြောကြတဲ့ တမန်တော်ကြီးတွေ လျှောက်ဖို့လမ်းကိုပြတယ်၊ ဦးဆောင်ပေးတယ်။ တမန်တော်ကြီး ရှင်ပေါလူးကိုမက်ဆီဒိုးနီးယန်းတွေက သူတို့ကိုလည်း လာရောက်ကူညီဖို့ ဖိတ်ကြားခဲ့တယ်။ ဒါကြောင့်မြောက်ပိုင်းမက်ဆီဒိုးနီးယန်းတွေက ရှင်ပေါလူးကိုဖိတ်ကြားပြီး သတင်းကောင်း ဟောပြောနိုင်ခဲ့တဲ့အတွက် ဂုဏ်ယူမဆုံးဖြစ်ကြတယ်။ ရှင်ပေါလူးကလည်း မဆိုင်းမတွ သွားရောက်ခဲ့တယ်။ ဖိလိပိနယ်မှာ ၃ ရက်နေခဲ့တဲ့အချိန် အဖြစ်အပျက် ၃ ခုရှိခဲ့တယ်။ (၁) လိတြာနှင့်သူမရဲ့ မိသားစုတစ်ခုလုံးကို ဟောပြောကာ ဆေးကြောခြင်းပေးခဲ့ခြင်း၊ (၂) ခေါင်းပုံဖြတ် အနိုင်ကျင့်ခံရတဲ့ ကျွန်တစ်ယောက်ကို နတ်ဆိုးနှင်ထုတ်ပြီးနောက် ဆီလပ်စ်နဲ့အတူ ဖမ်းဆီးခံခဲ့ရခြင်း၊ (၃) ထောင်မှူးနှင့်သူ့မိသားစုတစ်ခုလုံးကို အကျင့်တရား ပြောင်းလဲပြီး ဆေးကြောခြင်းခံစေခြင်း၊ စတဲ့အဖြစ်အပျက် ၃ ခုကို တွေ့ရတယ်။

နှုတ်ကပါတ်တော်ရဲ့အစွမ်းက ဖိလိပိမြို့မှာနေတဲ့ အမျိုးသမီးလိတြာဆီ အရင်ရောက်တယ်လို့ ပြောရမယ်။ သူက ခရစ်တော်ကို ယုံကြည်လက်ခံပြီး မိသားစုတစ်ခုလုံး ဆေးကြောခြင်း ခံခဲ့ကြတယ်။ ရှင်ပေါလူးနဲ့ ဆီးလပ်စ်ကိုလည်း ကြိုဆိုဧည့်ဝတ်ပြုခဲ့ကြတယ်။ ဥရောပကို ခရစ်ယာန်ယုံကြည်ခြင်း စတင်ရောက်ရှိခြင်းရဲ့ သက်သေလို့ပြောရမယ်ထင်တယ်။ လိတြာရဲ့အိမ်မှာ ဟောပြောသက်သေခံပြီးနောက် ထောင်ထဲကို ရောက်သွားရတယ်။

နတ်ဆိုးဝင်ပူးပြီး လူတွေရဲ့ကံကြမ္မာကို ကြိုတင်ပြောပြဖို့ ကျွန်ပိုင်ရှင်က ကောင်မလေး တစ်ယောက်ကို အမြတ်ထုတ်ပြီး ခိုင်းနေခဲ့ တယ်။ အဲ့လိုလုပ်ခြင်းအားဖြင့် ပိုင်ရှင်ကပိုက်ဆံဝင်တယ်။ ဒီကလေးမလေးကို ခရစ်တော်၏ ခရစ်တော်ရဲ့နာမ၌ နတ်ဆိုးနှင်ထုတ် လွှတ်ပေးလိုက်လို့ ရှင်ပေါလူးက ထောင်နန်းစံ ခဲ့ရတယ်။ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲလို့ ခံယူပြီး ထောင်ထဲမှာနေရတဲ့အချိန် မညည်းညူဘဲ မိမိကိုယ်ကို နှစ်သိမ့်နိုင်ခဲ့တယ်။ ဘုရားရဲ့ ဂုဏ်တော်ကို ချီးမွမ်းတေးတွေဆိုနေရင်း ငလျင်ကြီး တစ်ခုလှုပ်ပြီး ထောင်တံခါးတွေပွင့်သွားတယ်။ ထောင်သားတွေလည်း လွတ်မြောက်ကုန်တာမို့ ထောင်မှူးက မိမိကိုယ်ကို သတ်ဖို့ကြံစည်တဲ့အခါ "ငါတို့အား လုံးဒီမှာပါ။ ဘယ်မှမပြေးကြပါဘူး" လို့ ပေါလူးက အော်ပြော လိုက်တယ်။ "ကယ်တင်ခြင်း ခံရဖို့ဘာလုပ်ရမလဲ" ထောင်မှူး ရဲ့အမေး။ "ခရစ်တော်ကို ယုံကြည်ပါ။ သင်နှင့်သင့်မိသားစု တစ်ခုလုံးကို ကယ်တင်နိုင်ပါတယ်"လို့ ပေါလူးက ဖြေကြားခဲ့တယ်။

သန်းခေါင်ယံ ညအချိန်မှာ ထောင်မှူးနဲ့ မိသားစု တစ်ခု လုံးက နှုတ်ကပါတ်တော်ကို နားထောင်ပြီးယုံကြည်လာခဲ့တယ်။ ပေါလူးနဲ့ဆီးလပ်စ်ကို အနာတွေဆေးပေး၊ ကောင်းကောင်းမွန်မွန် တည်ခင်းကျွေးမွေးခဲ့တယ်။ မှောင်နေတဲ့ ထောင်မှူးရဲ့ ဘဝမှာ ခရစ်တော်ရဲ့ အလင်းက တောက်ပ လာခဲ့တယ်။

နလုံးသားကို တုပ်နှောင်ထားတဲ့ ချိန်းကြိုးတွေလည်း ဖြေလျော့။ ရင်ထဲမှာပျော်ရွှင်ခြင်းတွေသာ အပြည့်။ ဒါကြောင့် သန့်ရှင်းသောဝိညာဉ်တော်ဘုရားက သာသနာပြုခြင်းရဲ့ အဓိကဇာတ်ဆောင်ပဲ။ အစကနေခရီးပြုပေးတယ်။ လမ်းညွှန်ပေးတယ်။ သွားရမယ့် လမ်းကို တည့်မတ်ပေးတယ်။ ကျွန်ုပ်တို့လည်း နလုံးသားဖွင့်ပြီး ဘုရားသခင်ကို လက်ခံယုံ ကြည်နိုင်သော ယုံကြည်ခြင်းကို ပေးပါဆိုပြီး ဝိညာဉ်တော်ဘုရားဆီမှာ တောင်းခံကြပါစို့။

(အောက်တိုဘာလ၃၀ရက်၊၂၀၁၉)

# ကက်သလစ် တက္ကသိုလ်များတွင် လူမှုရေးဆိုင်ရာ၊ တာဝန်ယူတတ်မှုဆိုင်ရာများ သင်ကြားပေးပါ ဟု ရဟန်းမင်းကြီးဖရန်စစ်မှ ပြောကြား



ကက်သလစ် အသင်းတော်မှ ဖွင့်လှစ်ထားသော ကမ္ဘာလုံးဆိုင်ရာတက္ကသိုလ်များအဖွဲ့ချုပ်မှ ဦးဆောင်အဖွဲ့ဝင်အချို့ကို လက်ခံတွေ့ဆုံစဉ် ပြောကြားလိုက်ခြင်းဖြစ်သည်။ ရဟန်းမင်းကြီးက ပညာသင်ကြားခြင်း၏ အသီးအပွင့်သည် လူမှုအသိုင်းအဝိုင်းကို တည်ဆောက်အကျိုးပြုရန် ဖြစ်စေပါဟုလည်း ထပ်မံပြောဆိုခဲ့သည်။

တက္ကသိုလ်အုပ်ချုပ်သူများအတွက် လုပ်ဆောင်ရမည့် ကဏ္ဍသစ်များ ရှိလာသည်။ ၎င်းတို့မှာ တက္ကသိုလ်များအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကဏ္ဍနှင့် သန့်စင်ကောင်းမွန်သည့် အနာဂတ်ကို ဖန်တီးရေးကဏ္ဍဖြစ်သည်။ ဤအချက်များသည် ရောမမြို့တွင် ကျင်းပနေသည့် ယခုဆွေးနွေးပွဲ၏ အဓိကခေါင်းစဉ်ဖြစ်ကာ တက္ကသိုလ်များ မြှင့်တင်ပြောင်းလဲရေးကဏ္ဍတွင် လတ်တလောပင် လိုအပ်နေသော အချက်များလည်း ဖြစ်နေသောကြောင့် ဦးစားပေးရွေးချယ်ကာ ထည့်သွင်းဆွေးနွေးနေရခြင်းဖြစ်သည်။

"တက္ကသိုလ်ကျောင်းသူ/သားများကို အရည်အချင်းပြည့်ဝတဲ့ မျိုးဆက်သစ်အဖြစ် ပြင်ဆင်ပေးလိုက်ကြပါ။ သူတို့ဟာ လူထုအများ ကောင်းကျိုးကိစ္စတွေကို စိတ်ဝင်စား ထောက်ခံအားပေး တတ်သူတွေ၊ ကြုံဆတွေးခေါ်နိုင်ပြီး တာဝန်ယူ တာဝန်ခံမှုရှိတဲ့ လူမှုရေးမှာ ကောင်းမွန်သူနိုင်ငံသားကောင်းတွေ၊ ကမ္ဘာကြီးအတွက် မှန်ကန်သင့်လျော်တဲ့ အမြော်အမြင်ရှိသူ အနာဂတ်သားကောင်းများအဖြစ် သွန်သင်ပုံသွင်းပေးကြပါ။ လက်ရှိမှာ တက္ကသိုလ်များအနေနဲ့ ထည့်စဉ်းစားရမှာက ကမ္ဘာကြီးရဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အပါအဝင် ပြည့်စုံကောင်းမွန်တဲ့ လူပုဂ္ဂိုလ်တွေအဖြစ် တည်ဆောက်ကြတဲ့ နေရာမှာ သူတို့လေးတွေဟာ ဘာတွေ၊ ဘယ်လောက်ဘယ်လို ပါဝင်ရမလဲ၊ ပါဝင်နိုင်စေမလဲဆိုတာပဲ။ ကက်သလစ်တက္ကသိုလ်တွေက အထူးသဖြင့် လူသားတစ်ဦးချင်းစီအတွက်ပဲဖြစ်ဖြစ်၊ လူသားထုကြီးတစ်ခုလုံးအတွက်ပဲ ဖြစ်ဖြစ် ဓလေ့ယဉ်ကျေးမှုဆိုင်ရာ၊ နိုင်ငံသားဆိုင်ရာအရေးတွေမှာ ပိုင်းဝန်းအဖြေရှာပေးနိုင်မယ့် သူတွေအဖြစ် မွေးထုတ်ပေးတဲ့နေရာတစ်ခုဖြစ်ရမှာပါ။ နည်းပညာသိပ္ပံ အလွန်တိုးတက်ပြီး ဒါကို လူတွေလည်း အလွန်ကိုအသုံးပြုနေကြတဲ့အတွက် လူတွေရဲ့ခန္ဓာကိုယ်နဲ့ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို သေချာပေါက် လွှမ်းမိုးထားနေပြီဖြစ်တယ်။ ဒီတော့ အရာရာကို သင်ကြားမှုတိုင်းမှာ (ဘာ့ကြောင့်လဲ) ဆိုတဲ့ မေးခွန်း မိမိကိုယ်ကို မေးတတ်အောင် တစ်ပါတည်းထည့်ပေးဖို့လိုတယ်။ ဒါမှအရာ တစ်ခုခုရဲ့ မူလရည်ရွယ်ရင်းအတွက် လိုအပ်တဲ့ကျင့်ဝတ်၊ စည်းမျဉ်းတွေကို ထည့်စဉ်းစား လုပ်ဆောင်ဖြစ်လိမ့်မယ်။ လူ့ကျင့်ဝတ်ကို အခြေခိုင်ခိုင် သိကျွမ်းနားလည်စေအောင် မသင်ကြားပေးဘူးဆိုရင် ဒီဆရာဟာ သင်ကြားရေးမှာ လစ်ဟာတဲ့သူ ဖြစ်နေပါပြီ။

လူ့ကျင့်ဝတ်တရားကို ကက်သလစ်အသင်းတော်ရဲ့ ကမ္ဘာလုံးဆိုင်ရာ တက္ကသိုလ်များအဖွဲ့ချုပ်မှာ မရှိမဖြစ် အလေးထားတာကြောင့် နိုင်ငံတကာမှာ စည်းလုံးပြီးအောင်မြင်တဲ့ ပညာရေးအဖွဲ့အစည်းအဖြစ် ရပ်တည်နေတာဖြစ်ပါတယ်။ ဒါကိုပိုမြှင့်တင်ဖို့ကတော့ လူပုဂ္ဂိုလ်၊ လူမျိုးနွယ်တို့ရဲ့ ဓလေ့ကျင့်ဝတ်တွေကို လေးစားတန်ဖိုးထားတဲ့ ဘုံကျင့်ဝတ် စိတ်ထားကို ထားရှိဖို့လိုအပ်မယ်။ တက္ကသိုလ်အဖွဲ့ဝင် တစ်ဦးစီကသာ အခြားသူတစ်ပါးပေါ်မှာ လူပုဂ္ဂိုလ်အရှိအတိုင်းစိတ်ဝင်စားပြီး သူ့ရဲ့ နေထိုင်ကြီးပြင်းလာတဲ့ ဝန်းကျင်၊ ဓလေ့ယဉ်ကျေးမှုကအစ တန်ဖိုးထား သတိပြုမိတတ်တဲ့ အကျင့်ကို လုပ်ယူကြဖို့ ကောင်းပါတယ်။ ဒီလိုလုပ်ခြင်းဟာ သက်ရှိကမ္ဘာနဲ့ သဘာဝဝန်းကျင်အချင်းချင်း မှန်ကန်အကျိုးရှိစွာ သဟဇာတရှိရှိ၊ ချိပ်ဆက်နေထိုင်နိုင်ဖို့ စနစ်တစ်ခုရရှိစေပါမယ်။ ecosystems လို့ပြောရမှာပေါ့။

သင်ကြားသွန်သင်သူ ဆရာတွေအနေနဲ့ ဒီပန်းတိုင်ရောက်ရအောင် ဦးတည်ထားဖို့လိုတယ်။ ကျောင်းသားတွေရဲ့အချင်းချင်းယှဉ်တွဲပြီး အတူတကွ လက်တွေ့လုပ်ဆောင်မှုတွေမှာ သူတို့ရဲ့ ဦးနှောက်၊ စိတ်နှလုံး၊ အသိတရား ဒါတွေအားလုံးအသုံးပြုပြီးပါဝင်တတ်ဖို့ လေ့ကျင့်ပေးပါ။ လေ့လာသင်ယူခြင်းအားလုံးရဲ့ အသီးအပွင့်ဟာ လူသားထုအကျိုးအတွက်ရှေ့ရှုဖို့ဖြစ်ရပါမယ်။

ကက်သလစ် အသင်းတော်ရဲ့ ကမ္ဘာလုံးဆိုင်ရာ ကက်သလစ်တက္ကသိုလ်များ အဖွဲ့ချုပ်ရဲ့ ကိုးစားရာ ရဟန္တာ John Henry Newman ပြောတဲ့ (အမိအသင်းတော်ကြီးက ဘယ်အသိပညာကိုမှ မပစ်ပယ်ပဲ သန့်စင်ပြီးယူပါတယ်၊ သဘာဝရဲ့ ဘယ်သဘောတရားကိုမှ မဆုံးဖြတ်၊ မကန့်သတ်ဘဲ အားလုံးကို ပြုစုပျိုးထောင်ယူပါတယ်) လို့ဆိုတဲ့ အမှာစကားနဲ့ကျွန်ုပ်ရဲ့မိန့်ခွန်းကို အဆုံးသတ်ချင်ပါတယ်"ဟု ရဟန်းမင်းကြီး ဖရန်စစ်မှ သူ၏သြဒါဒတွင်ကောက်နုတ်ပြောကြားသွားသည်။

Vatican News

ဘာသာပြန် - စစ္စတာဒဲနစ်ဂျာတောင် (SJA)

CBCM-OSC

# မိသားစုသည် လက်ဆောင်မွန်ဖြစ်သည် ဝန်ထုတ် မဟုတ်ပါ



ဖိလစ်ပိုင်နိုင်ငံမှ နာမည်ကြီး လုသည့် ကာဒီနယ် Luis Antonio Tagle မှ "မိသားစုသည် ဘုရားပေး လက်ဆောင်" 'Family is a Gift Conference' အစီအစဉ်တွင် အောက်တိုဘာ ၂၉ ရက်နေ့က ပြောကြားခြင်းဖြစ်သည်။

ကာဒီနယ် Tagle က မိသားစုများဟူသည်မှာ သူတို့အတွင်း၌ ခက်ခဲမှု၊ ပင်ပန်းရှန်းကုန်ရမှုများ ရှောင်မြမ်း နေသော်ငြားလည်း လုပတန်ဖိုးကြီးသော ဘုရားသခင်၏ လက်ဆောင်မွန် ဖြစ်သည်ဟု အမွှမ်းတင်ကြောင်း ဖိလစ်ပိုင်နိုင်ငံ ဆရာတော်ကြီးများ ရုံးချုပ်ဆိုင်ရာ သတင်းစာစောင်ဖြစ်သည့် CBCP News မှထုတ်ပြန်ဖော်ပြလိုက်သည်။

၎င်းညီလာခံတွင် ကာဒီနယ်က လူအချို့တို့သည် မိသားစုဘဝကိုလက်ဆောင်မွန်ဟု မမြင်နိုင်ဘဲ ဝန်ထုတ်ဝန်ပိုးဟုခံယူ၊ ထင်မြင်သောကြောင့် လက်ထပ်ထိမ်းမြားခြင်းကို မထေမဲ့မြင်ပြုနေကြသည်ဟု စိတ်မကောင်းစွာ ပြောကြားသတိပေးခဲ့သည်။

မိသားစု အိမ်ထောင်ဘဝတွင် စိန်ခေါ်မှု အခက်အခဲများ ရှိနေမည်အမှန်ဖြစ်သော်လည်း ကမ္ဘာ့လူသား မိသားစုစီမံကိန်းအတွက် ဘုရားသခင်၏ လုပ်ဆောင်မှုများကို ထပ်ခါ ထပ်ခါ ထိကိုင်မြင်တွေ့နိုင်စေရန် လူသားတို့အတွက် ထားရှိသည့် လက်ဆောင်မွန်ပင်ဖြစ်သည်။ ထို့ကြောင့် မည်မျှပင် လေးလံခက်ခဲနေပါစေ၊ ထိုမိသားစုဟူသည်ကို တာဝန်နှင့် အခွင့်အရေးရော၍ ထုတ်ပိုးပေးအပ်လာသော ဘုရားပေးလက်ဆောင်ဟု ခံယူကာ ပွေ့ပိုက်ကြရန်လည်း တိုက်တွန်းသည်။

မိသားစုများအတွင်း မလွဲမသွေရှိနေတတ်သည့် မိသားစုဝင်တို့၏ မပြည့်စုံမှုနှင့် ချွတ်ယွင်းချက် သဘောမတိုက်ဆိုင်မှုများကိုလည်း အရှိအတိုင်း လက်ခံသည်းခံကြခြင်းဖြင့် မိသားစုဟူသည် ဘုရားပေးလက်ဆောင်ဟုပြည့်ပြည့်ဝဝခံယူရာရောက်ပေသည်။

ထို့အပြင် မိသားစုဟူသည် ငယ်ရွယ်သူလူငယ်များ၏ ဘဝကိုလည်း အထူးလွှမ်းမိုးထားသောကြောင့် မိသားစုများဟူသည်မှာ လူငယ်များအပေါ် အထူးတာဝန်ရှိသူများလည်းဖြစ်သည်။ ဤတာဝန်ကို ဝတ္တရားအရမျှသာမဟုတ်ဘဲ မိမိတို့ထမ်းဆောင်ရန် ဘုရားခွဲဝေပေးလာသည့် လုပ်ဆောင်ရန်တာဝန်အဖြစ် ခံယူကြရမည်။

"မိသားစုသည်ဘုရားပေးလက်ဆောင်" ဟူသည့် အကြောင်းအရာနှင့် လှုံ့ဆော်ဟောပြောသည့် ယခုအစီအစဉ်သည်မိသားစုဘဝများကို ကာကွယ်ရန်၊ ဝိုင်းဝန်းကူညီရန်ရည်ရွယ်ချက်ဖြင့် "ခရစ်တော်အတွက် ဇနီးမောင်နှံများအဖွဲ့အစည်း" (the Couples for Christ)မှ ဦးဆောင်ပါဝင်လှုပ်ရှားခဲ့ကြခြင်းဖြစ်သည်။

Zenit News

ဘာသာပြန် - စစ္စတာဒဲနစ် ဂျာတောင် (SJA)

CBCM-OSC

# သစ်တောပြုန်းတီးမှုကို ရင်ဆိုင်ဖြေရှင်းနေရသော ကင်မရွန်း ကက်သလစ် အသင်းတော်

ကင်မရွန်နိုင်ငံလုံးဆိုင်ရာ ကက်သလစ် ဆရာတော်ကြီးများ အဖွဲ့ချုပ် ဥက္ကဌ ဆရာတော်ကြီး Abraham BoualoKome က "ထရပ်ကားအစီးပေါင်းမြောက်မြားစွာပေါ်မှာကြီးမားတဲ့သစ်လုံးတွေအပြည့်သယ်ထုတ်သွားနေတာကို ကြည့်ရုံနဲ့ သစ်တောတွေ ပြုန်းတီးနေပြီဆိုတာ ရှင်းရှင်းလေး သိမြင်ရပါတယ်" ဟုအာမေဋိတ်ဆီးနိတ် အစည်းအဝေးကြီးအပြီး မှတ်ချက်ချလိုက်သည်။

ကင်မရွန် ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်၏ ဥက္ကဌဖြစ်၍၊ ကွန်ဂို ချိုင့်ဝှမ်း ဒေသအတွင်း အသင်းတော်ဆိုင်ရာ ဆက်နွယ်ထားသော အသင်း (REBAC) ၏ အဖွဲ့ဝင်လည်း ဖြစ်သည့် ဆရာတော်ကြီး Abraham BoualoKome က သဘာဝကို ဖျက်စီး ခြင်းသည် ဖန်ဆင်းရှင် ဘုရားသခင်အား စော်ကားခြင်းဖြစ်သည်ဟု ပြောဆိုလိုက်သည်။

သဘာဝတောတောင်နှင့် သယံဇာတများကို မဆင်မခြင်၊ မညှာမတာအမြတ်ထုတ်ဖော်ယူနေကြသည်မှာ အာဖရိကကြီးကို ဖျက်ဆီးနေခြင်းဖြစ်ပြီး၊ လက်နက်ကိုင်ပဋိပက္ခများပေါ်ပေါက် လာစေသည့် အပြင် လေထု၊ ရေထုညစ်ညမ်းလာစေကာ မြေပြိုခြင်းများ အဆက်မပြတ်ဖြစ်လာနေစေသည်ဟု ဆရာတော်ကြီးက စိတ်ထိခိုက်လျက်ပြောဆိုခဲ့သည်။ ဒေသခံများအနေနှင့် ၎င်းတို့၏ နေထိုင်ကျက်စားရာ နယ်မြေများ ဖျက်စီးခံရပြီး၊ ထိုနယ်များမှ သယံဇာတများ၏ အကျိုးအမြတ်ကိုလည်း စိုးစိမျှပင် ခံစားခွင့် မရရှိကြသည်က များပေသည်။ အများအားဖြင့် ထိုဒေသခံ တိုင်းရင်းသားများမှာ သူတို့နယ်မြေ ပြုန်းတီးပျက်စီးခြင်း ဒဏ်၏ နောက်ဆက်တွဲ ဆိုးကျိုးအဖြစ် ဆင်းရဲမွဲတေမှုဒဏ်တို့ကို စုပုံ ခံစားနေကြရသည်မှာမတရားသည် သာမက ဝမ်းနည်းစရာပင်ဖြစ်သည်။ ဤအခြေအနေကို နိုင်ငံရေးခေါင်းဆောင်များ၊ အစိုးရ အာဏာရှိသူများ၊ အာဖရိက ခရစ်ယာန်အသင်းတော် စသည်တို့ အတူပူးပေါင်းဖြေရှင်းပါက ရလဒ်ကောင်းများ ထွက်လာနိုင်သည်ဟု ဆရာတော်ကြီးက ထောက်ပြထားသည်။ ဖော်ပြပါ တာဝန်ရှိသူအပေါင်းတို့အနေဖြင့် နိုင်ငံသားများ၊ အထူးသဖြင့်ကလေးငယ်များအား ဒေသန္တရဆိုင်ရာပညာပေးခြင်းနှင့် ကျွန်ုပ်တို့ ဘုံကမ္ဘာမြေကို ကာကွယ်စောင့်ရှောက်လိုသည့် အသိတရားများ အမြင်ဖွင့် သင်ကြားပေးရန် အရေးပေါ် ဝတ္တရား ဖြစ်နေပြီ ဟု ထောက်ပြလိုက်သည်။




"ကင်မရွန်မှာ နိုင်ငံသားကောင်းပီသဖို့၊ တာဝန်ယူတတ်ကြဖို့ ထုတ်ပြန်ချက်တွေ သွန်သင်ချက်တွေရှိပါတယ်။ နောက်ပြီးသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုဆိုင်ရာတွေကို အတော်လေး အကျယ်တဝင့်ပြောဆို လှုပ်ရှား တာတွေလည်းရှိပါတယ်။ ဒီတော့ လူငယ်တွေ ငယ်သေးတဲ့ကလေးအရွယ်က စပြီးသဘာဝ ဝန်းကျင်နဲ့ ဘုံကမ္ဘာကြီးကိုကာကွယ်စောင့်ရှောက်ရေးမှာ စိတ်ဝင်စားကြစေလိုတယ်" ဟုဆိုသည်။

စက်ရုံ စွန့်ပစ်ပစ္စည်း ပြဿနာများနှင့်ပတ်သက်၍ ဥပဒေ ပြုနိုင်ရေးအတွက်လည်း နိုင်ငံတကာ၏ ဖိအားပါဝင် လာရန် စည်းရုံးရမည်ဟုလည်း ဆရာတော်ကြီးက ပြောကြားခဲ့သည်။

"စက်ရုံ စွန့်ပစ်အမှိုက်နဲ့ ပတ်သက်ပြီးအသင်းတော်က ချထားပေးတဲ့ စည်းမျဉ်းတွေလည်း ရှိပါတယ်။ ချထားတဲ့ဥပဒေ ဆိုတာတွေကို လေးစားလိုက်နာဖို့ပဲလိုအပ်နေတာပါ။ ဒါပေမယ့်စည်းမျဉ်းဥပဒေဆိုတာမျိုးကလည်း လူတိုင်း အမြဲအတိအကျ လိုက်ဖို့ကမလွယ်ပြန်ဘူး။ အထူးသဖြင့် နိုင်ငံတကာဖက်စပ်ကုမ္ပဏီ စက်ရုံကြီးတွေ၊ သတ္တုတူးဖော် တွင်း ကြီး တွေ နဲ့ ပတ် သ က် လာ ရင် ကိုင်တွယ်ဖို့ ခက်ခဲရှုပ်ထွေးမှုတွေ ရှိတာပေါ့။ သူတို့လုပ်ငန်းကိုရှေ့ကနေ အခိုင်အမာကာကွယ် ပေးနိုင်မယ့် အင်အားကြီးသူတွေ၊ အာဏာရှိသူတွေကို အပိုင်သိမ်းသွင်းထားတတ်ကြတယ်လေ။ ဒါ့အပြင် သူတို့ကြောင့် ထိခိုက်နစ်နာမှု ဖြစ်သွားတဲ့ ကိစ္စတွေကိုလည်း ငွေအင်အားနဲ့ ဖြေရှင်း၊ ဖုံးအုပ်ပစ်တာတွေ့တဲ့အခါမျိုးမှာ အားလျော့ပြီး၊ အကူအညီမဲ့သလိုမျိုး ခံစားကြရတယ်။ ဒီတော့ ကျွန်ုပ်တို့ အသင်းတော်ကြီးနဲ့ အရပ်ဖက်အဖွဲ့အစည်းတွေ လုပ်သင့်တာ၊ လုပ်နိုင်တာကအင်အားကြီးသူတွေ၊ အဆင့်မြင့်လုပ်ပိုင်ခွင့်အာဏာကိုင်ထားသူတွေကို လက်ရှိကြုံနေကြရတဲ့ ဒီပြဿနာကြီးတွေအပေါ်မှာသတိ ထားမိလာအောင် စည်းရုံးဖို့ပါပဲ။ အထူးသဖြင့် နိုင်ငံတကာအဖွဲ့အစည်းကြီးတွေကနေပါဝင်ဖိအားပေးလာဖို့လုပ်ဆောင်ရပါမယ်"ဟုတိုက်တွန်းပြောဆိုခဲ့သည်။

Vatican News

ဘာသာပြန် - စစ္စတာဒဲနစ်ဂျာတောင် (SJA)

CBCM-OSC

# ချီလီနိုင်ငံမှကက်သလစ်ဘုရားကျောင်းအချို့ဖျက်ဆီးခံရခြင်းနှင့် ဆရာတော်အဖွဲ့ချုပ်မှစာထုတ်ပြန်ခြင်း

နိုဝင်ဘာ လ ၈ ရက်နေ့က လူ ၇၅၀၀၀ ခန့်သည် ချီလီနိုင်ငံ Santiago မြို့မှ Assumption ဘုရားကျောင်းအနီးရှိ ရင်ပြင်ကွက်လပ်တွင် စုရုံး၍ လက်ရှိသမ္မတ Sebastian Piñera အား ဆန့်ကျင်ဆန္ဒပြခဲ့ကြရင်း မကျေနပ်မှုပြင်းထန်လာကာ အနီးဆုံးရှိ ဘုရားကျောင်းကိုဝင်ရောက်ဖျက်ဆီးခဲ့ကြခြင်းဖြစ်သည်။အုံကြွနေသောလူအုပ်ကြီးသည် ထို Assumption ဘုရားကျောင်းအထဲရှိ ခုံတန်းများ၊ ဆင်းတုများနှင့် ဘုရားကျောင်း ပစ္စည်းအားလုံးကို ရိုက်ချိုးကြပြီး အချို့ကို အပြင်သို့ဆွဲထုတ်လျက် မီးရှို့ခဲ့ကြသည်။

အထက်ပါ Assumption ဘုရားကျောင်းကို အကြမ်းဖက် ဖျက်ဆီးခံရပြီး နောက် ၂ ရက်အကြာတွင် ထပ်မံ ဖျက်ဆီးခံရသည်မှာ Talca မြို့မှ Mary Help of Christians ဘုရားကျောင်းဖြစ်သည်။

ချီလီနိုင်ငံ Talca တွင်၊ မြို့လယ်၌ အလွန်လှပပြီး ထင်ပေါ်ကျော်ကြားသော ကက်သလစ်ဘုရားကျောင်းဖြစ်သည့်ခရစ်ယာန်တို့အား မိုင်းမသောသခင်မ (Mary Help of Christians ) ဘုရားကျောင်းကြီး



သည် ထိတ်လန့်ဝမ်းနည်းဖွယ် ပျက်စီးသွားသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ အကြောင်းမှာ နိုဝင်ဘာ ၁၁ ရက်နေ့က မျက်နှာဖုံးစွပ်ထားသည့် အမျိုးသားတစ်စုမှ ရုတ်တရက် ဝင်ရောက်လာပြီး ဘုရားကျောင်း တစ်ကျောင်းလုံးကို မွှေနှောက်လှန်လှောကာ၊ ဆင်းတုများ၊ ဆေးပန်းချီ ပုံတော်များ၊ ဘုရားကျောင်း အသုံးအဆောင်များဘာမျှမကျန်အောင်အပြင်သို့ ဆွဲထုတ်၍ချိုးဖျက်၊ ရိုက်ခွဲ၊ မီးရှို့စသဖြင့်ပြုလုပ်ကာ အဖတ်ဆယ်စရာမရှိအောင် ဖျက်ဆီးသွားခဲ့ကြသည်ကို CCTV မှ ရှင်းလင်းစွာတွေ့ရသည်။

အကြမ်းဖက် သမားများ၏ လုပ်ဆောင်ပုံမှာ ဘုရားကျောင်းထဲမှ ခုံတန်းရှည်ထိုင်ခုံများကို အရင်ဆုံးဆွဲထုတ်ပြီး လမ်းများပေါ်တွင် အကာအရံအဖြစ် အခိုင်အမာ ပိတ်ဆို့ချထားလိုက်ကြသည်။ အပြင်မှလာရောက်ကယ်ဆယ်၊ ကူညီမှုကို တားဆီးရန်ဖြစ်သည်။ ထို့နောက် သူတို့စိတ်တိုင်းကျ ဖျက်ဆီးရေးကို အားပါးတရလုပ်ဆောင်ခဲ့ကြကြောင်း တွေ့ရှိရသည်။

ဤဝမ်းနည်းဖွယ် ဖြစ်ရပ်ကြီး အတွက် ထိုဘုရားကျောင်းထဲတွင်ပင် နိုဝင်ဘာ ၁၂ ရက်နေ့က စုပေါင်းမစ္ဆားတရား ပူဇော်ကာ ချီလီနိုင်ငံသားများ၏ အနာဂတ်တွင်တရားမျှတရေး၊ ငြိမ်းချမ်းရေး၊ အကြမ်းဖက်မှုများမှ လွတ်မြောက်ရေး၊ အထူးသဖြင့် ဘာသာဝင်များ မြတ်နိုး တန်ဖိုးထားသော ဘုရား ကျောင်းဆောင် ဗိမာန်များအားထိခိုက်၊ အသရေပျက်စေသည့် အကြမ်းဖက်မှု

စာမျက်နှာ ၆ သို့

# ရဟန်းမင်းကြီးသက်တော်စောင့်တာဝန်အပြီး ဖရန်ချီဂေနားလမ်းဖြင့် ခြေလျင် အပြန်ခရီးနှင်သူ

ရဟန်းမင်းကြီးသက်တော်စောင့် တာဝန်ကို ၃ နှစ်တာ ထမ်းဆောင်ပြည့် မြောက်ခဲ့ပြီးဖြစ်သည့် ဆွစ်ဇလူမျိုး၊ အသက် ၂၆ နှစ်အရွယ် Vincent Perritaz သည် ဝမ်းမြောက်အားရခြင်းအပြည့်နှင့် ဆွစ်ဇလန်နိုင်ငံ သူ၏ဇာတိမြို့ Fribourg ဆီသို့ ဖရန်ချီဂေနားခြေလျင်ခရီးလမ်းဖြင့် ၃၇- ရက်တာ ဘုရားဖူးခရီးလမ်းလျှောက်ရင်း အိမ်ပြန်ခရီးနှင်ခဲ့သည်။ ဤရောမသို့ လာစဉ်တုန်းကလည်း ယခုလမ်းအတိုင်း ဘုရားဖူးခြေလျင်ခရီးဖြင့် ရောက်လာခဲ့သူဖြစ်ကာ အပြန်ခရီးကိုလည်း ရည်ရွယ်ချက်ရှိရှိနှင့်ပင် ဖရန်ချီဂေနားခြေလျင်ခရီးလမ်းဖြင့်ပြန်ရန် စီစဉ်ခဲ့သည်။ ဖရန်ချီဂေနားဟူသည်မှာရှေးဟောင်းကတည်းက ယခုတိုင်ခြေလျင်ဘုရားဖူးခရီးပြုကြသည့်လမ်းဖြစ်သည်။ ထိုခြေလျင်ဘုရာဖူးခရီးလမ်းအားဖြင့်လည်း သူ၏ဝိညာဉ်ပိုင်းဆိုင်ရာနှင့်စိတ်ပိုင်းဆိုင်ရာကိုများစွာပြောင်းလဲစေရန် အထောက်အကူဖြစ်သည်ဟု သူဝန်ခံခဲ့သည်။

အမှန်မှာ သူ၏နိုင်ငံမှ ရောမသို့ လေယာဉ်ဖြင့်သွားလျှင် နာရီအနည်းငယ်သာ စီးရမည်ဖြစ်သည်။ ရဟန်းမင်းကြီးသက်တော်စောင့်ဟူသည့် လေးနက်သော တာဝန်ကို ထမ်းဆောင်ရမည်ဖြစ်၍ မိမိကိုယ်၊ စိတ်၊ ဝိညာဉ်ကိုပြင်ဆင်ခြင်း သဘောဖြင့် ယခုကဲ့သို့ ခြေလျင်ခရီး နှင်လာခဲ့သူဖြစ်သည်။



Vincent က သူ့အတွေ့အကြုံကို ပြန်ပြောသည်မှာ "ကျွန်တော်ဒီလို ခြေလျင်လမ်းလျှောက်ပြီး အိမ်ပြန်တာဟာ ကိုယ့်ကိုယ်ကို ကုသမှုခံယူခြင်းမျိုးပါပဲ၊ အရမ်းအကျိုးရှိပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော့အတွက် ပုပ်ရဟန်းမင်းကြီးအနားကနေ စွန့်ခွါဖို့၊ သက်တော်စောင့်တာဝန်၊ ရောမန့်ဗာတီကန် ဒါတွေထားခဲ့ပြီး ထွက်လာဖို့ စိတ်ထဲက ခက်ခဲနေခဲ့တာပါ။ တစ်နေ့ကျရင် ကျွန်တော်ဘယ်လိုလုပ် ဒီနေရာကနေ ရုတ်တရက် စွန့်ခွါနိုင်ပါ့မလဲဆိုပြီး တွေးပူနေမိခဲ့ပါတယ်။ ဒါပေမယ့် ဒီလိုရက်ပေါင်းများစွာကြာတဲ့ ခြေလျင်ခရီးအတွင်းမှာ ကျွန်တော့ရဲ့ ၃ နှစ်တာ အတွေ့အကြုံတွေကို ပြန်လည်ပြီး စမြုံ့ပြန်သုံးသပ်ခွင့်၊ ခံစားကြည့်ခွင့်ရခဲ့တယ်။ ကျွန်တော်အရမ်းကြီးမားတဲ့ အရာတစ်ခုကို လုပ်ဆောင်နိုင်ခဲ့တာပဲလို့ ခံစားရတယ်၊ အစက ကျွန်တော်အရမ်းစိတ်ပူခဲ့တာ၊ လုပ်နိုင်ပါ့မလားလို့လည်း တွေဝေခဲ့သေးတယ် နောက်တော့ ဘုရားသခင်ပေါ်မှာပဲပုံအပ်ပြီး သွားလိုက်တာ။ ကျွန်တော်အဲဒီမှာနေခဲ့တဲ့ အချိန်တွေကို အရမ်းတန်ဖိုးထားမိပါတယ်၊ ကျေလည်း ကျေနပ်မိပါတယ်။ အခု သွားရတော့မယ်ဆိုတော့ ဝမ်းနည်းနေပေမယ့် တစ်ဖက်ကလည်း ကိုယ့်အိမ်ပြန်ရမှာကိုပျော်ပါတယ်၊ အိမ်ကိုလည်း လွမ်းနေပြီလေ။

ကရာကောင်းမြို့ (Krakow)ကမ္ဘာ့လူငယ်များနေ့မှာ ပုပ်ရဟန်းမင်းကြီးဖရန်စစ်ပြောသွားတဲ့ (လူငယ်တို့ သခင်ခရစ်တော်နောက်လိုက်ဖို့ဆိုတာ သတ္တိတွေတစ်ပုံကြီးလိုတယ်နော်၊ သင်တို့ရဲ့သက်တောင့်သက်သာနေထိုင်မှုပုံစံတွေကိုလည်း ပြောင်းလဲပစ်ဖို့ ဆုံးဖြတ်ရဲရလိမ့်မယ်) ဆိုတဲ့ ရဟန်းမင်းကြီး ဖရန်စစ်ရဲ့စကားကလည်း ကျွန်တော့ကို တွေးစရာတွေပေးပါတယ်၊ သူ့ရဲ့ စိန်ခေါ် တိုက်တွန်းစကားကို လက်တွေ့လိုက်လုပ်ဖြစ်တာလို့လည်း ခံစားမိတယ်" ဟုဆိုသည်။ အပြန်လမ်းတစ်လျှောက်တွေ့ကြုံရသော ဘုရားရှင်၏ကူညီစောင်မမှုများကို ပြန်ပြောပြသည်မှာ ထိုဘုရားဖူးလမ်းသည် ဝဲ၊ယာ တစ်လျှောက်တွင် ခရီးသွားများအတွက်လုံလောက်သော အကူအညီ အချက်အလက်ပေးသည့် လမ်းညွှန်ဆိုင်းဘုတ် စာသားများ ထားရှိပေးသော လမ်းဖြစ်သည်။ သို့နှင့် ခရီးသွားတိုင်းသည်လည်း ထိုလမ်းညွှန်ချက်အတိုင်း ကြည့်ကာ မိမိတို့နားနေမည့်၊ ညအိပ်မည့်၊ အစာစားမည့်နေရာတို့ကိုကြိုတင်မှာကြားကာ စီစဉ်ထားလျက်ခရီးဆက်ကြစမြဲဖြစ်သည်။ ထိုသို့ ကြိုတင်မစီစဉ်ထားလျှင် တည်းခို၊ နားနေမည့်နေရာအခက်အခဲများရှိသည်။ အသိဆွေမျိုးအိမ်မရှိ၊ စားသောက်ဆိုင်များစွာ မရှိသည့်တောလမ်းခရီးရှည်ကြီးတွင် စားသောက်၊ တည်း

---

စာမျက်နှာ ၅ မှ

များမှ လွတ်မြောက်နိုင်ကြစေရေး အတွက် ဘုရား သခင်ထံ တောင်းလျှောက်ခဲ့ကြသည်။

၎င်း Talca မြို့သည် ချီလီနိုင်ငံ၏ အချက်အချာကျသော မြို့ဖြစ်ကာ လူဦးရေ နှစ်သိန်း၊ ငါးသောင်းခန့် နေထိုင်သည်။ ယခုဖျက်ဆီးခံရသော Mary Help of Christians ဘုရားကျောင်းသည် ဘာသာဝင်များ သဒ္ဓါကြည်ညိုခြင်း ကြီးစွာ ဆုတောင်းကြသည့်နေရာ ဖြစ်သည့်အပြင် ဆလေးရှင်း (Salesians)အသင်းဂိုဏ်းမှ ဦးစီး၍ လူငယ်များအတွက် သက်မွေးဝမ်းကြောင်း သင်တန်း ကျောင်းများ အခိုင်အမာ ဖွင့်လှစ်ပေးလျက် အကျိုးပြုနေသောကြောင့် ဆလေးရှင်းအသင်းဂိုဏ်းအား အသိအမှတ်ပြု လေးစားခံရသည့် နေရာလည်းဖြစ်သည်။

ဤနေရာဗိမာန်သည် အပြစ်မဲ့သန္ဓေယူသော သခင်မအား အပ်နှံထားပြီး ရှေး အစဉ်အဆက်ကပင် အမိမယ်တော်အား သဒ္ဓါကြည်ညိုခြင်း ကြီးမားသူများ စုဝေးဆုတောင်းလေ့ရှိသည့် နေရာဖြစ်ကာ၊ ၁၈၈၈ ခုနှစ်အထိအ သက်ရှင်ခဲ့သော ရဟန္တာ ဒွန်ဘောစကို ကိုယ်တိုင် နောက်ဆုံးဖွင့်လှစ်ခဲ့သည့် ဆလေးရှင်းအသင်းဂိုဏ်း၏ နေရာတစ်ခုလည်းဖြစ်သည်။ သို့ဖြစ်၍ ဤအကြမ်းဖက်တိုက် ခိုက်မှုသည် ဆလေးရှင်း မိသားစုကိုလည်း များစွာထိခိုက် နစ်နာစေသည်။

ချီလီနိုင်ငံတွင် လက်ရှိ ပြည်သူတို့ တရားမျှတမှုနှင့် အခွင့်အရေးအချို့တောင်းဆို ဆန္ဒပြခြင်းများ လုပ်နေသည့် ကာလဖြစ်သော်လည်းယခုဘုရားကျောင်းဖျက်ဆီးခံရခြင်းမှာ ၎င်းလှုပ်ရှားမှုနှင့် ဆက်နွယ် ပတ်သက်မှု မရှိပေ။

ချီလီနိုင်ငံဆိုင်ရာ ဆလေးရှင်း အသင်းဂိုဏ်း၏ အကြီးအကဲဖြစ်သူ Fr. Carlos Lira က "လူမဆန် ရက်စက်ရမ်းကားတဲ့ ဒီလုပ်ရပ်ကို ပြင်းပြင်းထန်ထန် ရှုတ်ချတယ်၊ နောက်ပြီး ငြိမ်းချမ်းခြင်း၊ အပြန်အလှန်ဆွေးနွေးခြင်းနဲ့ လေးစားမှုရှိသော နည်းလမ်းများသုံးပြီး မိမိတို့လိုချင်တဲ့ တရားဝင်တောင်းဆိုမှုများပြုကြပါလို့ ချီလီနိုင်ငံသားများကိုပြောလိုပါတယ်။ ဆလေးရှင်း မိသားစုကို လည်း နိုင်ငံအတွက် အပြင်းအထန် ဆုတောင်း ကြဖို့နဲ့ ဒီမြေဒေသအတွက် ညီရင်းအစ်ကို စိတ်ဓါတ်ထားပြီး ပေးဆပ်ဆက်ကပ်မှု ပိုမို လုပ်ဆောင်နိုင်ဖို့ ဆက်လက်ကြိုးပမ်းအားထုတ်သွားကြပါစို့လို့ တိုက်တွန်းပါတယ်" ဟု ပြောဆိုခဲ့သည်။

### ချီလီ ဆရာတော်အဖွဲ့ချုပ်မှ ဘုရားကျောင်းများအား ဖျက်ဆီးသည့်အကြမ်းဖက်လုပ်ရပ်ကို ပြင်းထန်ရှုတ်ချလိုက်ခြင်း

ချီလီနိုင်ငံ၏ ကက်သလစ် ဆရာတော်များ အဖွဲ့ချုပ်မှ ထုတ်ပြန်သော စာတွင် ဝတ်ပြုဆုတောင်းရာ နေရာများကို အကြမ်းဖက် တိုက်ခိုက်ဖျက်ဆီးနေမှုကို ရပ်တန့်ရန်နှင့် ဤသို့ပြုလုပ်ခြင်းခံနေရသော မြို့သူ၊ မြို့သားများနှင့် တစ်လုံးတစ်ဝတည်းရှိပါကြောင်း၊ အထူးသဖြင့် လွန်ခဲ့သည့် ရက်က ပထမဦးဆုံးအဖြစ် ဘုရားကျောင်းတိုက်ခိုက် ဖျက်ဆီးခံလိုက်ရသော Santiago ဂိုဏ်းချုပ် သာသနာနှင့်လည်း ထပ်တူထပ်မျှ ခံစားရပါကြောင်း၊ ဝတ်ပြုဆုတောင်းသော သန့်ရှင်းရာ နေရာဌာနများကို အကြမ်းဖက်တိုက်ခိုက်ခြင်းသည်ဘုရားကိုရင်း၊ ဘုရားကို ယုံကြည် ကိုးကွယ်သူများကိုရင်း မထီ မဲ့မြင်ပြုခြင်း ပင်ဖြစ်ကြောင်း၊ ဤသို့အကြမ်းဖက် လုပ်ဆောင် နေသူများကြောင့် ငြိမ်းချမ်းစွာ အဖြေရှာလိုသော ချီလီနိုင်ငံသား အများစု၏ အသံကို ကြားနိုင်ရန်နှင့် အဖြေရှာနိုင်ရန် အတားအဆီးဖြစ်စေသည်။ ဤ အကြမ်းဖက်မှုမတရားမှုနှင့်ဆက်စပ်သော အရာအားလုံးကို ချီလီနိုင်ငံ သားများနှင့် အတူ လုံးလုံးလျားလျားဆန့်ကျင်သည်။

တာဝန်ရှိ အစိုးရမှလည်း နိုင်ငံသားများ ငြိမ်းချမ်းစွာအတူယှဉ်တွဲ နေထိုင်နိုင်မည့် လမ်းစဉ်များကို ဒီမိုကရေစီ ဥပဒေနှင့်အညီ ဖော်ဆောင်ပေးပါရန် တောင်းဆိုလိုက်သည်။ ပြည်သူလူထုသည် မတရားမှုများကြောင့်သာ စိတ်ပမ်းနေသည်မဟုတ်၊ အကြမ်းဖက်မှုများကြောင့်လည်း စိတ်ပင်ပန်း နေကြပြီဖြစ်သည်။ ထို့ကြောင့် ချီလီနိုင်ငံသူ၊ နိုင်ငံသားများနှင့်အတူ လူထုအတွက် လိုအပ်သော အရာများအတွက် ဆွေးနွေးခြင်း အဖြေရှာခြင်းများ အမြန်ဆုံးအကောင်အထည် ဖော်ဆောင်ပေးရန် လိုလားစောင့်မျှော်လျက်ရှိကြောင်း ဖော်ထုတ်ကြေညာခဲ့သည်။

ချီလီနိုင်ငံတွင် သမ္မတအား ဆန့်ကျင် ဆန္ဒပြနေသည်မှာ ၂၄ ရက်ခန့် ရှိပြီဖြစ်သည်။ ကား၊ ရထား လက်မှတ်ဈေးများ ခုန်တက် သွားသည်။ အခင်း စတင်ဖြစ်ပွါးသည်မှာ ကျောင်းသားအချို့ ယာဉ်စီး လက်မှတ် မဝယ်ဘဲ စစ်ဆေးဂိတ်ကို ခုန်ကျော်ပြီး ဖြတ်ဝင်ရာမှ အချင်းများပြီး ဆူပူအုံကြွမှုအထိ ဖြစ်လာခဲ့၍ လူ ၂၀ ကျော် သေဆုံးကာ ၂၅၀၀ ခန့်ဒဏ်ရာရခဲ့သည်ဟု ချီလီကြက်ခြေနီအဖွဲ့က ထုတ်ပြန်ထားသည်။ ဆန္ဒပြသူများက နိုင်ငံ၏ ပညာရေး၊ ကျန်းမာရေး၊ ပင်စင်စနစ် စသည်များအပေါ် သမ္မတမှ လိုက်လျောရန် တောင်းဆိုနေခြင်းဖြစ်သည်။

ချီလီနိုင်ငံသည် လာတင် အမေရိက နိုင်ငံများတွင် အချမ်းသာဆုံး စာရင်း ဝင်သော်လည်း လူမှုရေးကဏ္ဍများ၌ တန်းတူညီမျှမှု မရှိဆုံး ဟုသုံးသပ်ခြင်း ခံရနေရသည့် နိုင်ငံဖြစ်သည်။

Vatican News

ဘာသာပြန် - စစ္စတာဒဲနစ်ဂျာတောင် (SJA)

CBCM-OSC

ခိုရန် ကြိုတင်စီစဉ်မှာကြားထားခြင်း မပြုပါက အလွန်ခက်ခဲမှု ကြုံရမည်သာဖြစ်သည်။ သို့သော် Vincent သည်ဘုရားရှင်စောင့်ရှောက် ကူညီသည့် အမှတ်တရအတွေ့အကြုံများတပွေ့ကြီး ရှိထားပေသည်။ သူ့အလာခရီးတုန်းက သူ့ကို တည်းခိုရန်ကူညီခဲ့သော သူစိမ်းဇနီးမောင်နှံသည် ၃ နှစ်ကြာပြီးနောက် ယခုအပြန်ခရီးတွင် တိုက်ဆိုင်စွာ ပြန်ကြုံဆုံ၍ အကူအညီ ပေးလိုက်ပြန်ပြီ။ Vincent အတွက်မူ လမ်းခရီးတစ်လျှောက်လုံးသည် ဘုရားရှင်၏ ဆောင်ရွက်ပေးမှုကို စောင့်ကြည့်သွားရင်း စိတ်လှုပ်ရှား၊ စိတ်ဝင်စားဖွယ် ကောင်းနေသည်ဟု သူဆိုသည်။ ထို့အပြင် မြင်တွေ့ရသော အီတလီမြေ၏ လှပလွန်းသော သဘာဝရှုခင်းများသည် သူ့အား ဖမ်းစားလျက်ရှိသည်။ ထိုသို့ကြားထဲမှ နွေရာသီ၏ ပူပြင်းသော နေရောင်ခြည်အောက်ခြေလျင် လျှောက်သွားချိန်၊ တောထူသော လမ်းများတွင် မက်၊ ခြင်တို့ ဝိုင်းကိုက်ခံသည်များကတော့ အတော်ခံရခက်သည့်ဒုက္ခဟု သူဆိုလေသည်။ နောက်ဆုံးတော့ Vincent တစ်ယောက် သူနယ်ကျွမ်းကျင်သည့် သူ့မိခင်နိုင်ငံနယ်နမိတ်သို့ ခြေချနိုင်ခဲ့ပြီဖြစ်သည်။

"လူတွေက ကိုယ်သွားရမယ့်ခရီးအကွာအဝေးကိုချိန်ပြီး ကိုယ့်ခရီးဆောင်အိတ်ကို ပြင်ဆင်ကြတာပဲ။ ကျွန်တော်တော့ စားစရာ၊ ရေနဲ့ အဝတ်အစားနည်းနည်းလေးပဲသယ်သွားတယ်၊ ဒါတွေနဲ့ ကမ္ဘာအဆုံးထိတောင်သွားနိုင်ပါတယ်။ သွားနေရင်းနဲ့ ငြီးငွေ့တဲ့၊ မောတဲ့ဒဏ် ခံနိုင်ချင်ရင်တော့ စိပ်ပုတီးနဲ့ သမ္မာကျမ်းစာအုပ် အသေးလေးဆောင်သွားပေါ့။ လမ်းလျှောက်ရင်းစိတ်ပုတီးစိပ်ဖို့က လွယ်တယ်လေ။ အထူးသဖြင့် စိတ်ဝင်စားစရာ သိပ်မရှိတဲ့ လမ်းတပိုက်တွေမှာပေါ့။ နောက်ပြီး ဘုရားဖူးခရီးသည်တွေကိုမှိုင်းမတဲ့ ရဟန္တာ Saint Rocco၊ ရဟန်းမင်းကြီး သက်တော်စောင့် Swiss Guardတွေကို မှိုင်းမတဲ့ ရဟန္တာ Martin နဲ့ Sebastian တို့ကို ကိုးစားရင်း ခရီးဆက်လို့ရတယ်လေ" ဟုဆိုထားသည်။ Vincent အတွက် ပေါ့ပါးတဲ့ သူ့ခရီးဆောင်အိတ်က ခရီးတွင်စေသော်လည်း သူ့ခြေထောက်နှစ်ဖက်က သူ့အား ခရီးစဉ်အတွင်း နှောင့်နှေးစေခဲ့သည်။ အကြောင်းမှာ ခြေတစ်ဖက်က ဆွစ်ဇ်လန်နိုင်ငံအိမ်သို့ပြန်ရန် တွန်းပို့နေပြီး နောက်ခြေတစ်ဖက်က ရောမဆီသို့နောက်ပြန်ဆွဲနေသည့် ခံစားချက်ကြောင့်ဖြစ်သည်။

နောက်ဆုံးတော့ သူ့ဇာတိမြို့Freiburg ကို ရောက်ရှိလာခဲ့ပါပြီ။ "ခရီးကပြန်ရောက်တော့ တစ်ယောက်ထဲအထီးတည်းဖြစ်နေသလို ခံစားရတယ်။ အဖော်တွေအများကြီးနဲ့ ခရီးသွားပြီး ပြန်ရောက်တော့ ကိုယ့်အိမ်ကိုယ်စီ ပြန်ကုန်လို့ ကိုယ်တစ်ယောက်ထဲ ကျန်ရစ်တဲ့ ခံစားချက်မျိုးပေါ့၊ အမှန်တော့ ကျွန်တော် ဘုရားသခင်ကို တမ်းတနေမိတာပါ။ ၆ ပတ်ကြာတဲ့ တစ်လမ်းလုံးဘုရားနဲ့ သူငယ်ချင်းတစ်ယောက်လိုမျိုး နီးနီးကပ်ကပ် ခရီးသွားရင်းအတူရှိနေခဲ့တာကြောင့်လေ။ ဒီခံစားချက်က ကျွန်တော့ကို ဘုရားရှင်ရဲ့လက်တော်ထဲ ကိုယ့်ကိုယ်ကို လုံးလုံးယုံကြည်ပုံအပ်ဖို့ ခွန်အားဖြစ်စေတယ်။ သင်တို့လည်း ဘုရားသခင်ကို အရမ်းခိုင်ခံ့တဲ့ကြိုးတစ်ချောင်းလို စိတ်ချပြီး ဆွဲကိုင်မှီခိုကြည့်လိုက်ပါလို့ ကျွန်တော်အကြံပြုချင်ပါတယ်" ဟုပြောခဲ့သည်။

Vincent၏ အကြိုက်ဆုံး ကျမ်းပိုဒ်မှာ "ယုံကြည်ခြင်းအားနည်းသူ အဘယ်ကြောင့်ယုံမှားသော စိတ်ဝင်သနည်း" (မာတေဦး ၁၄:၃၁) ဖြစ်ကာ သူ့ဘုရားဖူးခြေလျင်ခရီးစဉ် တစ်လျှောက်လုံးအတွက် ဆင်ခြင် အဖော်ပြုလာခဲ့သည့် ခရစ်တော်၏ စကားတော်ဖြစ်သည်။ သူ့စိတ်များ မြေကြီးထိ ကျဆင်းမိသည့်အချိန်၊ စိုးရိမ်ပူပန်မှုများ ကောင်းကင်ထိ ထိုးတက်သည့် အချိန်များတွင်လည်း ဤကျမ်းစကားက သူ့အားအရှုံးမပေးဘဲ၊ ပြန်ရုန်းထ လာနိုင်စေခဲ့သည်ဟု ဆိုသည်။

"ကျွန်တော်ပြန်ထပြီး ရှေ့ဆက်ဖို့ ခွန်အားနဲ့ ကျေးဇူးကို အမြဲရရှိခဲ့ပါတယ်။ ကျွန် တော့ယုံကြည်ခြင်းတွေ အများကြီးခိုင်မာလာခဲ့ပါပြီ၊ အနာဂတ်မှာလည်းကျွန်တော့ဘဝမှာ နစ်မြုပ်မယ့်အခြေအနေတွေကို ရင်ဆိုင်ရရင်တောင်မှ ဘုရားသခင်အပေါ် ယုံ



ကြည်စိတ်ချနိုင်တဲ့ မျှော်လင့်ချက်မျိုး ထားရှိနိုင်ပါပြီ"ဟုလည်းဆိုသည်။

Vincent ၏ ရောမပြန်ခရီးစဉ်မှာ ပြီးဆုံးခဲ့ပြီ ဖြစ်သော်လည်း ဘုရားသခင်နှင့်သူ့ဘဝတစ်လျှောက်ခရီး ကျန်နေသေးသည်ဟုဆိုသည်။ သက်တော်စောင့်တာဝန်၏သဘောသဘာဝကို ဆက်လက် ကိုင်စွဲထားရင်းမိမိ၏ ဝိညာဉ်သက်ကို ကာကွယ်စောင့်ရှောက်သွားရဦးမည်ဖြစ်သည်။"ကိုယ့်အိမ်ပြန်ရောက်တော့စိတ်အေးသွားပြီးခရီးလမ်းတစ်လျှောက်လုံး ဘုရားသခင်ဆီ ဖွင့်ထားတဲ့ ကျွန်တော့ နှလုံးသားတံခါးလည်း ပြန်ပိတ်ချင်လာသလိုလို ဖြစ်နေတယ်။ ဒါဟာစုံစမ်းနှောင့်ယှက်ခြင်း တစ်ခုပါပဲ။ ကျွန်တော် ဒါကိုဆန့်ကျင်တိုက်ခိုက်ခဲ့ပါတယ်။ ဘုရားသခင်ထံ အပြည့်အဝ ယုံကြည်အားကိုးပြီး အသက်ရှင်တဲ့ ခရစ်ယာန်တစ်ဦးအဖြစ် ဘဝခရီးဆက်သွားမှာပါ။ ကျွန်တော်တို့ဘဝကို ပြောင်းပြန် လှန်ပစ်နိုင်တဲ့အထိ ဖြစ်စရာ စိုးရိမ်ပူပန်မှုမျိုး တွေ့ကြုံရနိုင်ပေမယ့်၊ ကြောက်ရွံ့ခြင်းက အတားအဆီးမဖြစ်စေသင့်ပါဘူး။ လူတွေက ဘုရားကိုမသိကျွမ်းတာကြောင့် ကျောခိုင်းသွားနေကြတာပဲလို့ကျွန်တော်မြင်တယ်"ဟုဆိုကာ၊ ရဟန်းမင်းကြီး သက်တော်စောင့် တာဝန်ထမ်းဆောင်နေရစ်သည့် သူ၏အဖော် Swiss Guard များကိုလည်း " မင်းတို့တာဝန်ပြီးလို့ ကိုယ့်တိုင်းပြည်အပြန် ခြေလျင်ခရီးနဲ့ပြန်ဖို့ နည်းနည်းလေး စိတ်ကူးမိမယ်ဆိုရင် လုပ်ဖြစ်အောင်လုပ်ပါလို့ တိုက်တွန်းချင်တယ်။ သွားကြည့်ပါ၊ မခက်ပါဘူး။ ဗာတီကန်ရဲ့အထွက် Saint Anne ဂိတ်ရောက်ရင် ဘယ်ဖက်လှည့်ပြီး ဆက်သွားလိုက်ရုံပဲ။ အရေးကြီးတာက သင့်ခြေတစ်ဖက်ကို သေချာစလှမ်းဖြစ်အောင်လှမ်းလိုက်ဖို့ပဲလိုတာ၊ ကျန်တဲ့ခြေလှမ်းတွေ အလိုလို လိုက်လာလိမ့်မယ်။ ခရီးအစ၊ အဆုံးဆိုရင် သင်ဟာ ခြေလှမ်းပေါင်း တစ်သန်းခွဲလောက် လျှောက်ရမှာဆိုတော့ စဉ်းစားလိုက်ရင် တော်ရုံဖွဲ့မျိုးနဲ့တော့ စိတ်လျှော့ချင်စရာပါ။ အရေးကြီးတာက ပထမဆုံးခြေလှမ်းပဲ၊ စလှမ်းဖို့က အခက်ဆုံးလေ။ ပြီးရင် ကြုံလာ၊ ဖြစ်လာတာတွေအပေါ် စိတ်တည်တည်ငြိမ်ငြိမ် လက်ခံနိုင်ဖို့ထိန်းရတာလည်းမလွယ်ဘူး။ အထူးသဖြင့် ကိုယ်စီစဉ်ပြင်ဆင်ထားသလို မဖြစ်လာတဲ့အခါတွေမှာပေါ့၊ ဒါပေမယ့်အဲဒီလို ကိုယ့်အလိုအတိုင်း မဖြစ်လာဘူးဆိုရင် ဝမ်းသာတော့၊ သင်လမ်းမှန်ပေါ်ရောက်နေပြီ။ ဘုရားစီစဉ်၊ပြင်ဆင် လမ်းညွှန်ပေးတဲ့လိုင်းပေါ် သင်ရောက်နေပြီဖြစ်လို့ပဲ။ ကျွန်တော်တို့ရဲ့ လူသားမာန်ကို ဘေးဖယ်ထားဖို့ပဲလိုတာပါ။ ဒါဆိုရင် ဒီရောမခရီးသာမကဘဲ ကျွန်တော်တို့ရဲ့ ဘဝအသက်တာခရီးကိုလည်း တည်ငြိမ်စွာလျှောက်လှမ်း ခရီးဆက်သွားနိုင်ကြမှာပါ"ဟုယုံကြည်မှုအပြည့်ဖြင့်ပြောဆိုခဲ့ပါသည်။

Vatican News

ဘာသာပြန် - စစ္စတာ ဒဲနစ် ဂျာတောင် (SJA)

CBCM-OSC

# ငါတတ်နိုင်တယ် ဆိုတာထက် ငါတို့အတူ တတ်နိုင်တယ် လို့ ပြောကြဖို့ ပုပ်ရဟန်းမင်းကြီးတိုက်တွန်း

အသက် ၆ နှစ်မှ ၁၆ နှစ် အတွင်း ကျောင်းသားလူငယ်များ တွေ့ဆုံပွဲကို ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၂၆ ရက်မှ ၃၀ ရက်အထိ ရောမမြို့တွင် ကျင်းပလျက်ရှိရာ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် နိုဝင်ဘာ ၂၉ ရက်နေ့က ထိုတွေ့ဆုံပွဲတွင် ပါဝင်တက်ရောက်ကြသော လူငယ် ၃၅၀၀ တို့အား လက်ခံတွေ့ဆုံခဲ့သည်။ "ငါတတ်နိုင်တယ်" ဆိုသည့် ခေါင်းစဉ်ဖြင့် ပြုလုပ်သော ဤတွေ့ဆုံပွဲတွင် သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းရေးတွင် ကျောင်းသားကျောင်း သူများ၏ အခန်းကဏ္ဍကို ပါဝင်လှုပ်ရှားနိုင်ရေး စိမံကိန်းရေးဆွဲကြသည်။



ကျောင်းသားကျောင်းသူများအားလည်း "ငါတတ်နိုင်သည်" ထက် "ငါတို့အားလုံး အတူ တတ်နိုင်သည်" ဟု ဆောင်ပုဒ်ကို ဆိုကြရန် တိုက်တွန်းခဲ့သည်။ "အတူတူဆိုရင် ပိုပြီး လှပတယ် ပိုပြီး ထိရောက်ပါတယ်" ဟု မိန့်မှာခဲ့သည်။

ပုပ်ရဟန်းမင်းကြီးက ကျောင်းသူကျောင်းသားများနှင့် အုပ်ထိန်းသူ လူကြီးများအား အမှာစကားပြောကြားခဲ့သည်။ ဘုရားသခင်က ကမ္ဘာလောကကြီးအား ဖန်ဆင်းထားရာတွင် အရာအားလုံး ဟန်ချက်ညီစွာ အပေးအယူ မျှတ လှပစေရန် ဖြစ်သည်။ ထို လှပသော ဖန်ဆင်းခြင်းကို လူသားများအား ထိန်းသိမ်းစောင့်ရှောက်ရာတွင် အတူတကွ ပိုမို လုပ်ဆောင်ကြရမည် ဖြစ်သည်။

"ကမ္ဘာရွာကြီး၏ ပညာရေး" အသွင်ဖြင့် ကျောင်းသား ကျောင်းသူများအား သွန်သင်ခြင်းဖြင့် လူအများအကြား သဟဇာတဖြစ်ရေး၊ ငြိမ်းချမ်းစွာ အတူတကွ နေထိုင်တတ်ရေး တို့ကိုသွန်သင်ကြရမည် ဖြစ်သည်။ ဤနည်းဖြင့် အကြမ်းဖက်မှုများ၊ ခွဲခြားဆက်ဆံရေးများနှင့် အနိုင်ကျင့်မှုများကို ဖယ်ရှားနိုင်မည်ဖြစ်သည်။

# ဟားခါး သာသနာလုံးဆိုင်ရာ ဓမ္မဆရာ/မများ မွမ်းမံသင်တန်း

ဟားခါးသာသနာ၊ ဓမ္မဆရာ/မများ တာဝန်ခံဘုန်းတော်ကြီးများဖြစ်သော Rev. Fr. David Khin Hmung နှင့် Rev. Fr. Joseph Phe Ling Lay တို့မှဦးစီးဦးဆောင်၍ သာသနာလုံးဆိုင်ရာဓမ္မ ဆရာ/မများမွမ်းမံ သင်တန်းကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ (၁၃-၁၅)ရက်နေ့အထိ ဟားခါးမြို့ ဈေးသစ်ရပ်ကွက်ရှိ ကက်သလစ် ဆရာတော်ကျောင်းတိုက်တွင် ပြုလုပ်ကျင်းပခဲ့ပါသည်။ ထိုသင်တန်းသို့ ဖုံနယ်(၈)ခုမှ ကိုယ်စားလှယ် ဓမ္မဆရာ(၃၇)ဦးနှင့် ဓမ္မဆရာမ(၁)ဦး၊ စုစုပေါင်း (၃၈) ဦး ပါဝင်တက်ရောက်ခဲ့ကြပါသည်။



သင်တန်းတွင် ဆရာတော်ကြီး Lucius Hre Kung မှ အားပေးစကားမြွက်ကြားရာ၌ "ဓမ္မဆရာ/မများဟာ သခင်ခရစ်တော်ရဲ့ သဘောသဘာဝကို သိရှိပြီးသူများဖြစ်တယ်၊ ရှေးယခင်က ခရစ်တော်ရဲ့သဘာဝကို လက်ဆင့်ကမ်း သယ်ဆောင်ခဲ့ကြတဲ့ အခါ အခက်အခဲပေါင်းများစွာ၊ စိန်ခေါ်မှုပေါင်းများစွာနဲ့ ကြုံတွေ့ခဲ့ကြသလို ယခုမှာလည်း ဓမ္မဆရာ/မများရဲ့လုပ်ငန်းမှာ ဆူးပြောင့်ခလုတ် ပေါင်းများစွာနဲ့ ကြုံတွေ့ကြရမှာဖြစ်တယ်။ ဒါကြောင့် ဟိုဟာပြည့်စုံမှ၊ ဒီဟာပြည့်စုံမှဆိုပြီး အားငယ်စိတ်ပျက်တဲ့ အခါများလည်း ရှိနိုင်ပါတယ်၊ ထိုအတွေးတွေကို မထားကြဖို့ မှာကြားလိုပါတယ်၊ ဘုရားရှင်ရဲ့ လယ်ခင်းမှာ ဖြစ်တတ်တာက အထူးသဖြင့် တောရွာတွေမှာ အတွင်းပိုင်ဆိုင်မှုများတတ်တယ်၊ လိုချင်တဲ့ဆန္ဒပြည့်ဝမှုဟာ တောရွာမှာ ပိုများတယ်၊ ဒါကြောင့် တောရွာဆိုတဲ့ လယ်ကွင်းမှာ အားငယ်ညည်းတွားခြင်းမရှိဖို့ နှုတ်ကပတ်တော်ကို အမြဲမှီဝဲပြီး ကျမ်းစာဖတ် ဆုတောင်းကြရန် လိုအပ်တယ်၊ ဆုတောင်းခြင်းဟာ ဘုရားနဲ့ စကားပြောခြင်း ဖြစ်တာကြောင့် ကျမ်းစာဖတ် ဆုတောင်းခြင်းနဲ့အားယူကြပါ - ကျမ်းစာဖတ်ခြင်းဝါသနာရှိကြပါ၊ ကျမ်းစာအုပ်ဟောင်းတဲ့အထိ ကျမ်းစာဖတ်သူကိုတွေ့ဖူးတယ်၊ သခင်ယေဇူးက ပီတာကို သုံးကြိမ်သုံးခါမေးပြီး ငါ့သိုးများကို စောင့်ရှောက်ကျွေးမွေးပါလို့ မှာကြားခဲ့သလို၊ ဓမ္မဆရာ/မများဟာအသင်းတော်ကို ကာကွယ်စောင့်ရှောက်သူ၊ ကျွေးမွေးသူများဖြစ်ကြပါတယ်၊ တောင်ပေါ်ဒေသနာမှာ ဘုန်းတော်ကြီးတွေထက်ဓမ္မဆရာ/မတွေက လက်တွေ့ပိုကျပြီး အဓိကကျပါတယ်၊ ဒါကြောင့် အသင်းတော်ကို သဘောပေါက် နားလည်သူများဖြစ်ရမယ်၊ လူဆိုတာ ကိုယ့်နည်းကိုယ့်ဟန်ရှိတတ်တယ်၊ ဘုန်းတော်ကြီးများကိုအပြစ်တင်ဝေဖန်တာထက် ကိုယ့်နည်းကိုယ့်ဟန်နဲ့လှုပ်ရှားရင် ဘုန်းဘုန်းလဲပါလာမှာ ဖြစ်တယ်၊ အခုဆရာတော်ပြောသလို ပြောလို့ရပေမယ့် - Community ကိုတည်ဆောက်ရမယ်၊ အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့များနဲ့ လက်တွဲရမယ်၊ ချစ်ခြင်းကို စိတ်တိုတိုနဲ့ မဖန်တီးဖို့၊ စိတ်ရှည်ရှည်နဲ့ကောင်းသော မြေပေါ်မှာကျတဲ့ မျိုးစေ့များ ဖြစ်စေကြပါ၊ အကောင်းဆုံး သင်ကြားနည်းဗျူဟာဖြစ်တဲ့ ရှင်လုကာကျမ်း ၂၄း၂၃-၃၄ ကို လက်ကိုင်အဖြစ်ထားပြီး ကတိတော်ကို ဆက်လက်ဖော်ဆောင်ကြရအောင်" ဟု မှာကြားခဲ့ပါသည်။

သာသနာလုံးဆိုင်ရာ ဓမ္မဆရာ/မများကောင်စီဖွဲ့စည်းခြင်း

မွမ်းမံသင်တန်း၏ နောက်ဆုံးနေ့ (၁၅-၁၁-၂၀၁၉) တွင် ဟားခါးသာသနာလုံးဆိုင်ရာ ဓမ္မဆရာ /မများကောင်စီကို ပထမဆုံးအကြိမ် ဖွဲ့စည်းခဲ့ကြရာ နာယကအဖြစ် ဆရာတော် Lucius, တာဝန်ခံ ဘုန်းတော်ကြီးများအဖြစ် Fr. David Khin Hmung နှင့် Fr. Joseph Phe Ling Lay, ဉက္ကဋ္ဌ(၁) John Bosco Law Shung(မင်းတပ်)၊ ဉက္ကဋ္ဌ(၂) Noel Tluang Bawi(ဖလမ်း)၊ အတွင်းရေးမှူး(၁) Albert Cung Nawl(ဟားခါး)၊ အတွင်းရေးမှူး (၂) Raymond Mawng Kee(မင်းတပ်)တို့ကို ရွေးချယ်ခဲ့ကြပါသည်။ ထို့နောက် ဘဏ္ဍာထိန်း ဓမ္မဆရာ(၂)ဦး၊ စာရင်းကိုင်(၂) ဦး၊ စာရင်းစစ်(၄)ဦး၊ အဖွဲ့ဝင်များအဖြစ် စီရင်စုတာဝန်ခံ ဓမ္မဆရာ/မများအားလုံးကို ရွေးချယ် တာဝန်ပေးခဲ့ကြပါသည်။

ထို့အပြင် ရှေ့ဆက် လုပ်ငန်းစဉ်များကို ဆွေးနွေးဆုံးဖြတ်ကြပြီး မှတ်တမ်းတင် စုပေါင်းဓာတ်ပုံများ ရိုက်ကူးခဲ့ကြကြောင်းသိရှိရပါသည်။

Norbert Ca Ling
OSC - Hakha Diocese

# သီလရှင် ဝါတော် (၅၀) ပြည့် ရွှေစင်ဂျူဘီလီကျင်းပ

စိန်ဂျိုးဇက် သီလရှင်ဂိုဏ်းမှ Sr. Mary Ning Khan Do ၏ သီလရှင်ဝါတော် (၅၀) ပြည့် ရွှေစင်ဂျူဘီလီပွဲကို မိမိ၏မွေးရပ် ဇာတိဖြစ်သည့် ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ဆိုင်းဇန်ရွာ၌ ၂၀၁၉ ခုနှစ်အောက်တိုဘာလ (၂၇) ရက်တွင် ကျင်းပခဲ့ပါသည်။ ၎င်းဂျူဘီလီပွဲ မစ္ဆားတရားတော်မြတ်ကို ကလေးသာသနာပိုင် ဆရာတော်ကြီး Felix Lian Khen Thang နှင့် မန္တလေးဂိုဏ်းချုပ်သာသနာမှကြွရောက်လာသော Archbishop Paul Zingthung Grawng (Emeritus) တို့နှင့်အတူ ဘုန်းတော်ကြီး (၂၀) ပါး ကနေပူဇော်ပြီး ၊ သီလရှင်များနှင့် ဘာသာတူများ လူဦးရေစုစုပေါင်း (၁၀၀၀) ခန့် တက်ရောက်ပါဝင်ခဲ့ပါသည်။ ဂျူဘီလီမစ္ဆား ပြီးနောက် ညနေ (၃း၀၀) နာရီတွင် ဂျူဘီလီရှင် Sr. Mary အား ဂုဏ်ပြုနှုတ်ဆက်လက်ဆောင်များဆက်သပွဲနှင့် ညစာသုံးဆောင်ပြီးနောက် ကျောင်းထိုင်ဘုန်းတော်ကြီး Fr. Titus Khanno ၏ဦးဆောင်မှုဖြင့် လူငယ်မောင်မယ်များမှ ကပြ၊ သီဆို ဖျော်ဖြေကာ ဂျူဘီလီပွဲ အောင်မြင်စွာပြီးဆုံးခဲ့ပါသည်။



Sr. Mary သည် တီးတိန်မြို့နယ်ဆိုင်းဇန်ရွာ၌ ၁၉၄၁ ခုနှစ် ဇန်နဝါရီလ(၁) ရက်တွင် မွေးဖွားခဲ့သည်။ သူမမွေးဖွားပြီး တစ်နှစ်လောက်ကြာ (၁၉၄၂) ခုနှစ်တွင် ပြင်သစ်သာသနာပြု ဘုန်းတော်ကြီးများ ဆိုင်းဇန်ရွာသို့ ရောက်ရှိလာပြီး (၁၉၅၀) ခုနှစ်တွင် Fr. Blivet (MEP) ၏ လက်တော်မှအရင်ဦးဆုံး ဆေးကြောခြင်းခံသည့်သူ (၆) ဦးသာရှိခဲ့ပါသည်။

Sr. Mary ၏ မိဘများကိုယ်တိုင် ဘာသာထဲ မဝင်ရသေးသည့်အတွက် သူမသည် သီလရှင်ကျောင်း ဝင်ဖို့ရန်အတွက် မိဘ၊ ဆွေမျိုးများ တားဆီးခြင်းနှင့် ခွင့်မလွတ်နိုင်မှု အခက်အခဲများစွာကို ရင်ဆိုင်ခဲ့ရသည်။ ပိုဆိုးသည်မှာ သူမသည် မွေးချင်းမောင်နမ (၆) ယောက်အနက် အကြီးဆုံးဖြစ်သောကြောင့် ဘာသာရေးအကြောင်းမသိသည့် မိဘများက အလုပ်ခိုင်းစေရန်၊ အိမ်ထောင် ပြုပေးဖို့ရန်သာ စိတ်ကူးခဲ့ပါသည်။ ယခုကဲ့သို့ အခက်မျိုးစုံ ရင်ဆိုင်ကျော်လွှားပြီး (၁၉၅၈) ခုနှစ်တွင် သီလရှင်ကျောင်း ဝင်ခဲ့သော်လည်း သီလရှင်ဖြစ်ခါနီးအချိန်တွင် အကြီးအကဲများ၏ နားလည်မှုလွဲမှားခြင်းကြောင့် သီလရှင်ဖြစ်ဖို့ ဆိုင်းငံ့ထားခြင်းခံရသည်အထိ နှောင့်ယှက်ခြင်း အခက်အခဲများ ကြုံခဲ့ရပါသည်။ သို့သော် သူမသည် လုံးဝဖွဲမလျှော့ပဲ အမိမယ်တော်မာရီယားကို အားကိုး၍ ကြိုးစားခဲ့သောကြောင့် (၁၉၆၉) ခုနှစ်တွင် သီလရှင်တစ်ပါးဖြစ်လာခဲ့ပြီး ယခုအချိန်တွင် ဝါတော် (၅၀) ပြည့် အသက် (၇၈) နှစ်တိုင်အောင် စိတ်ချမ်းသာစွာ ဘုရားအမှုတော် ထမ်းဆောင်နိုင်ခြင်း ဖြစ်ပါသည်။

သူမသည် ချင်းပြည်နယ် မြောက်ပိုင်းတွင် သီလရှင်ဝါတော် (၅၀)ပြည့်ရွှေစင်ဂျူဘီလီ အရင်းဦးဆုံး ကျင်းပနိုင်သူဖြစ်မည်ဟုလည်း စာရေးသူအနေနှင့် မျှော်လင့်မိပါသည်။ သူမကိုယ်တိုင် ကြည့်ရှုပျိုးထောင်ခဲ့သည့် ဘော်ဒါ ကျောင်းသူ/သားများထဲမှလည်း ယခုအချိန်တွင် တိုင်းပြည်ကောင်းစားရေးအတွက် တစ်ဖက်တစ်လမ်းကနေ ပံ့ပိုးကူညီပေးသည့် အစိုးရဌာန မှာသော်လည်းကောင်း၊ NGO ၌သော်လည်းကောင်း ဝန်ထမ်းကောင်းများစွာ ရှိသည့်အပြင် ဘုန်းတော်ကြီးများနှင့် သီလရှင်များလည်း ရှိသည့်အတွက် သူမ၏ သာသနာပြု လုပ်ငန်းသည် အသင်းတော်အတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာဖြစ်ကြောင်း စာရေးသူအနေနှင့် သိမှတ်ဝန်ခံ ဂုဏ်ပြုရပါသည်။ စစ္စတာရဲ့ မေရီအတွက် ဆက်လက် ဆုတောင်းပေးကြပါစို့လို့ ပြောကြားရင်း မိမိတို့အရောက်တိုင်း၏ ခေါ်တော်မူခြင်းလမ်းစဉ်အသီးသီး၌ ဘုရားပေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ကြပါစေလို့ စာဖတ်သူ အရောက်တိုင်းအား ဆုမွန်ကောင်း တောင်းပေးလိုက်ပါသည်။

ကျောက်မဟာ (OSC Kalay)

# ၂၀၁၉ ခုနှစ် အောက်တိုဘာ - အထူး သာသနာပြု လ ဟားခါး သာသနာ လှုပ်ရှားမှု



ပုပ်ရဟန်းမင်းကြီး ဖရန်စစ်က ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်၊ တနင်္ဂနွေနေ့ အန်ဂျေလူးမေတ္တာ ဆိုချိန်၌ ကမ္ဘာတစ်ဝန်း သာသနာပြန့်ပွားရေးအတွက် ၂၀၁၉ အောက်တိုဘာလအား အထူးသာသနာပြုလ (Extra-ordinary Missionary Month of October 2019)အဖြစ် သာသနာတစ်ရပ်လုံးအား ကြေညာသတ်မှတ်ပေးခဲ့ပြီး အရှင်မြတ်ကိုယ်တိုင်က အထူးသာသနာပြုလအား ဂုဏ်ပြု ကျင်းပနိုင်ရေးအတွက် တိုက်တွန်း လမ်းညွှန်ချက်နှင့်အညီ ဟားခါးသာသနာသည် အထူး သာသနာပြုလ အောက်တိုဘာလအတွင်း အောက်ပါလှုပ်ရှားမှုများပြုလုပ်ခဲ့ကြောင်း သိရပါသည်။

အောက်တိုဘာလ (၁)ရက်၊ အင်္ဂါ



နေ့တွင် ဆရာတော်ကြီး Lucius Hre Kung ဦးဆောင်၍ St.Theresa of the Child Jesus, St. Theresa သီလရှင်များပွဲနေ့၊ ဟားခါးမြို့သစ်ရှိ St. Charbel ဘုန်းတော်ကြီးနေအိမ်သစ် ရေစက်ချ ကောင်းချီးပေးပွဲတို့နှင့် အောက်တိုဘာလ-အထူးသာသနာပြုလ ဖွင့်ပွဲကို St. Charbel ဘုရားရှိခိုးကျောင်း၌ ဘုန်းတော်ကြီး (၁၈)ပါးတို့နှင့်အတူ မစ္ဆားပူဇော်ခြင်းဖြင့် ဖွင့်လှစ်ပါသည်။ ၎င်းဖွင့်ပွဲတွင် ဟားခါးမြို့ ရပ်နီး/ဝေးမှ St. Theresa သီလရှင် (၂၂)ပါး၊ ဘာသာဝင်များစုစုပေါင်း(၃၀၀)ကျော် ပါဝင်ဆုတောင်းခဲ့ကြပါသည်။

အောက်တိုဘာလ(၉-၁၀)ရက်နေ့တို့တွင် ဟားခါးဖုန်၊ Tiphul Quasi-Parish တာဝန်ခံ Fr. David Khin Hmung က Fr. Peter Lal Zin, Saya Lawrence Khua Pheng တို့နှင့်အတူ Tiphul Quasi-Parish မှ ဘာသာဝင်များအား သင်တန်းပေးခဲ့ပါသည်။ ထိုသင်တန်းသို့ Tiphul တစ်ရွာလုံးမှ မိခင်၊ ဖခင်များ တက်ကြွစွာ ပါဝင်တက်ရောက်ကြပါသည်။

အောက်တိုဘာလ(၁၃-၁၄)ရက်တွင် ဟားခါးသာသနာ ကက်သလစ်ဘော်ဒါကျောင်းသူ/သားများ အားကစားနှင့် ဘက်စုံစွမ်းရည်ပြိုင်ပွဲကို ဟားခါးမြို့ ကျောဘုတ်ရပ်ကွက်ရှိ St. Padre Pio's Minor ဘောလုံးကွင်းနှင့် အော်တိုရပ်ကွက်ရှိ St. Michael Edu. Center တွင် ကျင်းပပါသည်။ ၎င်းပြိုင်ပွဲသို့ ထီးလင်းစီရင်စုဘော်ဒါ၊ ဖလမ်းစီရင်စုဘော်ဒါ၊ St. Thomas ညစာကြည့်ဝိုင်း-Tiphul, ဟားခါးစီရင်စုဘော်ဒါနှင့် St. Joseph Convent ဘော်ဒါမှကျောင်းသူ/သားများ၊ St. Michael Education Center, St. Padre Pio's Minor ကျောင်းသားများစုစုပေါင်း(၂၃၀)ကျော် ပါဝင်ဆင်နွှဲ ကြပါသည်။

အောက်တိုဘာလ (၁၆)ရက်၊ ဗုဒ္ဓဟူးနေ့တွင် Radio Veritas Asia နှစ်(၅၀) ပြည့် ရွှေစင်ဂျူဘီလီကို ဟားခါးမြို့ St. Joseph Cathedral ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။ ထိုပွဲတွင် ဆရာတော်ကြီး Lucius နှင့်အတူ ဖိလိပိုင်နိုင်ငံမှ FABC-OSC(Exercutive Director Fr. George, RVA-General Manager Fr. Victor, နှင့်ဘုန်းတော်ကြီး(၂၅)ပါးပါဝင်မစ္ဆားပူဇော်ခဲ့ကြပါသည်။ ထိုနေ့တွင် "Sharing Christ With Global Asians" ခေါင်းစဉ်ဖြင့် လက်ကမ်းစာစောင်များ ထုတ်ဝေခြင်း၊ RVA-လှုပ်ရှားမှုသမိုင်း ဟောကြားခြင်း၊ RVA-လေလှိုင်းမှ Internet-Online ဖြင့်ထုတ်လွှင့်ခြင်းအကြောင်းစုံ အသိပေးခြင်း၊ ရိုးရာအက၊ အဆိုများဖြင့် ပရိသတ်များအားဖျော်ဖြေခြင်း၊ တိုက်တွန်းနှိုးဆော်ခြင်းများပြုလုပ်ခဲ့ပါသည်။



အောက်တိုဘာ (၁၇-၁၈) တွင် ဟားခါးဖုန် တာဝန်ခံဘုန်းတော်ကြီး Fr. John Om Se ဦးဆောင် မှုဖြင့် ဟားခါးဖုန်မှ ဓမ္မဆရာများဝတ်စောင့်ခြင်းနှင့် အထူးမွမ်းမံသင်တန်းကို St. Joseph Cathedral၌ ပြုလုပ်ခဲ့ကြရာ ဓမ္မဆရာ/မပေါင်း(၃၃)ဦးပါဝင်ခဲ့ကြပါသည်။

အောက်တိုဘာလ (၂၀) ရက်၊ တနင်္ဂနွေနေ့တွင် ရဟန်းမင်းကြီးဆိုင်ရာ သာသနာပြုကလေးများ အသင်းအတွက် မစ္ဆားပူဇော်ခြင်းကို ညနေ(၃း၀၀)နာရီအချိန်တွင် St. Joseph Cathedral ၌ ဆရာတော်ကြီး Lucius Hre Kung ဦးဆောင်၍ ဘုန်းတော်ကြီး(၆)ပါးတို့က ပူဇော်ပေးလျက်ရှိပါသည်။ ၎င်းမစ္ဆားသို့ဟားခါးမြို့ပေါ်ရှိ St. Joseph Cathedral, St. Charbel, St. Valentine နှင့် Chun- cung စီရင်စုဘုရားကျောင်းအသီးသီးတို့မှ အသက်(၅-၁၆)နှစ်ကြား ကလေးသူငယ်ပေါင်း (၃၅၀) ကျော် ပါဝင်ဆုတောင်းခဲ့ကြကြောင်း၊ Missa အပြီးတွင်ဟားခါးသာသနာလုံးဆိုင်ရာ သာသနာပြု ကလေးများအသင်းဒါရိုက်တာ Fr. Emmanuel Hrang Za Uk နှင့်လက်ထောက်တာဝန်ခံဆရာမ Florence Ngun Neih Mawi တို့၏ဦးစီးဦးဆောင်မှုဖြင့်တည်ခင်းသော အထူးညစာကို သာသနာပြု အသင်းသားများအားလုံးအတူတကွ ပျော်ရွှင်စွာသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

St. Theresa သီလရှင်ကျောင်းအသီးသီးမှ တာဝန်ခံ (Superior) များ၏ ၂၀၁၉ ခုနှစ်၊ ပထမအကြိမ် စုပေါင်းဝတ်စောင့်ခြင်းကို အောက်တိုဘာ (၂၂-၂၉) ရက်အထိ ဟားခါးသာသနာ ဆရာတော်ကျောင်းတိုက်ရှိ ဘုရားရှိခိုးဆောင်တွင် ပြုလုပ်ခဲ့ကြရာ တာဝန်ခံ သီလရှင်(၅၀)ပါး ပါဝင်ဝတ်စောင့်ကြပါသည်။ ဝတ်စောင့်ခြင်းကာလအတွင်း ဝတ်စောင့်ဦးဆောင်သူ(Retreat Preacher) အဖြစ် Fr. Timothy Khui Shing Ling (စီချဲ့စီရင်စု ကျောင်းထိုင်ဘုန်းတော်ကြီး)မှ ဆောင်ရွက်ကြောင်း သိရှိရပါသည်။

နော်ဘတ်ကျော်လင်း



# သေလွန်ပြီးသောသူများ၏ ဝိညာဉ်များအတွက်ဆုတောင်းပေးရာနေ့( ALL SOULS DAY) ကျင်းပခြင်း



ကနစိုးကုန်းသာသနာ သင်္ချိုင်းမီးထွန်းပွဲ” ပုသိမ်ဂိုဏ်းအုပ် သာသနာပိုင် မြောင်းမြဖုန်၊ ကနစိုးကုန်းသာသနာ၌ နိုဝင်ဘာလ(၂) ရက်နေ့တွင် ကျရောက်သော သေလွန်ကုန်သော ဝိညာဉ်များအတွက် သတိယ ဆုတောင်းပေးခြင်း၊ သင်္ချိုင်း၌ မီးထွန်းခြင်းပွဲကို စည်ကား သိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။ ဤပွဲကို အဖဆရာတော် ဂျွန်မန်းဆိန်းဟိုလည်း ကြွရောက်ခဲ့ပါသည်။ နိုဝင်ဘာလ ၁ ရက်နေ့ ညနေ ၅ နာရီတွင် ကနစိုးကုန်း သာသနာသို့ ကြွရောက်ကာ ဘာသာတူ သားသမီးများက စည်ကားသိုက်မြိုက်စွာ အကပဒေသာများအားဖြင့် ကြိုဆိုကြပါသည်။ ညနေ ၇ နာရီတွင် ကနစိုးကုန်း သာသနာ သန့်ရှင်းသော သင်္ချိုင်းမြေ၌ ဘာသာတူများစုရုံးကာ ကိုယ်တော်မြတ်ဖူးမြော်ခြင်း၊ လေလွန်ကုန်သော ဝိညာဉ်များအတွက် စိပ်ပုတီးစိပ်ခြင်း၊ ဩဝါဒပေးခြင်း၊ အာပတ်ဖြေခြင်း အစီအစဉ်များကို ပြုလုပ်ခဲ့ပါသည်။ နိုဝင်ဘာလ ၂ ရက်နေ့ နံနက် (၇) နာရီတွင် အဖဆရာတော် ဂျွန်မန်းဆိန်းဟို၏ မစ္ဆားကို ရဟန်းတော်များ ခြံရံလျက်ဘာသာတူများ တစ်ထောင်ကျော်ဖြင့် သေလွန်ကုန်သော ဝိညာဉ်များအတွက် ဆုတောင်းပေးခဲ့ကြပါသည်။ မစ္ဆားအပြီးတွင် အုတ်ဂူနင့်သင်္ချိုင်းမြေကို သန့်ရှင်းသော မေတ္တာရေဖြင့်ပက်ဖြန်းကာ အခမ်းအနားကို နံနက် (၉)နာရီတွင်ပြီးဆုံးခဲ့ပါသည်။



ထို့အတူ ပုသိမ်ဂိုဏ်းအုပ် သာသနာ မြောင်းမြဖုန်၊ မြောင်းမြသာသနာ၌ ကွယ်လွန်ကုန်သော ဝိညာဉ်များအတွက် သတိယ ဆုတောင်းပေးခြင်း မစ္ဆားကို နိုဝင်ဘာလ ၃ ရက်နေ့ ညနေ ၄ နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။ ဤမစ္ဆားကို အဖဆရာတော် ဂျွန်မန်းဆိန်းဟို ကြွရောက်ကာ မစ္ဆားတရား ပူဇော်ခြင်းကိုပြုလုပ်ပေးခဲ့ပါသည်။

မြောင်းမြသာသနာ၌ နိုဝင်ဘာလ ၃ ရက်နေ့ နံနက်ပိုင်း ၇ နာရီတွင် ရဟန္တာအပေါင်းပွဲကို ကျင်းပပြီး ညနေ ၄ နာရီတွင် သင်္ချိုင်းမီးထွန်းပွဲကို ကျင်းပခဲ့ပါသည်။ ဤသင်္ချိုင်း မီးထွန်းပွဲသို့ ရပ်နီးရပ်ဝေးမှ ဘာသာတူများ ကြွရောက်ကာ မိမိတို့၏ ဘိုးဘွား ဆွေမျိုးများအတွက် ဆုတောင်းပေးခြင်း၊ အုတ်ဂူများပေါ် မီးထွန်းခြင်းကို ပြုလုပ်ခဲ့ပါသည်။

OSC Pathein

# ကျိုင်းတုံသာသနာပိုင်ဆရာတော်ဘုရား ပီတာလွီးစ်၏ တာချီလိတ်သာသနာအုပ်စုသို့ သိုးထိန်းခရီး

၂၀၁၉ ခုနှစ် နိုဝင်ဘာလ(၁၀)ရက် တနင်္ဂနွေနေ့ နံနက် ၇:၃၀ - ၁၀:၀၀ နာရီအချိန်၌ ကျိုင်းတုံသာသနာပိုင် ဆရာတော် ဘုရား ပီတာလွီးစ်မှ ရဟန်းဘုန်းတော်ကြီး (၁၄) ပါးခြံရံလျက် စိန့်ဂျူဒ်ဘုရားကျောင်း တော်ကြီးတွင် စိန့်ဂျူဒ်ပွဲတော်မစ္ဆားကို ပူဇော်ပေးခဲ့ပါသည်။



ဆရာတော်ကြီးမှ တရားရေးအေး တိုက်ကြွေး ရာတွင် "ဘာသာတူများအနေနှင့် သာသနာတော်ကြီးကို ဆက်ကပ်ကြရန်၊ ပေးကမ်းခြင်းဖြင့် စစ်မှန်သောပျော်ရွှင်ခြင်းကိုရှာဖွေရန်၊ ယခုလိုပွဲတော်ကြီးကို ဆရာ တော်ကြီးနှင့် ဘုန်းတော်ကြီးများလာရောက်မစ္ဆားပူဇော်ပေးရခြင်းသည် ဘာသာတူများ ရရှိအပ်သော အခွင့်အရေး ဖြစ်သကဲ့သို့ သာသနာတော်အတွင်း လိုအပ်သောအရာ များကို ကူညီထောက်ပံ့ရန် ဘာသာတူများလုပ်ဆောင်ရမည်ဖြစ်ကြောင်း "နှင့် လာမည့် နှစ်တွင် စိန့်ဂျူဒ် သာသနာအုပ်စု ဖွဲ့စည်း တည်ထောင်ခြင်းနှစ် (၃၀) ပြည့်မည်ဖြစ်သောကြောင့် အတူတကွ လက်တွဲလုပ်ဆောင်ရန် တိုက်တွန်းအားပေးခဲ့ပါသည်။ ပွဲတော်ကြီးကို ဘာသာတူများနှင့် စည်းကား တိုက်မြိုက်စွာကျင်းပခဲ့ပါသည်။



Kengtung-OSC

# ကျိုင်းတုံ ကက်သလစ် သာသနာရှိ ဘုန်းတော်ကြီးများ ဝတ်စောင့်ခြင်း

ကျိုင်းတုံ ကက်သလစ်သာသနာရှိ ရဟန်းတော်များ နှစ်စဉ်ဝတ်စောင့်ခြင်း အစီအစဉ်ကို ရာပြည့်ဆောင်၌ ၂၀၁၉ ခုနှစ်နိုဝင်ဘာလ ၂၅ ရက် ညနေပိုင်းမှ စတင်ခဲ့ကာ နိုဝင်ဘာ ၃၀ ရက်နံနက်ထိပြုလုပ်ခဲ့ပါသည်။ ဝတ်စောင့်ခြင်းတွင် တရားရေအေး တိုက်ကြွေးပေးသည့် ဘုန်းတော်ကြီးအဖြစ် Rev. Fr. Moses Dereh မှပြုလုပ်ပေးခဲ့ပါသည်။

Kengtung-OSC



# တောင်ကြီး ဂိုဏ်းချုပ်သာသနာ၏ ဂိုဏ်းချုပ် ဆရာတော်ကြီး ဘာစီးလျို အားသိုက် ၏ ဝိညာဉ်များအတွက် ပူဇော်သော မစ္ဆားတရားတွင် ဟောကြားသော တရား ဒေသနာ

ကြားနာခဲ့ရတဲ့ ဧဝံဂေလိကျမ်းပိုဒ်ကို ထောက်ရှုမယ်ဆိုရင်သေလွန်ပြီးသော မုဆိုးမ၏သားကို သခင်ခရစ်တော်ပြန်ရှင်စေတဲ့အကြောင်းဖြစ်ပါတယ်။ Don't Cry သားအတွက် မငိုနဲ့တော့လို့ သူ့အမေ မုဆိုးမကိုပြောတဲ့စကားဖြစ်တယ်။ ငိုတယ်ဆိုတဲ့သင်္ကေတဟာ ကလေးတွေအတွက်ဆို ဆန္ဒကို ဖော်ပြခြင်းဖြစ်တယ်။ ဆာရင်လည်းငိုတယ်။ နာရင်လည်းငိုတယ်။ လူကြီးတွေအတွက်ဆိုရင် ဝေဒနာကိုဖော်ပြခြင်းဖြစ်တယ်။ ဝေဒနာရဲ့ အတိမ်အနက်ကိုငိုရှုံနဲ့သိတယ်။ ယောက်ျားတန်မဲ့နဲ့ ဘာလို့မျက်ရည်ကျလဲလို့ ပြောကြတယ်၊ ယောက်ျားတန်မဲ့နဲ့ မျက်ရည်ကျလောက်အောင် ဝေဒနာကြီးနေလို့ဖြစ်တယ်။ ဒါကြောင့် ငိုတယ်ဆိုတာ ဆန္ဒတစ်ခုထဲ ဖော်ပြတာမဟုတ်ဘူး၊ ဝေဒနာကိုကြောငြာတာလည်းဟုတ်တယ်။ ဘုရားရှိတယ်၊ အားမငယ်နဲ့လို့အားပေးပေမယ့်အဲဒီ ဘုရားက သနားတတ်တဲ့ဘုရားဖြစ်တယ်ဆိုတာကို မရှင်းပြမိလိုက်လို့ ဝေဒနာကကြီးလာတယ် မုဆိုးမသူ့သားသေလို့ ငိုတာဟာ အဆန်းမဟုတ်ဘူးဆိုပေမယ့် ဝေဒနာကြီးတယ် ပရိဒေဝမီး တောက်လောင်ပြီဆိုရင် လူတွေဟာခံပြီးရင်းခံဘဲ သူဘာမှသခင်ခရစ်တော်ကိုမတောင်းဆိုခဲ့ဘူး လာဇရုသေတုံးက မာဿက သခင်ဘုရားရှိခဲ့မယ်ဆိုရင်တပည့်တော်မမောင် မသေရပါဘူးလို့ သခင်ခရစ်တော်ကိုလျှောက်တယ်။ ဒါပေမယ့်အဲဒီမုဆိုးမ တစ်ခွန်းမှမပြောခဲ့ဘူးသခင် ခရစ်တော် ရှိလို့ရှိမှန်းလည်သူသိခဲ့မှာမဟုတ်ဘူး။ ဒါပေမယ့်သခင်ခရစ်တော် သူ့ရဲ့အငိုမျက်နှာကိုကြည့်လိုက်တဲ့အခါမှာ ဝေဒနာရဲ့အတိမ်အနက်ကို သိတယ် သနားတယ် သေတဲ့သားကိုပြန်ရှင်စေတယ် ဒီကနေ့ညနေကျွန်တော်တို့ ကက်သလစ်ခရစ်ယာန်တွေ ညီအစ်ကို ခရစ်ယာန်တွေ ဒီမှာလာပြီး ဆုတောင်းတယ်ဆိုတာ ဘုရားရှေ့မှာလာငိုတာဘဲ ကွယ်လွန်သွားတဲ့ ညီအစ်ကိုမောင်နှမ မိဘတွေကို လာပြီးတော့ဂါရဝပြုတယ် ဆုတောင်းပေးတယ် Dictionaryကိုပြန်ကြည့်ရင် သင်္ချိုင်းကုန်းဆိုတဲ့အဓိပ္ပါယ်ဟာ သေသူများအား စွန့်ပစ်ရာနေရာတဲ့။ ကျွန်ုပ်တို့ကက်သလစ်ခရစ်ယာန်တွေအတွက် အဲဒီ defination ဟာသိပ်မမှန်ဘူး သေတဲ့လူကိုလာပြီးတော့စွန့်ပစ်တဲ့ နေရာမဟုတ်ဘူး လာပြီးတော့ ဂါရဝတရားနဲ့လာပြီး သဂြိုလ်တဲ့နေရာဖြစ်တယ် ဒါကြောင့်မို့လို့လည်း သေတဲ့အခါမှာ ပစ်မထားဘူး၊ ဝတ်ပြုနည်းမှာလည်း အပါအဝင်ဖြစ်တယ်။

မစ္ဆားလုပ်သလိုဘဲ သေသူအတွက် ဆုတောင်းတဲ့ အခမ်းအနားတွေ ကျွန်တော်တို့လုပ်တယ် မင်္ဂလာပေးတဲ့ အခမ်းအနားလုပ်တယ် ဂါရဝပြုတယ် ပစ်ထားတာတော့ မဟုတ်ဘူး ဒါကြောင့်သင်္ချိုင်းကုန်းကို အင်္ဂလိပ်လိုChurch yard/ Grave yard လို့ကျွန်တော်တို့ခေါ်တယ်၊ ဘုရားကျောင်းရဲ့ဘေးပတ်ပတ်လည်မှာ၊ ဒါမှမဟုတ်ဘုရားကျောင်းရဲ့အနီးအနားမှာ ထားလေ့ရှိတယ်။ ဒီမှာကျတော့ အခြေအနေအရ ဘုရားကျောင်းနဲ့ဝေးရာမှာထားတယ်။ ဒါပေမယ့် ပစ်ထားတာတော့ မဟုတ်ဘူး ခရစ်ယာန်ရဲ့သေခြင်းမှာ မြင့်မြတ်တယ်လို့ ကျွန်တော်တို့ခံယူတယ်။ R I P (Rest In Peace) ငြိမ်းချမ်းစွာသေတယ်။ ငြိမ်းချမ်းစွာနေတယ် ငြိမ်းချမ်းစွာသေတယ် အဲဒီလိုငြိမ်းချမ်းစွာသေဖို့၊ ငြိမ်းချမ်းစွာနေဖို့လိုတယ်။

L I P ( Live In Peace) ငြိမ်းချမ်းစွာနေတယ် ငြိမ်းချမ်းစွာသေတယ်။ တရားနဲ့နေတယ် တရားနဲ့သေတယ်။ ရောမဩဝါဒစာ (၆:၈) မှာ We died with Christ in Baptism. We will be ressurected with Christ.ဘုရားနဲ့နေတယ်၊ ဘုရားနဲ့သေတယ်။ ဘုရားနဲ့ပြန်ရှင်ပြန်မယ်၊ အဲဒါကျွန်တော်တို့ ခရစ်ယာန်တွေရဲ့ အဓိဋ္ဌာန်။ တရားဓမ္မဆိုတာ အနဝါဒဘဲ။ နူးညံ့တယ်။ လူတွေကိုတရားဓမ္မမှာ ငှက်နဲ့တင်စားလေ့ရှိတယ်။

သာသနာ့ဘောင်မှာ ငှက်နဲ့တူတဲ့လူလေးမျိုး ရှိတယ်လို့ ပြောတယ်။ ပထမအမျိုးအစား လှောင်ချိုင့်ထဲမှာနေပြီးတော့ အပြင်မှာသေတဲ့ငှက်။ သာသနာ့ဘောင်မှာနေပြီးတော့အပြင်ကို ရောက်သွားတဲ့ငှက်။ ဒုတိယအမျိုးအစား အပြင်မှာနေပြီးတော့မှ အပြင်မှာသေတဲ့ငှက်။ သာသနာ့ဘောင်မဝင်ဘဲနဲ့ အပြင်မှာဘဲနေပြီး သေသွားတဲ့ငှက်။ တတိယအမျိုးအစား အပြင်မှာနေပြီးတော့မှ လှောင်ချိုင့်ထဲမှာသေတဲ့ငှက်။ နှိုင်းယှဉ်မယ်ဆိုရင် သမ္မာကျမ်းစာထဲက ကောင်းတဲ့သူခိုးနဲ့ နှိုင်းယှဉ်ရမယ် အပြင်လောကမှာ ဒုစရိုက်ကျူးလွန်ပြီးတဲ့နောက် နောင်တရပြီးတော့မှ ဘုရားရှင်ရဲ့မင်္ဂလာနဲ့ ကိုယ်တော်ရှင်နဲ့အတူ သေခဲ့ရတဲ့သူခိုး။ ကောင်းကင် နိုင်ငံကိုရောက်သွားတဲ့သူခိုး။ စတုတ္ထအမျိုးအစားက လှောင်ချိုင့်ထဲမှာ နေပြီးတော့မှ လှောင်ချိုင့်ထဲမှာ သေတဲ့ငှက်။ သာသနာ့ဘောင်မှာနေပြီးတော့မှ သာသနာ့ဘောင်မှာသေတဲ့ငှက်။ သူများကျွန်တော်တို့ကို ငှက်နဲ့နှိုင်းယှဉ်တာရှိသေးတယ်။

ဝါတွင်းကာလ မရောက်ခင် ဗုဒ္ဓဟူးနေ့မှာကျွန်တော်တို့ဘာလုပ်သလဲ။ နဖူးပေါ်မှာပြာလူးတယ်။ ဒါကိုအပြင်လူတွေကကြည့်ပြီး ကျွန်တော်တို့ကိုပြောတယ်။ ကက်သလစ်ဘာသာဝင်တွေဟာ မြေလူးငှက်တွေဘဲ။ မှန်တယ် သင်မြေမှုန့်ကလာတယ်။ တနေ့ကျရင် မြေမှုန့်ကိုပြန်သွားရမယ် သံဝေဂအတွက်လည်း ပြောလို့ရတယ်။ တရားဓမ္မအတွက် ပြောလို့လည်းရတယ်။

ဆရာဝန် တစ်ယောက်ထံ လူနာ တစ်ယောက်ရောက်လာတယ် ရောဂါကကျွမ်းနေပြီ၊ ကုလို့မရတော့ဘူး။ လူနာက ရတဲ့နည်းနဲ့ကူညီပေးပါဦးလို့ မေတ္တာရပ်ခံတယ်၊ ဆရာဝန်က သူ့ကိုအကြံဉာဏ်ပေးတယ် တစ်ရက် တစ်ခါလောက် မှန်မှန်ဖုံသွားလူးပါ တဲ့ လူနာက တော်တော် စဉ်းစားရကြပ်သွားတယ်။ အဲဒီဖုံလူးတော့ ဘာအကျိုး ရမှာလဲ။ ဘယ်လိုစွမ်းတာလဲ။ ဆေးလည်း ဟုတ်လား မဟုတ်လားလည်းမသိ။ ဆရာဝန်က သူ့ကိုပြောတယ် မင်းမြေမှုန့်နဲ့ အကျွမ်းဝင်အောင် ခုကတည်းက ပြင်ထားတဲ့။ သိပ်မကြာခင်တုန်းကပဲ သံဝေဂရစရာ ငှက်နဲ့ပတ်သက်ပြီးတော့ တစ်ခုကြုံရတယ်။ ညနေစောင်းငှက်တွေ အိပ်တန်းပြန်တဲ့အချိန်ကြည့်လိုက်။ ဆူဆူညံညံနဲ့ သစ်ပင်ပေါ်မှာ အိပ်တန်းပြန်ကြတယ်။ ငှက်တစ်ကောင်က ပျံကောင်းတုန်းပဲ။ အိပ်တန်းမဝင်နိုင်ဘူး၊ အိပ်တန်းရှာနေတာထင်ပါရဲ့။ ကြည့်ပြီးတော့ သနားလာတယ်။ နေလည်းစောင်းပြီ။ အတောင်လည်းညောင်းနေမှာပေါ့။ ဒါနဲ့သူ့ကို သနားပြီးပြောလိုက်တယ်။ အဲဒီငှက်လေးကနားလည်မှာတော့ မဟုတ်ဘူးသနားတယ်။ ကြိုရာကိုင်းမှာနားလိုက်ပါတော့လား။ ဒါပေမယ့် ငှက်ဆိုတာမျိုးဟာ အိပ်တန်းမဟုတ်ရင် မနားရဲတာလား မနားဝံ့တာလား နားလေ့မရှိတာလားတော့ မသိဘူး အိပ်တန်းရှာလို့ကောင်းတုံးဘဲ သံဝေဂ ရစရာအကြောင်းဘဲဖြစ်တယ်။ သူများတွေ အိပ်တန်း ဝင်နေတဲ့အချိန်မှာ ကိုယ်ကအိပ်တန်း ရှာနေရတဲ့ အဖြစ်မျိုး မကြုံချင်ဘူး ပိုပြီးတော့မဖြစ်ချင်တာက သူများတွေသုခဝင် ပြီးတော့စံစားနေတဲ့အချိန်မှာ ကိုယ်က ဒုက္ခပေါ်မှာဗျာများ နေတဲ့ဘဝ မရောက်ချင်ဘူး။ ဆုတောင်းချင်တယ် ကျွန်တော် တို့ထဲမှာလည်း နေဝင်မှ အိပ်တန်းရှာရတဲ့ဘဝမျိုးမဖြစ်ဖို့ လိုတယ်။ အတောင်ညောင်းရုံသာရှိမယ် အမှောင်ထဲမှာကျနိုင်တယ် နေမဝင်သေးခင်လေးမှာ အိပ်တန်း ရှာပါ့လား။ အသိုက်ပျက်ငှက်လို့ပြောမလား၊ အသိုက်ဖျက် ငှက်လို့ပြောမှာလား။ ဒါပေမယ့် အသိုက်အအုံမရှိ တဲ့ဘဝ အချို့တဲ့တကာမှာ အကြီးဆုံး ချို့တဲ့ခြင်း။ ဘာသာတရား အသိုင်းအဝိုင်းမှာ မရှိတဲ့ဘဝ လောကမှာနေတဲ့အခါမှာ သိပ်မသိသာဘူး တမလွန်မှာတော့သိသာတယ်။ သူများတကာ အိပ်တန်းဝင်တဲ့အချိန် မှာ ကိုယ်အိပ်တန်းရှာနေရတဲ့ ဘဝမရောက်စေနဲ့ ကျွန်ုပ်တို့ ခရစ်ယာန်ယုံကြည်ချက်မှာ သေတယ်ဆိုတာ အိပ်တန်းဝင် ခြင်းသာဖြစ်တယ်။

ဒီနေရာမှာ လာပြီးတော့ အိပ်တန်းဝင်ကြတယ်။ ကောင်းကင်သုခကို သွားဖို့လာပြင်တာဖြစ်တယ်။ များသောအားဖြင့် ကျွန်တော်တို့ သုံးတာကတော့ ဒီနေရာမှာလာပြီး အပြစ်ဒဏ်ဆပ်ဖြေတာ၊ ဒါကြောင့်မို့လို့လည်း ကျွန်တော်တို့ ဒီနေ့ ဒီရက်မှာ လာပြီးတော့ သူတို့ရဲ့အပြစ်ဒဏ် အတွက် ကျွန်တော်တို့ဆပ်ဖြေပေးတယ် မစ္ဆားပူဇော်ပေးတယ် ဆုတောင်းပေးတယ်။ ပုတီးစိပ်ပေးတယ် မီးထွန်းပေးတယ်။

ကောင်းကင်ရောက်ဖို့၊ သုခဘုံစံစားရဖို့၊ ကောင်းကင် ဘုံဝင်ဖို့ဘာလိုအပ်တာလဲ လက်မှတ်လိုတယ်။ ကောင်းကင် ဝင်တဲ့လက်မှတ်၊ ငွေနဲ့ဝယ်လို့တော့မရဘူး၊ သီလတရားနဲ့ ဝယ်ရတယ်၊ ဒါနတရားနဲ့ ဝယ်ရတယ်၊ ကောင်းကင်သုခရဲ့ သဘောသဘာဝ အဲဒါရှိတယ်။ ဗျာဒိတ်ကျမ်းမှာ ဘုရားသခင် ကျွန်တော်တို့ကို နှိစ်သိမ့်တဲ့စကားရှိတယ်၊ လူတွေရဲ့မျက်နှာ မှာ ကျတဲ့မျက်ရည်ရှိသမျှတို့ကို တစ်နေ့ကျရင်ဘုရားသခင်သုတ်ပေးလိမ့်မယ်။ မျက်ရည်သုတ်ပေးတယ်ဆိုတာ နှစ်သိမ့်မှုပေးတာ ဝေဒနာကိုဖြေလျှော့ပေးတာ ဒုက္ခကိုပယ်ဖျက်ပေးတာ ဒါကျွန်တော်တို့ ခရစ်ယာန်ရဲ့ယုံကြည်ချက်။ ပရော ဖက်ဟေရှာယ (၃၅:၈) မှာ He will swallow up death forever. Then the Lord God will wipe away the tears from all face. သေခြင်းကိုလည်း နှစ်မွန်းဆုံးရှုံးစေတော်မူလိမ့်မည်။ အရှင်ထာဝရဘုရားသခင်သည်လည်း ခပ်သိမ်း သောမျက်နှာတို့မှ မျက်ရည်ကို သုတ်တော်မူလိမ့်မည်။ ဘယ်လောက် နှစ်သိမ့်စရာ ကောင်းလဲ။ ဘယ်လောက်ဝမ်းသာ စရာကောင်းလဲ မျက်ရည် တစ်စက်မှမကျန်အောင် ဘုရားသခင်သုတ်ပေးမယ်။

ယုံကြည်သူတွေ နားလည်ပါစေ။ ခံစားပါစေ။ လိုက်နာနိုင်ပါစေ ဘဝနေမှုသံသရာလို့ ကျွန်တော်တို့ ခေါ်တယ်။ နေရတဲ့ဘဝမှာ သီချင်းဆိုလိုက်၊ ကြိတ်ငိုလိုက် တနေ့ကျရင် အငိုတိတ်မည့်နေ့ မျက်ရည်တွေဆိတ်သုန်းမည့်နေ့ ရောက်လိမ့်မယ်။ အဲဒီနေ့ အဲဒီနေရာမှာ ပြန်ဆုံနိုင်ဖို့ ဒီကနေ့ ရှေ့ကသွားနှင့်တဲ့ ညီအစ်ကိုမောင်နှမတွေအတွက် ဆုတောင်းပေးသလို ကျွန်ုပ်တို့ ကိုယ်စီကိုယ်စီ မျက်ရည်ခမ်းတဲ့တနေ့ကို တမ်းတရင်းနဲ့ ဆက်လက်ဆုတောင်းကြပါစို့။



# ထိုင်း နှင့် ဂျပန် နိုင်ငံ ရောက် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်၏ သိုးထိန်းခရီးစဉ် မှတ်တမ်း ဓါတ်ပုံများ

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်မှ ၂၃ ရက်အထိ ထိုင်းနိုင်ငံသို့ လည်းကောင်း နိုဝင်ဘာ ၂၃ ရက်မှ ၂၆ ရက် အထိ သိုးထိန်းခရီးစဉ်သွား ရောက်ခဲ့သည်။





ပုပ်ရဟန်းမင်းကြီးသည် ထိုင်းနိုင်ငံသို့ နိုဝင်ဘာ ၂၀ ရက် နေ့လည် ၁၂း၃၀ နာရီတွင် ရောက် ရှိခဲ့သည်။ နိုဝင်ဘာ ၂၁ ရက်နေ့တွင် ထိုင်းအစိုးရနှင့် တွေ့ဆုံနှုတ်ဆက်ပြီး အစိုးရအဖွဲ့ဝင်များ သံတမန်များနှင့် အရပ်ဖက် အဖွဲ့စည်းများအား မိန့်ခွန်းပေးခဲ့သည်။ ထိုင်းနိုင်ငံ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးနှင့်ဆက်လက် တွေ့ဆုံသည်။ စိန့်လူးဝစ် ဆေးရုံသို့သွားပြီး ညနေ ၆ နာအချိန် တွင် လူထု ပရိတ်သတ်နှင့် မစ္ဆားပူဇော်ခဲ့သည်။

၂၂ ရက်နေ့တွင် ဘုန်းတော်ကြီးများ၊ သီလရှင် များနှင့် ရဟန်းဖြစ်သင်ကျောင်းသားများနှင့် တွေ့ဆုံခြင်း၊ ဘာသာပေါင်းစုံမှ ခေါင်းဆောင်များ နှင့် တွေ့ဆုံခြင်း၊ အာရှတိုက်လုံးဆိုင်ရာ ဆရာတော်ကြီးများ အဖွဲ့ချုပ်နှင့် တွေ့ဆုံခြင်းတို့ ပြုလုပ်ခဲ့သည်။ ညနေ ၆ နာရီအချိန်တွင် ဘန်ကောက်မြို့ ကောင်းကင်ဘုံ သို့ ပင့်ဆောင် ခံရ သော မယ်တော်သခင်မ ကာသီဒြယ်တွင် လူငယ်များနှင့် မစ္ဆားပူဇော်ခဲ့သည်။

၂၃ ရက် နံနက် ၉ နာရီအချိန်တွင် ဂျပန်နိုင်ငံသို့ ဆက်လက် ထွက်ခွါခဲ့သည်။





ပုပ်ရဟန်းမင်းကြီးသည် ဂျပန်နိုင်ငံ တိုကျိုမြို့သို့ နိုဝင်ဘာ ၂၃ ရက် ညနေပိုင်းတွင် ရောက်ရှိခဲ့သည်။ ပုပ်ရဟန်းမင်းကြီး၏ ခရီးစဉ်အတွင်း တရာတော်အတွက် အသတ်ခံခဲ့ရသော ဓမ္မအာဇာနည် ဗိမာန်သို့လည်းကောင်း၊ ၁၉၄၅ ခုနှစ် ဒုတိယ ကမ္ဘာစစ်တွင် နျူကလီးယား ဗုံးဒဏ်ခံခဲ့ရသော နာဂါဆာကီနှင့် ဟီရိုရှီးမားမြို့များသို့လည်းကောင်း သွားရောက်ခဲ့သည်။ ၂၀၁၁ ခုနှစ် ဆူနာမီကြောင့် နျူကလီးယား သင့်ခဲ့သော ဒေသခံများနှင့် တွေ့ဆုံပြီး သူတို့၏ သက်သေခံခြင်းများကိုလည်း နားထောင်ခဲ့သည်။ ဟီရိုရှီးမား တွင် ငြိမ်းချမ်းရေး ဆုတောင်းပွဲ ပြုလုပ်ပြီးနျူကလီးယားလက်နက်များကမ္ဘာပေါ်မှအပြီးတိုင်ဖျက်သိမ်းရေးတောင်းဆိုခဲ့သည်။

၂၅ ရက်နေ့တွင် တိုကျိုတွင်လည်း နာဂါဆာကီနှင့် ဟီရိုရှီးမား မြို့များကဲ့သို့ မစ္ဆားပူဇော်ခဲ့သည်။ ၂၆ ရက်နေ့တွင် ဆိုဖီယာ တက္ကသိုလ်သို့ သွားရောက်ခဲ့ပြီး ထိုနေ့မှာပင် ရောမမြို့သို့ ပြန်ကြွခဲ့သည်။





# လူငယ်များနှစ် ၂၀၂၀




၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့ နံနက် ၁၀ နာရီအချိန်တွင် ရန်ကုန်မြို့ စိန့်မေရီ ကာသီဒြယ်ကျောင်းတော်ကြီးတွင် ကာဒီနယ် ချားလ်စ်ဘိုမှ ဦးဆောင်ပူဇော်သော မစ္ဆားတရားတော်မြတ်ဖြင့် လူငယ်များနှစ်ကို ဖွင့်လှစ်ခဲ့ကြသည်။ မစ္ဆားတရားတော်မြတ်ကို မြန်မာနိုင်ငံ ကက်သလစ် သာသနာ ၁၆ ခုမှ လူငယ်တာဝန်ခံ ဘုန်းတော်ကြီးများ၊ ၄ ကြိမ်မြောက် လူငယ် ညီလာခံသို့ တက်ရောက်လာကြသော လူငယ် သာသနာ ၁၆ ခုမှ လူငယ် ကိုယ်စားလှယ်များ နှင့် နီးစပ်ရာမှ ကက်သလစ် လူငယ်များစွာ ပါဝင် တက်ရောက်ခဲ့ကြသည်။ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား နှင့် လာအိုနိုင်ငံများမှ လူငယ်များလည်း အခမ်းအနားတွင် ပါဝင်ခဲ့ကြသည်။

"လူငယ်ဆိုတာ စွမ်းအားတစ်ခုဖြစ်သည်" Youth is the power ဟု ကာဒီနယ်က လူငယ်များအား ပြောကြားခဲ့သည်။ လူငယ်များနှစ်ကို ကျင်းပရခြင်းဆိုသည်မှာ လူငယ်များဆိုသည့် စွမ်းအားကို ပွဲကျင်းပခြင်းဖြစ်သည်၊ မြန်မာနိုင်ငံ၏ အကောင်းဆုံး သယံဇာတဖြစ်သော လူငယ်များ၏ စွမ်းအားကို ကျင်းပကြသည်။ လူငယ်များရဲ့ စွမ်းအားနဲ့ ကမ္ဘာကြီးကို မီးရှို့လိုက်ကြစမ်းပါ အထူးသဖြင့် ချစ်ခြင်းမေတ္တာမီး၊ ပြန်လည်ကျေအေးခြင်းမီး၊ မိတ်သဟာမီးတို့ဖြင့် လောင်ကျွမ်းစေလိုက်ပါ ဟု လူငယ်များအား တိုက်တွန်းခဲ့သည်။ ပုပ်ရဟန်းမင်းကြီးက ထိုင်းနိုင်ငံတွင် မိန့်မှာခဲ့သည်အတိုင်း လူငယ်များအား လောကကြီးအတွက် ကြီးမားသော မဟာ အိပ်မက်၊ တရားမျှတမှုကို ဆာလောင်သောမီး၊ လူအားလုံးအတွက် တန်းတူ အခွင့်အရေးရရှိရေးမီး၊ မေတ္တာတရားနဲ့ သာတူညီမျှရှိသော ကမ္ဘာကို တည်ဆောက်ခြင်းမီး၊ ဘုရားသခင်နဲ့ ဘုရားသခင်၏ နိုင်ငံတော်အတွက် တောက်လောင်သောမီး တို့ကို တောက်လောင်စေကြရန် အားပေးခဲ့သည်။

လူငယ်များနှစ်အတွက် ဆောင်ပုဒ် - သင်၏ ငယ်ရွယ်နုပျိုခြင်းကို ချစ်မြတ်နိုးပါ

ဤကျမ်းပိုဒ်ကို ရှင်ပေါလုက တိမောသေထံပေးပို့သော ဆုံးမစာ ပထမစောင် ၄း၁၂ အား မှီးငြမ်းထားခြင်း ဖြစ်သည်။ "သင်၏ငယ်ရွယ်နုပျိုခြင်းကို မထီမဲ့မြင်မပြုစေနှင့်၊ သို့ရာတွင် သင်၏ အပြောအဆို၊ အပြုအမူ၊ ချစ်ခြင်းမေတ္တာ၊ ယုံကြည်ခြင်း၊ ဖြူစင်ခြင်းတို့ဖြင့် ယုံကြည်သူတို့အတွက် စံနမူနာဖြစ်စေပါလော့"

လူငယ်မောင်မယ်တို့သည် အသင်းတော်အတွက် အကောင်းဆုံးပေးဆပ်နိုင်ရန်လည်းကောင်း၊ လူငယ်တို့သည် လူ့အသိုင်းအဝိုင်းအတွက် စံနမူနာ ဖြစ်သကဲ့သို့ အသင်းတော်အတွက်လည်း စံနမူနာ ဖြစ်ကြရန်ဖြစ်သည်။

## ခရစ်တော် အသက်ရှင်လျက်ရှိတော်မူသည်
## Christus Vivit

၂၀၁၈ ခုနှစ် အောက်တိုဘာလ ၃-၂၈ ရက်အထိ ဗာတီကန်တွင် ကျင်းပပြုလုပ်ခဲ့သော လူငယ်များအတွက် ဆရာတော်ကြီးများ ညီလာခံအပြီး ထုတ်ပြန်ခဲ့သော ပုပ်ရဟန်းမင်းကြီး ဖရန်စစ်၏ စာချွန်တော်ကို ယခုနှစ်တွင် သေချာလေ့လာပြီး မြန်မာပြည် ကက်သလစ်အသင်းတော်အတွက် လူငယ်တမန်တော်လုပ်ငန်းကို ရေးဆွဲ အကောင်ထည်ဖော်ကြမည်။ ကက်သလစ် အသင်းတော်အနေနှင့် လူငယ်များ၏ အခန်းကဏ္ဍကို ဖေါ်ဆောင်ရင်း လူငယ်နှင့်အသင်းတော် အပြန်အလှန် အကျိုးပြုဖေးမလက်တွဲကူကြမည်။









# အာရှ သမ္မာတရားအသံလွှင့်ဌာန၏ နှစ် (၅၀) ပြည့် ရွှေစင်ဂျူဘီလီ အခမ်းအနား ကျင်းပ

အာရှသမ္မာတရားအသံလွှင့်ဌါန (Radio Veritas Asia - RVA)၌ထုတ်လွှင့်နေသည့် ဘာသာစကားပေါင်း (၂၂) ခု ရှိပြီး၊ မြန်မာ ပြည်မှ ဘာသာစကားစုစုပေါင်း (၁၁)ခု ပါ ဝင်ပါသည်။ မြန်မာ၊ စကောကရင်၊ ပိုးကရင်၊ ကချင်၊ ဖိုမီးချင်း၊ ဟားခါးချင်း၊ တီးတိန်ချင်း၊ မင်းတပ်ချင်း၊ ဖလမ်းချင်း၊ ကချင်ရဝမ်၊ ကချင်လီဆူးစတဲ့ တိုင်းရင်းသား ဘာသာ စကား (၁၁) ခုဖြင့် ထုတ်လွှင့် လျှက်ရှိနေပါ သည်။ ယခင်က ရေဒီယိုလှိုင်းတိုဖြင့် ထုတ်လွှင့် ခဲ့ရာမှ ယခု အခါ ခေတ်သစ်နည်းပညာ များအတိုင်း တိုးတတ်ပြောင်းလဲထုတ်လွှင့်လျှက်ရှိနေပါသည်။ အာဗီအေ ဌာနကြီး စတင်ခဲ့သည်မှာ နှစ်ပေါင်း(၅၀) တိုင်ခဲ့ပြီဖြစ် သည့်အတွက် ယခုလို ရွှေစင်ဂျူဘီလီပွဲ တော်ကြီးကို အာဗီအေမှ ထုတ်လွှင့်လျှက် ရှိသည့် ဘာသာစကားဌာန အသီးသီးတိုင်းက မိမိတို့ဘာသာစကား အစီအစဉ်အလိုက် တခမ်းတနား ကျင်းပနေကြခြင်းဖြစ်ပါသည်။

## မြန်မာဘာသာစကား

၂၀၁၉ ခုနှစ် အောက်တိုဘာလ (၁၉) ရက်နေ့ နံနက်က မန္တလေးရွှေနှလုံးတော် ကက်သီဒြယ်ဘုရားကျောင်း၌ ကာဒီနယ်ချားလ်စ်ဘို ဦးဆောင်၍ အာဗွီအေ နှစ် (၅၀) ပြည့် ကျေးဇူးတင် မစ္ဆားတရားတော် မြတ်ကိုကျင်းပပူဇော်ခဲ့ပါသည်။

မစ္ဆားတရားတော်မြတ်အား ကာဒီနယ်ဂိုဏ်းချုပ် ဆရာတော်ကြီး မာကုတင်ဝင်းမှ ဩဝါဒတရားရေအေးကို တိုက်ကျွေးခဲ့ပါသည်။



ဆရာတော်ကြီး မာကုတင်ဝင်းမှ ဩဝါဒ တရားရေအေးတိုက်ကျွေးရာ၌" အာဗီအေမှာ လုပ်ဆောင်နေသူ အားလုံးဟာ သာသနာပြုလုပ်ငန်းကို လုပ်ဆောင်နေတဲ့ အထဲမှာ ပါဝင်နေပါလားဆိုကို တွေးပြီးအားရနှစ်သိမ့်နိုင်ရမယ်။ ယနေ့ခေတ်မှာ ဘယ်လိုနေရာကိုပဲ ကြည့်ကြည့် သတင်းကောင်းတွေဟာ ရှားလာပြီး မကောင်းတဲ့သတင်းတွေကို မနက်မိုးလင်း ဖုန်းဖွင့်လိုက်တာနဲ့ ကြားနေရတဲ့အခါ ကျွန်ုပ်တို့ရဲ့ စိတ်တွေဟာအဲ့ဒီလို အပျက်တရားတွေကြားမှာပြည့်နေပြီလား။ ဒီနေ့ အာဗီအေဟာ မနက်လင်းတာနဲ့ ဘုရားသခင်ရဲ့ တရားတော်ကို လွှင့်ထုတ်ပေးနေတယ်။ သခင်ခရစ်တော်နဲ့မိမိနဲ့ ပေါင်းစပ်နိုင်ရအောင်၊ အာဗီအေကသင်တို့ဆီကို သယ်ဆောင်ပေးနေတယ်။ ယနေ့ခေတ် မီဒီယာမှာ အမုန်းစကားတွေ၊ ဝေဖန်စော်ကားခြင်းတွေ၊ သိက္ခာချခြင်းတွေ၊ စွပ်စွဲခြင်းတွေနဲ့ပြည့်နေတယ်။ အဲ့လိုလူတွေထဲမှာ ကျွန်ုပ်တို့တတွေ မပါဝင်ဖို့ အရေးကြီးတယ်။ ဒီနေ့လို ဂျူဘီလီပွဲကျင်းပတဲ့အခါမှာ ကျွန်ုပ်တို့တတွေလည်း ကောင်းမြတ်တဲ့အရာတွေကိုဖြည့်ထားရမှာဖြစ်တယ်။ ရဟန်းမင်းကြီးဖရန်စစ် ပြောကြားခဲ့တာက သင်တို့အားလုံးဝေဖန်ခြင်း၊ အပြစ်တင်ခြင်းတွေမှာ ပဲအားရမနေဘဲနဲ့ စွဲလန်းမနေဘဲနှင့် အမုန်နှင့်အမှားကိုသိရှိပြီး ကောင်းမြတ်တဲ့အရာများနှင့် တုန့်ပြန်ကာ အမုန်းတရားများကို ကောင်းမြတ်ခြင်းဖြင့် တုန့်ပြန်ရန် ကျွန်ုပ်သင်တို့ကို အားပေးတိုက်တွန်းပါတယ်လို့ ပြောကြားထားပါတယ်။ ဒါကြောင့် အမုန်းစကားတွေနဲ့ ပြည့်နေတဲ့ ကမ္ဘာကြီးကို ကျွန်ုပ်တို့ တရားတော်တွေနဲ့ ဖြည့်ခွင်းကြရအောင်။ ကျွန်ုပ်တို့ရဲ့ အမုန်တရားတွေနဲ့ သခင်ခရစ်တော်ရဲ့ အသက်ပေးတဲ့ နှုတ်ကပါဋ်တော်နဲ့ပြန်လည်ပြီးရင်ဆိုင်ကြရအောင်။ အားအင်အပြည့်နဲ့ ပိုမိုပြီး သာသနာပြုကြရအောင်။"ဟု ဩဝါဒတရားရေအေးကို တိုက်ကျွေးခဲ့ပါသည်။

ကျေးဇူးတင် မစ္ဆားတရားတော်မြတ်အပြီး၌ ဂျူဘီလီအခမ်းအနားနှင့်သောတရှင်များတွေ့ဆုံပွဲအား ဟိုတယ်မာဘယ်၌ ပြုလုပ်ခဲ့ပါသည်။

အာဗီအေအသံလွှင့်ဌာနစတင်ဖြစ်ပုံလာပုံများ၊ လက်ရှိလုပ်ရှားဆောင်ရွက်နေမှုများအကြောင်းများကို ဝေမျှကာ စာရေးဆရာဦးဘုန်းဓာတုမှလည်း လူမှုဝန်းကျင်အပေါ် မီဒီယာ၏ အကျိုးသက်ရောက်မှုကို ဟောပြောဝေမျှခဲ့ပါသည်။

ကာဒီနယ် ချားလ်စ်ဘိုမှလည်း " ယနေ့ခေတ်ကြီးမှာ မကောင်းတဲ့သတင်းဟာသတင်းဖြစ်ပြီး၊ ကောင်းတဲ့သတင်းဆိုရင် သတင်းအဖြစ် မယူစကြဖွတောတာကို တွေ့မြင်နေရတယ်။ သို့သော်လည်း Veritas မှ မှန်ကန်ပြီးကောင်းတဲ့သတင်းတွေကို ဖြန့်နေတာကိုတွေ့ရတယ်။ မီဒီယာဆိုတာ ကောင်းချီးမင်္ဂလာလည်းဖြစ်တယ်။ကျိန်ဆိုခြင်းခံရတာလည်းဖြစ်တယ်။ အကောင်းသုံးရင် ကောင်းချီးဖြစ်မယ်။ မကောင်းသုံးရင် ကျွန်ုပ်တို့အတွက် ကျိန်ဆိုခြင်းဖြစ်မယ်။ မြန်မာပြည်မှာ လေးဆယ်ရာခိုင်နှုန်းဟာအမုန်းစကားတွေကို ပြောနေကြတယ်။ အဲ့ဒီအထဲမှာ ချုပ်ကိုင်ခံနေရတယ်။ Radio Veritas က အဲ့ဒီထဲကနေကောင်းတဲ့သတင်း၊ မှန်တဲ့သတင်းကို ဖြန့်ဖြူးနိုင်အောင်ကြိုးစားကြရမှာဖြစ်ပြီး အမုန်းတရား၊ အဆဲတရားတွေထဲမှာ မှန်ကန်မှန်မြတ်တဲ့ တိုးတတ်ရာ၊ ဟုတ်မှန်ရာကိုရှာနိုင်တဲ့သူများဖြစ်ကြပါစေ" ဟုတိုက်တွန်းနိုးဆော်ခဲ့ပါသည်။

အာရှ ဆရာတော်ကြီးများအဖွဲ့ချုပ် လူထုဆက်သယ်ရေးဌာန အထွေထွေအတွင်းရေးမှူး Fr. George (FABC OSC, Executive Secretary)မှလည်း " အာဗီအေဟာ အာရှတိုက်တစ်လုံးအတွက် ရည်ရွယ်၍ တည်ထောင်ထားသည့် ဌာနတစ်ခု ဖြစ်ကြောင်း၊ အာဗီအေဟာ ဆင်းရဲသားများနှင့်တွေ့ဆုံခြင်း၊ ယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့် တွေ့ဆုံခြင်း၊ ဘာသာတရားများနှင့် တွေ့ဆုံဆွေးနွေးခြင်း စတဲ့ ခေါင်းစဉ်ကြီးသုံးခုအောက်မှာ လုပ်ဆောင်နေခြင်း ဖြစ်ကြောင်း၊ အာရှတိုက်မှာရှိတဲ့ လူအများရဲ့ ဓလေ့ထုံးစံကို ဆန့်ကျင်ပြီး ပြောတာမျိုး မဖြစ်စေလိုကြောင်း၊ ဘုရားသခင်ရဲ့ သတင်းစကားတွေကို ကြေညာဟောပြောဖို့ စိတ်အားထက်သန်တဲ့ သူတွေဖြစ်ရန်လိုကြောင်း၊ ကျွန်ုပ်တို့တတွေဟာ အသစ်သောနည်းပညာများကိုအသုံးပြုပြီးတော့ လူတွေဆီကိုသတင်းကောင်းကို ဖြန့်ဝေကြဖို့ရန်အတွက်"အားပေးတိုက်တွန်းခဲ့ပါသည်။

ဂျူဘီလီအခမ်းအနား၌ အာဗီအေနာယက ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုမှ မန္တလေး ကက်သလစ်ဂိုဏ်းချုပ်သာသနာပိုင် ဆရာတော်ကြီး မာကုတင်ဝင်းအား အာဗီအေ မြန်မာဘာသာ အစီအစဉ်အားဦးဆောင်ဦးရွက်ပြုရန် မြန်မာဘာသာ အစီအစဉ်၏ တရားဝင် ဆရာတော်အဖြစ် ခန့်အပ်ကြောင်းကိုကြေညာခဲ့ပါသည်။

News – Pinky

## စကောကရင် ဘာသာ စကား

အာရှသမ္မာတရား ရေဒီယို ထုတ်လွှင့်ခြင်းကို ၁၉၆၉ ခုနှစ်တွင် စတင်အသံလွှင့်ခဲ့ပြီး ယခုနှစ်၂၀၁၉ သည် နှစ် ၅၀ ပြည့်ခဲ့ပြီဖြစ်သည်။ အာရှတိုက် အတွင်းရှိ ဘာသာစကား အမျိုးမျိုးဖြင့် ထုတ်လွှင့်ခဲ့သော ရေဒီယိုအသံလွှင့် ဌာနတစ်ခု ဖြစ်သည်။ ထိုအထဲတွင် မြန်မာပြည်ရှိ စကောကရင်ဘာသာလဲ ပါဝင်သည်။ ထိုကြောင့် နှစ် ၅၀ ပြည့်ဂျူဘီလီပွဲကို စကောကရင်ဘာသာအနေဖြင့် ဘားအံသာသနာရှိ သိမ်ဆိမ့်ကျေးရွာတွင် အောက်တိုဘာလ ၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည်။ ထိုအခမ်းအနားသို့ ကာဒီနယ် ချားလ်စ်ဘို (ရန်ကုန်ဂိုဏ်းချုပ် ဆရာတော်ကြီး) အပါအဝင်၊ ဆရာတော်ကြီး ဂျက်စတင်းစောမင်းသိုက် (ဘားအံဂိုဏ်းအုပ်သာသနာ) ၊ ဆရာတော်ကြီး ရေမွန်စောဖိုးရေ (မော်လမြိုင်ဂိုဏ်းအုပ်သာသနာ)၊ ဆရာတော်ကြီး ဂွန်မန်းဆိန်းဟီ (ပုသိမ်ဂိုဏ်းအုပ်သာသနာ) နှင့် ဆရာတော် ဂွန်စောယောဟန် (ရန်ကုန်ဂိုဏ်းချုပ် သာသနာ) တို့ တက်ရောက် ခဲ့ကြသည်။

နှစ် ၅၀ ပြည့် ဂျူဘီလီပွဲကို မစ္ဆားတရားဖြင့် စတင်ပြီး၊ ကရင်ရိုးရာ အကပဒေသာများ၊ စကောကရင် အသံလွှင့်ဌာနတွင် အလုပ်လုပ်ခဲ့သော သူများအား ဂုဏ်ပြုမှတ်တမ်းပေး အပ်ခြင်းများနှင့် ကံစမ်းမဲအစီအစဉ်များ ပြုလုပ်ပေးခဲ့ကြသည်။ ထိုအခမ်းအနားသို့ ရဟန်းတော်များ၊ ကက်သလစ်သူတော်စင် များနှင့် ဘာသာဝင်များ စုစုပေါင်း (၈၀၀) ကျော်ခန့် တက်ရောက်ခဲ့ကြသည်။

OSC (မော်လမြိုင်)



## တီးတိန်ချင်း ဘာသာစကား



အာရှသမ္မာတရား အသံအလွှင့်ဌါန၏ အနှစ် (၅၀) ပြည့် ရွှေစင်ဂျုဘီလီပွဲကို အောက်တိုဘာ (၁၁-၁၂၊၂၀၁၉) များတွင် ကလေးသာသနာဆရာတော်ကျောင်းတိုက်တွင် RVA Tedim Chin service မှ ကြီးမှူးကျင်းပခဲ့ပါသည်။ ၄င်းဂျုဘီလီပွဲတွင် ဖိလစ်ပိုင်နိုင်ငံမှ Rev.Fr. George Plathottam (FBAC-OSC Executive Director), Rev. Fr. Victor (RVA-General Manager)နှင့် ဟားခါးသာသနာရှိ ဟားခါး၊ ဖလမ်း၊ မင်းတပ်တို့မှ RVA ဝန်ထမ်းများနှင့် ကလေးသာသနာရှိ စီရင်စုအသီးသီးမှ ဓမ္မဆရာများနှင့် လူငယ်ခေါင်းဆောင်များ၊ ဘုန်းတော်ကြီးများနှင့် ကလေးမြို့ပေးရှိ ဘာသာတူများ တက်ရောက် ပါဝင်ခဲ့ကြပါသည်။ အောက်တိုဘာ ၁၁ ရက်နေ့ညနေတွင် ရွှေပွဲလာများကို ညနေစာဖြင့် တည်ခင်းဧည့်ခံကျွေးမွေးခဲ့ကြပါသည်။

ညဖျော်ဖြေပွဲ အစီအစဉ်များကို Assumption Minor Seminary Hall တွင်ကျင်းပခဲ့ပါသည်။ ၎င်းအစီအစဉ်များတွင် ကလေးသာသနာပိုင် ဆရာတော်ဘုရားမှ အဖွင့်မိန့်ခွန်း မြွက်ကြားခြင်း၊ Rev.Fr. Andrew Thang Ngaih မှ Tedim Chin Service ၏ သမိုင်းအတိုချုပ်၊ Rev.Fr. George, Rev.Fr. Victor နှင့် Rev.Fr. Garbiel တို့မှ Online service အရေးပါပုံနှင့် ဘာသာတူများ၏ ပံ့ပိုးမှုလည်း များစွာအရေးကြီးကြောင်း ပြောကြားခဲ့ကြပါသည်။ ထိုအစီအစဉ်များ တစ်ခုနှင့် တစ်ခုကြားတွင်ကလေးမြို့ပေါ်ရှိ St. Mary Cathedral, Sts. Peter & Paul, St. Theresa Parish(Tahan) လူငယ်များ၊ St. Theresa's Novitiate နှင့် Postulants သီလရှင်လောင်းများမှ ရိုးရာအကများဖြင့် ကပြဖျော်ဖြေခဲ့ကြပါသည်။

ထို့နောက် ကလေးသာသနာ လူထုဆက်သွယ်ရေးနှင့် RVA Tedim Chin Service တာဝန်ခံ ဘုန်းတော်ကြီး Rev.Fr. Joseph Zo Mung မှ RVA Tedim Chin Service ၏ လက်ရှိလုပ်ငန်းစဉ်များရှင်းလင်းပြောကြားခြင်း၊ RVA ဝန်ထမ်းများ မိတ်ဆက်ခြင်းနှင့် တဆက်တည်းမှာပဲ ရွှေစင်ဂျုဘီလီပွဲသို့ တက်ရောက်ပါဝင် အားပေးသူတိုင်းအား အထူးပင် ကျေးဇူးတင်ကြောင်း မြွက်ကြားခဲ့ပါသည်။

ရွှေစင်ဂျုဘီလီပွဲ ကျေးဇူးတင်မစ္ဆားတရားကို ၁၂.၁၀.၂၀၁၉ နေ့ နံနက် (၈း၀၀) နာရီအချိန်တွင် Sts. Peter & Paul ဘုရားကျောင်းတွင် ကလေးသာသနာပိုင် ဆရာတော်ကြီး Felix Lian Khen Thang နှင့်အတူ ဘုန်းတော်ကြီး (၃၂) ပါးနှင့်ဘာသာတူ အယောက် (၈၀၀) ခန့် တက်ရောက်ပါဝင်ခဲ့ကြပါသည်။

ရွှေပွဲလာ ဘာသာတူများကိုဘုရားကျောင်းအပြီးတွင် RVA Tedim Chin Service မှ ဖျော်ရည်နှင့် မုန့်ဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြပါသည်။ ထို့နောက် ရွှေစင်ဂျုဘီလီ အမှတ်ရ ထုတ်ထားသော ဦးထုပ်များကို အထူးဧည့်သည်တော်များ၊ ကပြဖျော်ဖြေကြသည့် လူငယ် မောင်မယ်များနှင့် နယ်ဝေးမှ ကြွရောက်လာသော ဧည့်သည်တော်များကိုသာ ပေးအပ်ခဲ့ပါသည်။ နယ်ဝေးမှ ကြွရောက်လာသော ဧည့်သည်တော်ကြီးများသည် နေ့လည်စာ သုံးဆောင်ပြီးမှ အိမ်အပြန်လမ်းစရိတ် ထုတ်ယူကာ ဝမ်းသာအားရစွာဖြင့် ပြန်သွားကြပါသည်။

Veronica Hawm (OSC Kalay)

## ၂၀၁၉ အောက်တိုဘာ အထူးသာသနာပြုလ ပိတ်ပွဲ



တောင်ငူဂိုဏ်းအုပ်သာသနာ မှ ၂၀၁၉အောက်တိုဘာ အထူးသာသနာပြုလ ပိတ်ပွဲကို (၃၁.၁၀.၂၀၁၉)နေ့ လိပ်သိုမြို့ ၊ ယေရှုးရွှေနှလုံးတော်ဘုရားကျောင်းတော်ကြီး၌ ကျင်းပပြုလုပ်ခဲ့ကြပါသည်။

၎င်းပိတ်ပွဲကို မြန်မာနိုင်ငံလုံးဆိုင်ရာ(PMS) ရဟန်းမင်းကြီးဆိုင်ရာ သာသနာပြု အသင်းများ ၏ဒါရိုက်တာ Rev. Fr. ဘယ်နယ်ဒီးနို နဲနယ်မှ ကျေးဇူးတင် မစ္ဆားတရားတော်မြတ်တွင် တရားရေအေး တိုက်ကျွေးပေးခြင်း၊ အထူးသာသနာပြုလ သတင်းကောင်း ဝေမျှပေးခြင်း၊ တောင်ငူသာသနာ (PMS) ဒါရိုက်တာ Rev. Fr. ဇေးဗီးယားဝင်းမောင်မှ အမှာစကား မြွက်ကြားခြင်းနှင့် လိပ်သိုကျောင်းထိုင် Rev.Fr.ဒါညေးလည် အာခိုးမှ အသင်းအဖွဲ့အသီးသီး မှသာသနာပြုတမန်တော်လုပ်ငန်း လှုပ်ရှားမှု မှတ်တမ်းပြခန်းကို ကောင်းချီးပေး ဖွင့်လှစ်ပေးခဲ့ပါသည်။ ပါဝင်တက်ရောက်သူ (၅၀၀) ကျော်ရှိပါသည်။

ဒက်ဖူးမယ် (I.S.R)

## လိပ်သိုတိုက်နယ် သာသနာပြု ကလေးများသူငယ်များ ခရစ္စမားအားပေးခြင်းစက္ကရာမင်းတူးခံယူခြင်း

တောင်ငူ ဂိုဏ်းအုပ်ဆရာတော် အိုက်ဇက်ဓာနမှ လိပ်သိုတိုက်နယ် ၊ သာသနာပြု ကလေးသူငယ်များအတွက် ခရစ္စမား အားပေးခြင်း စက္ကရာမင်းတူးကို ၂၀၁၉ ခု နိုဝင်ဘာလ ၃ ရက် တနင်္ဂနွေနေ့ လိပ်သိုမြို့ ယေရှုးရွှေ နှလုံးတော် ဘုရားကျောင်းတော်ကြီး၌ကျင်းပပြုလုပ်ခဲ့ကြပါသည်။ ဆရာတော်ကြီးနှင့် အတူ Rev.Fr.ဘာစီးလျိုအောင်ခင်စိုး၊ Rev.Fr. ဂေဂေါ်ရီထွန်းတင်နှင့် RevFr. ဒါမြားနီ အေးကိုတို့မှ ကလေးများတို့အား ခရစ္စမား အားပေးခြင်း စက္ကရမင်းတူးကို ဝိုင်းဝန်းကူညီပေးခဲ့ကြပြီး ကလေးများ(၃၅၂) ဦးနှင့် ပါဝင်တက်ရောက်သူ (၈၀၀) ကျော် ရှိပါသည်။

ဒက်ဖူးမယ် (I.S.R)



# မော်လမြိုင် ဂိုဏ်းအုပ်သာသနာတွင် ကက်သလစ် ဘော်ဒါထိန်း အရည်အချင်းမြှင့် အသိပေး သင်တန်း ကျင်းပပြီးစီး



ကက်သလစ် ဘော်ဒါထိန်းအရည်အချင်းမြှင့် အသိပေးသင်တန်းကို မော်လမြိုင်ဂိုဏ်းအုပ်သာသနာ၊ မြိတ်မြို့ရှိ ကလွင်ရေပုန်းရပ်ကွက်တွင် အောက်တိုဘာလ ၂၃ ရက်မှ ၂၇ ရက် ၂၀၁၉ ခုနှစ်တွင်ပြုလုပ်ကျင်းပခဲ့ကြသည်။

ထိုသင်တန်းကိုပညာရေး တာဝန်ခံ Rev. Fr George မှ ဦးဆောင်ကာ သင်တန်း ဆရာများအဖြစ် ဘုန်းတော်ကြီးများ၊ ဆရာဝန်များ၊ ရှေ့နေကြီးများနှင့် အခြား အသိပညာရှင် အတတ်ပညာရှင်များက အားဖြည့်ပေးခဲ့ကြသည်။

သင်တန်းသား များအဖြစ် မော်လမြိုင် သာသနာ အတွင်းရှိ ရေး၊ ကညင်ချောင်း၊ ထားဝယ်၊ ပုလော၊ ကဒဲ၊ မြိတ်၊ ဝါးချောင်း၊ လောညာနှင့် မဇေ ကျေးရွာ အသီးသီးမှ စုစုပေါင်းလူဦးရေ ၃၅ ဦး တက်ရောက်ခဲ့ကြသည်။

ထိုသင်တန်း တွင် ကက် သလစ်ဘော်ဒါထိန်း တစ်ဦးအနေနဲ့ သိသင့်သိထိုက်သော ကလေး သူငယ်ဆိုင်ရာ အခွင့်အရေး၊ ပြဿနာဖြေရှင်းနည်းများနှင့် လူမှုရေးဖွံ့ဖြိုးမှု၊ အစာအာဟာရနှင့် လူ့သဘာဝ ဖြစ်ထွန်းမှုနှင့် ကျန်းမာရေး၊ ကက်သလစ်အသင်းတော်၏ လူမှုရေးသွန် သင်ချက်များ၊ ဘော်ဒါထိန်း တို့တွင် ရှိသင့်သော အရည်အချင်းများ၊ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းမှုနှင့် ဒေသခံများ၏အခွင့် အရေးများ၊ လူကုန်ကူးမှု ပြဿနာများ၊ ဌာနဆိုင်ရာများနှင့် ဆက်ဆံရေး စသောဘာသာ ရပ်များဖြင့် ပို့ချပေးခဲ့သည်။

သင်တန်း နောက်ဆုံး နေ့တွင် မြိတ်မြို့ပေါ်သို့ လေ့လာရေး ခရီးအဖြစ် သွား ရောက်ခဲ့ကြသည်။

OSC (မော်လမြိုင်)

# စုံလင်သော အာရုနည်း/ဟန် သာသနာပြုနည်း ASIPA အမြင်ဖွင့် သင်တန်းများ



စုံလင်သော အာရုနည်း/ဟန် သာသနာပြုနည်း ASIPA အမြင်ဖွင့် သင်တန်းများကို ပြည်သာသနာ ASIPA တာဝန်ခံ Rev. Fr. Polycarp Aung Lwing မှ မတူညီသော တိုက်နယ်၃ခုတွင် မတူညီသော ကက်သလစ် ဘာသာရေးအသင်းအဖွဲ့ ၃ စု တို့အား ဦးဆောင်ပို့ချ မျှဝေသင်ကြားပေးခဲ့ပါသည်။

အဆိုပါမတူညီသော တိုက်နယ်များနှင့် ဘာသာရေး အသင်းအဖွဲ့များဖြစ်သည့် ပေါက်ခေါင်းတိုက်နယ်ရှိ သာသနာပြုကလေးဘော်ဒါ ကျောင်းသူကျောင်းသားများ ဦးရေစုစုပေါင်း ၇၀ ဦးကို အောက်တိုဘာလ ၂၅ မှ ၂၇အထိသော်လည်းကောင်း၊ ဥသျှစ်ပင်တိုက်နယ်ဒန့်သလွန်ကျေးရွာတွင် ဥသျှစ်ပင်တိုက်နယ် မိခင်ဖခင်များ (၅၅) ဦးကို အောက်တိုဘာလ ၃၀ မှ နိုဝင်ဘာလ ၁ ရက်အထိသော်လည်းကောင်း၊ အောင်လံကက်သလစ် ဘုရားကျောင်းဝင်းရှိ သာသနာ့ခန်းမဆောင်တွင် ပြည်မပိုင်းဖုံလူငယ်များ (၇၀) ဦးကို နိုဝင်ဘာလ ၄ မှ ၅ အထိလည်းကောင်း ပို့ချပေးခဲ့ကြပါသည်။

ထို သင်တန်းများတွင် တဦးစီ၌ဖြစ်စေ မိသားစုများ၌ဖြစ်စေ ပတ်ဝန်းကျင်အဖွဲ့အစည်း၌ဖြစ်စေ ရှိအပ်သော ကက်သလစ် ခရစ်ယာန် စိတ်နေစိတ်ထားနှင့် အကျင့်တရားများ၊ ကျမ်းစာဝေမျှခြင်းများနှင့် ပညာပေး social games များ သင်ကြားမျှဝေပေးခဲ့ပါသည်။





သင်တန်းသို့ ပါဝင်တက်ရောက် လာခဲ့ကြသော မိခင်ဖခင်၊ ကလေး၊ လူငယ် များမှ သင်တန်းအတွင်း တက်တက်ကြွကြွ ပါဝင်လှုပ်ရှားခဲ့ကြသည့် အပြင် သင်တန်း အပြီးတွင်လည်း အားရ ကျေနပ်စွာဖြင့် မိမိတို့၏ နေအိမ်သို့အသီးသီးပြန်သွားခဲ့ကြပါသည်။

OSC-Pyay

# ပြည်မပိုင်းဖုံ လူငယ်များအား လူကုန်ကူးမှု အသိ ပညာပေး သင်တန်း

ပြည်သာသနာ ပြည်မပိုင်းဖုံ လူငယ်များအား လူကုန်ကူးမှုအသိပညာပေး သင်တန်းကို ၂၀၁၉ နိုဝင်ဘာလ ၃ မှ ၄ အထိ အောင်လံ ကက်သလစ်ဘုရားကျောင်းရှိ သာသနာ့ခန်းမဆောင်တွင် ပြည်သာသနာ လူငယ်တာဝန်ခံ ဖါသာရ် ဩဂတ်စတင်း ကျော်ကျော်လွင် မှ ဦးဆောင်ပြုလုပ်ပေးခဲ့ပါသည်။

အဆိုပါ နှစ်ရက်တာ သင်တန်း အား ဆရာနီကောလပ်စ် (ရန်ကုန်) မှ ပို့ချသင်ကြားပေးခဲ့ပါသည်။ ထိုသင်တန်း တွင် ပြည် မပိုင်းဖုံ တိုက်နယ်အသီးသီးမှ လူငယ်စုစုပေါင်း(၇၀)ဦးပါဝင်တက်ရောက်ခဲ့ပါသည်။

OSC-Pyay



# စိန့် ဒေါမိနစ် ဆာဗီယို ဆင်းထုတော် ပလ္လင်တင် ကောင်းကြီး ပေးခြင်း နှင့် ကျောင်းထိုင် ဖါသာရ် ဒယ်နီအဲလ် အာခိုး၏ နှစ် (၅၀)ပြည့် မွေးနေ့ကျင်းပခြင်း





တောင်ငူ ဂိုဏ်းအုပ် သာသနာ၊ လိပ်သိုမြို့ စိန့်ဒေါမိနစ် ဘော်ဒါဆောင်ရှိ စိန့်ဒေါမိနစ် ဆာဗီယို၏ ဆင်းထုတော် ပလ္လင်တင် ကောင်းချီးပေးခြင်းနှင့် လိပ်သိုကျောင်းထိုင် Rev. Fr. Daniel အာခိုး၏ နှစ် (၅၀) ပြည့် မွေးနေ့ပွဲတော်ကို ၂၀၁၉ ခု နိုဝင်ဘာလ ၁၅ ရက် နေ့တွင် ဘုန်းတော်ကြီး ကျောင်းဝင်း၌ ကျင်းပပြု လုပ်ခဲ့ပါသည်။

၎င်းအခမ်းအနားကို သာသနာပြု ကလေး သူငယ်များအသင်းနှင့်ဖခင်အသင်း တို့မှ ဗုံပုလွေဖြင့် ကြိုဆိုဖျော်ဖြေပေးခြင်း၊ ဆင်းထုတော်ကို ကျောင်းထိုင်ဘုန်းတော် ကြီးမှ ကောင်းကြီးပေးကာ ရဟန်းတော်(၇)ပါးနှင့် အတူ ကျောင်းသူကျောင်းသားများ၊ ပါဝင် တက်ရောက်သူများ (၈၀၀) ကျော် ရှိပါသည်။

ဒက်ဖူးမယ် (I.S.R)

# တောင်ငူဂိုဏ်းအုပ်သာသနာ ကျန်းမာရေးကော်မရှင်လှုပ်ရှားမှု

တောင်ငူ ဂိုဏ်းအုပ်သာသနာ ကျန်းမာရေး ကော်မရှင်အဖွဲ့မှ မိတ်သလင်တောင်တိုက်နယ်အတွင်းရှိ လူနာများ ဆေးဝါးကုသပေးခြင်းနှင့် ပညာပေးခြင်းအစီအစဉ် တစ်ရပ်ကို (၁၇.၁၁.၂၀၁၉) နေ့တွင် မိတ်သလင်တောင် အထက်ကျေးရွာ ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြပါသည်။

ကျောင်းထိုင် Rev. Fr. ရီးချက်အားခိုနှင့် ဒါရိုက်တာ Rev. Fr. ဘိုဒရီးနိုအာနောင်းတို့မှ မစ္ဆားတရားတော်မြတ်ဖြင့် အစပြုကာ ၎င်း ကော်မရှင်အဖွဲ့မှ နှစ်ပတ်လည် အစည်းအဝေးကို တစ်ပါတည်း ကျင်းပပြုလုပ်ပြီး လူနာ (၂၁၆)ဦးမှ ဆေးဝါးကုသမှု ခံယူခဲ့ကြပါသည်။

ဒက်ဖူးမယ် (I.S.R.)



# တောင်ငူဂိုဏ်းအုပ်သာသနာ လုံးဆိုင်ရာ ကက်သလစ်လူငယ်များ၏ (၆)လပတ် အစည်းအဝေး

တောင်ငူဂိုဏ်းအုပ်သာသနာ လုံးဆိုင်ရာ ကက်သလစ်လူငယ်များ၏ (၆) လပတ် အစည်းအဝေး ကို၂၀၁၉ ခု အောက်တိုဘာ ၁၂ ရက်မှ ၁၄ ရက် အထိ သောက်ရေခပ်တိုက်နယ် သောက်ရေခပ်ကျေးရွာ တိုက်နယ်ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြပါသည်။

သာသနာ လုံးဆိုင်ရာ လူငယ်ဒါရိုက်တာ ဖါသာရ် ဂျွန်ငြိမ်းမင်းသူ၊ တွဲဖက်တာဝန်ခံ စစ္စတာ ဂျူးဒစ်မိငယ်တို့မှ ဦးဆောင်ကာ တိုက်နယ် အသီးသီးမှ ခေါင်းဆောင် (၈၅) ဦး ပါဝင် တက်ရောက်ခဲ့ကြပါသည်။

ဒက်ဖူးမယ် (I.S.R)











# Couples for Christ (CFC) Myanmar ၊ မန္တလေး အဖွဲ့ ငါးနှစ်ပြည့်အခမ်းအနား



Couples for Christ (CFC) Myanmar, Mandalay အဖွဲ့ ငါးနှစ်ပြည့် အခမ်းအနားကျေးဇူးတင် မစ္ဆားတရားတော် မြတ်ကို (၂၄.၁၁.၂၀၁၉) ရက်နေ့ နံနက် (၈း၀၀) နာရီကရွှေနှလုံးတော်ကက်သီဒြယ် ဘုရားကျောင်း၌ ကျင်းပပူဇော်ခဲ့ပါသည်။

မစ္ဆားတရားတော်မြတ်အား ဂိုဏ်းချုပ်ဆရာတော်ကြီး ပေါလ်ဇိန်ထုန်းဂရောင် (ငြိမ်း) မှ ဦးဆောင်ကာပူဇော်ခဲ့ပြီး Msgr.Fr. Jodu မှ ဩဝါဒတရားရေအေး တိုက်ကျွေးခဲ့ပါသည်။



CFC Myanmar, Mandalay ငါးနှစ်ပြည့်အခမ်းအနားသို့ CFC Philippines မှခေါင်းဆောင်များနှင့်မန္တလေးမှအဖွဲ့ဝင်များ လည်းပါဝင်တက်ရောက်ခဲ့ကြပါသည်။

CFC အဖွဲ့သည် ကက်သလစ်ခရစ်ယာန် မိသားစုများအချင်းချင်း ခွန်အားယူခြင်း၊ ပြန်လည်ဆန်းသစ်ခြင်းများ အားဖြင့် ဘုရားသခင်၏မေတ္တာတော်ကိုလူသားတိုင်း ခံစားရရှိနိုင်ရန်အတွက် အစေခံသော အဖွဲ့အစည်းတစ်ခုဖြစ်သည်ဟု သိရှိရပါသည်။

CFC သည် မိသားစုများအားဝိညာဉ်ရေးရာ၌ ရှင်သန်တိုးတက်ပြီး ဘာသာတရား ကိုင်းရှိုင်းသော၊ ကိုယ်ကျင့်တရားကောင်းမွန်မှန်ကန်သော မိသားစုများ ဖြစ်လာစေရန်လည်း ပုံသွင်းလမ်းညွှန်သွန်သင်မှုပေးသည်ဟုလည်းသိရှိရပါသည်။

CFC ၌

Kids for Christ

Youth for Christ

Singles for Christ

Handmaids of the Lord

Servants of the Lord

Couples for Christ ဟူ၍ အသက်အရွယ်အလိုက် အဖွဲ့အသီးသီး ရှိတယ်လို့သိရှိရပါသည်။

CFC အဖွဲ့ကို မြန်မာနိုင်ငံ၌ ၂၀၁၄ ခုနှစ်က မန္တလေး ကက်သလစ်ဂိုဏ်းချုပ်သာသနာပိုင်ဆရာတော်ကြီး ပေါလ်ဇိန်ထုန်းဂရောင်၏ အားပေးလမ်းညွှန်မှုဖြင့် စတင်ခဲ့ရာ ဆရာတော်ကြီး နီကောလာစ်းမန်ထန်းနှင့် ယခုလက်ရှိ ဆရာတော်ကြီး မာကုတင်ဝင်းတို့၏ အားပေးလမ်းညွှန်မှုများဖြင့် လုပ်ဆောင်ခဲ့ရာ ယနေ့ ၂၀၁၉ ခုနှစ် ၊ နိုဝင်ဘာလ (၂၄) ရက်နေ့ဆိုလျှင် ငါးနှစ်တိုင်ခဲ့ပြီဖြစ်ကြောင်းသိရှိရပါသည်။

Photos News - PINKY

# မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ်အဖြစ်ကျင်းပသောအပြည်ပြည်ဆိုင်ရာ နားလည်သင့်မြတ်မှုနေ့ အခမ်းအနားကျင်းပ



ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးအဖွဲ့ (ငြိမ်းချမ်းမေတ္တာအဖွဲ့)နှင့် မြန်မာနိုင်ငံ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနတို့ ပူးပေါင်း၍မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ် အပြည်ပြည်ဆိုင်ရာ နားလည်သင့်မြတ်မှုနေ့ အခမ်းအနားအား နိုဝင်ဘာလ (၁၆) ရက်နေ့ နံနက် (၉း၀၀-၁၂း၀၀) နာရီထိ မန္တလေးမြို့ ဟီလ်တန်ဟိုတယ် ( HILTON Hotel) တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဘာသာကြီးငါးဘာသာမှ ဘာသာရေးခေါင်းဆောင်များနှင့် ကိုယ်စားလှယ်တော်များ၊ ငြိမ်းချမ်းမေတ္တာအဖွဲ့မှ တာဝန်ရှိသူများ ပါဝင် တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနား၌ မန္တလေးကက်သလစ်ဂိုဏ်းချုပ်သာသနာမှ ဆရာတော်ကြီး မာကုတင်ဝင်း၊သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးကြည်မင်း၊ ငြိမ်းချမ်းမေတ္တာအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းမေတ္တာ အဖွဲ့၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Bishop Gunner Stalsett တို့မှ အမှာစကားများပြောကြားခဲ့ပါသည်။

အဲ့ဒီနောက် ဘာသာကြီးငါးဘာသာမှ ဘုန်းတော်ကြီးနှင့် ဆရာတော်များက မိမိတို့ ကိုးကွယ်ယုံကြည်ရာ ဘာသာတရားများအတိုင်း မြန်မာပြည်ကြီးအတွင်း ငြိမ်းချမ်းမှုရစေရန် အသီးသီးဆုတောင်းမေတ္တာများပို့သခဲ့ကြပါသည်။

အပြည်ပြည်ဆိုင်ရာ နားလည်သင့်မြတ်မှုနေ့ ကျင်းပခြင်း ရည်ရွယ်ချက်သည် လူ့အဖွဲ့အစည်းအတွင်း မတူကွဲပြားမှုများကို နားလည် လက်ခံတက်ရန်နှင့် နိုင်ငံသားအချင်းချင်းလူမျိုး၊ ဘာသာမခွဲခြားပဲ အတူတကွ လက်တွဲဆောင်ရွက်ကာ ငြိမ်းချမ်းညီညွတ်စွာဖြင့် အတူယှဉ်တွဲနေထိုင်နိုင်ရန် ရည်ရွယ်ချက်ဖြင့် နှစ်စဉ် နိုဝင်ဘာလ(၁၆) ရက်နေ့က ကမ္ဘာတစ်ဝှမ်းတွင် ကျင်းပကြခြင်းဖြစ်ကြောင်းသိရှိရပါသည်။

ကမ္ဘာ့ ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ နားလည်သင့်မြတ်မှုနေ့ကို ၁၉၉၅ ခုနှစ်တွင် ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက သတ်မှတ်ခဲ့ပြီး နှစ်စဉ်နိုဝင်ဘာလ (၁၆) ရက်နေ့တွင် ကျင်းပပါသည်။ မြန်မာနိုင်ငံအနေဖြင့် ယခုအကြိမ်သည် ပထမဦးဆုံးအကြိမ်ကျင်းပခြင်းဖြစ်ပါသည်။

Pinky ( MDY-OSC)



သမိုင်းဆိုတာဘာလဲလို့ မေးလာခဲ့ရင် ကျနော်တို့ လွယ်လွယ်လေးပဲဖြေကြပါတယ်။ အကြောင်းရယ်၊ အဖြစ်ပျက်ရယ်၊ အကျိုးရယ် ဒီသုံးခုဆက်မှသမိုင်းဖြစ်တယ်။ အကြောင်းခံရှိလို့ အဖြစ်ပျက်ဆိုတာရှိလာရပြီး အဖြစ်အပျက်ကနေ ကောင်းကျိုးဆိုးကျိုးတွေလည်း ပေါ်လာရပါတယ်။ ဖြစ်ပြီးသားကိစ္စတွေကိုစံပြုပြီး သင်ခန်းစာယူဖို့ ရေးပေးတာဟာ သမိုင်းပါပဲ။ မကောင်းတဲ့ဖြစ်စဉ်တွေကိုရှောင်ပယ်ကြပြီးကောင်းတဲ့အရာတွေကိုဆက်လက် ထိန်းသိမ်းထားကြဖို့ သမိုင်းထဲကနေ သင်ခန်းစာယူလေ့လာကြရပါတယ်။ သင်ခန်းစာယူတတ်အောင်၊ မ'အ' ရအောင်သမိုင်းကိုသိကြဖို့လိုပါတယ်။ အဲ့ဒီတော့သမိုင်းကို ရေးတဲ့အခါ စိတ်ကူးယဉ်တာတွေမပါဘူး။ ချဲ့ထွင်တာတွေမရှိဘူး။ အထောက်အထား ခိုင်လုံစွာနဲ့ အတိတ်ကအကြောင်းကို ချပြပေးလိုက်တာဟာ သမိုင်းပဲ။ ကမ္ဘာ့သမိုင်း၊ မြန်မာ့သမိုင်း၊ အသင်းတော်သမိုင်း ဆိုပြီး သမိုင်းပေါင်းမြောက်များစွာရှိတဲ့အထဲက အတိတ်မှာဖြစ်ခဲ့လို့ပြီးခဲ့တာမှန်ပေမဲ့ ယနေ့ထက်ထိ ဆန်းကြယ်ခမ်းနားစွာ ရှင်သန်ဖြစ်တည်နေတဲ့သမိုင်းကတော့ ကယ်တင်ခြင်းသမိုင်းပဲလို့ ဆိုရတော့မှာပါ။

သမိုင်းအထောက်အထား ခိုင်မာစွာနဲ့ ပေထက်အက္ခရာတင်ထားခဲ့တဲ့ သမ္မာကျမ်းစာတော်မြတ်မှာ ကယ်တင်ခြင်းသမိုင်းကို ကျနော်တို့တွေ လေ့လာဖတ်ရှုလို့ရနိုင်ပါတယ်။ ခရစ်ဝင်ကျမ်း ၄ စောင်ထဲကတစ်စောင်ဖြစ်တဲ့ သံမာတေဦး ခရစ်ဝင်ကျမ်းစာတော်မြတ်မှာဆိုရင် ခရစ်တော်ဘုရားရှင်ရဲ့ဆွေစဉ်မျိုးဆက်တွေကို မှတ်တမ်းတင်ရစ်ထားပါတယ်။

*အာဘရာဟံရဲ့သား အီဇတ်ကနေ ဒါဝိတ်ရှင်ဘုရင်မင်းကြီး အထိဆွေစဉ် ၁၄ ဆက်၊

*ဒါဝိတ်မင်းကြီးရဲ့သားတော် ဆောလမွန်မင်းကနေ ဘာဘီလွန်ပြည်သို့ အကျဉ်းသားအဖြစ် ခေါ်ဆောင်သွားခြင်းခံရခါနီးမှာမွေးဖွားခဲ့ကြတဲ့ ဂျေကိုးနီယားနဲ့ညီအကိုတွေထိ ဆွေစဉ် ၁၄ ဆက်၊

* ဂျေကိုးနိယားရဲ့သားကနေ ယာကုပ်ရဲ့သား မာရီယားရဲ့ခင်ပွန်းတော် ဂျိုးဇက်အထိဆွေစဉ် ၁၄ ဆက်၊ စုစုပေါင်း ၄၂ ဆက်ရှိခဲ့ပါတယ်။

ဆွေစဉ်မျိုးဆက်တွေကိုပြောနေရခြင်းရဲ့အကြောင်းရင်းက ယေရှုဘုရားရှင်ဟာ ပြုန်းကနဲကောက်ခါ ငင်ခါဖွားမြင်လာခဲ့တာ မဟုတ်ဘဲ အကြောင်းအရင်းတစ်ခုခုကြောင့် သေချာစီမံပြင်ဆင်ပြီးတော့မှ ဖွားမြင်ခြင်းကိုခံတော်မူခဲ့ခြင်းဖြစ်ပါတယ်။ လူတွေနဲ့အတူ ရှိတော်မူတဲ့ဘုရား ဖြစ် တယ်ဆိုတာကို အခိုင်အမာပြောပြချင် လို့ပဲ ဖြစ်ပါတယ်။ ယေရှုဘုရားရှင်ရဲ့ဆွေစဉ်မျိုးတော်တွေကိုပုပ်ဖရန်စစ်အရှင်သူမြတ်က ထောက်ရှုပြီး ဘုရားရှင်ဟာ လူတွေကိုဘယ်တော့မှ ပစ်မထားခဲ့တဲ့ဘုရား၊ လူတွေနဲ့အတူ လျှောက်လှမ်း ရှင်သန်နေတဲ့ဘုရား ဖြစ်တယ်ဆိုတဲ့အကြောင်း မိန့်ကြားခဲ့ပါတယ်။

ခရစ္စမတ်ပွဲတော်ကြီးကို ကောင်းမွန်ထိုက်တန်စွာ ကျင်းပကြိုဆိုနိုင်ဖို့ အမိကက်သလစ် အသင်းတော်ကအာဒ်ဝင်တူးကာလကို ၄ ပတ်တာထားရှိပြီးပြင်ဆင်ပေးလို့နေပါတယ်။ ဒီအာဒ်ဝင်တူးကာလမှာ ပြင်ဆင်နေကြတဲ့ကျွန်ုပ်တို့တွေ ရှင်သန်နေတဲ့ နေ့စဉ်ဘဝထဲမှာ ဘုရားရဲ့တည်ရှိရှင်သန်နေခြင်းကိုအလေးနက်ထား ထောက်ရှုစဉ်းစားဖို့လို့အပ်ပါတယ်။

"သမ္မာကျမ်းစာတော်မြတ်မှာ ရေးသားထားတဲ့ ခရစ်တော်ဘုရားရှင်ရဲ့ ဆွေစဉ်မျိုးဆက်တော် အကြောင်းဟာ တယ်လီဖုန်းစာအုပ်ထဲက စာမျက်နာတစ်ရွက်နဲ့တူတယ်လို့ ပြောခဲ့ဖူးတာကို ကျွန်ုပ်ကြားဖူးတယ်။ ဒါပေမဲ့အဲ့ဒီလို မဟုတ်သေးပြန်ဘူး။ ဖုန်းစာအုပ်ထဲကနာမည်စာရင်းမှတ်တမ်း တစ်ခုသာသာပဲလို့ပြောလို့မရနိုင်ပါဘူး။ ဒါဟာ သမိုင်းသီးသန့်တစ်ခုဖြစ်သလို သိပ်ကိုအရေးကြီးတဲ့အကြောင်းအချက်တွေလည်း ရှိနေပါတယ်။ မြတ်စွာဘုရားရှင်တော်က မိမိရဲ့တစ်ပါးတည်းသောသားတော်ကို လောကကို စေလွှတ်ပေးခဲ့တယ်။ သားတော်ဟာ ခမည်းတော်ရဲ့ဘုရားအဖြစ်တော်မှာ တလုံးတဝတည်း တည်ရှိနေသလို မိမိရဲ့မိခင်မယ်တော်မာရီယားနဲ့လည်း တလုံးတဝတည်း တည်ရှိနေပါတယ်။ ဘုရားက သမိုင်းထဲမှာရှိခဲ့ရုံသက်သက် မဟုတ်တော့ဘဲ သူကိုယ်တိုင်ကသမိုင်းတစ်ခုဖြစ်လာခဲ့ပါတယ်။ လိုလိုလားလားနဲ့ ကယ်တင်ခြင်းသမိုင်းကို ဘုရားက ဖြစ်တည်စေခဲ့ပါတယ်။ လူထဲကလူတစ်ယောက်လို လူ့ဇာတိကိုခံယူပြီး လူတွေနဲ့အတူရှိနေခဲ့တဲ့ ဘုရားပါ။ လူတွေနဲ့အမြဲခရီးပြုလျှောက်လှမ်းနေတဲ့ အေမာ နူအဲလ်ဘုရားပါ" လို့ပုပ်ဖရန်စစ်အရှင်သူမြတ်က မြွက်ကြား တော်မူခဲ့ပါတယ်။




လူသားတွေရဲ့ပထမဆုံးမိဘဖြစ်တဲ့အာဒံနဲ့ ဧဝဟာ ဒေင်ဥယျာဉ်ကြီးထဲမှာဘုရားကိုပုခုံးချင်းယှဉ်ပြီး ဘုရားလိုဖြစ်ချင်ခဲ့တဲ့ မာနတရားရဲ့ အပြစ်ဆိုးအောက်မှာကျဆုံးသွားတဲ့အခါမှာ ဒေင်ဥယျာဉ်ကြီးထဲကနေ ထွက်ခွာသွားခဲ့ရပါတယ်။ သနားကြင်နာခြင်း၊ ခွင့်လွှတ်တတ်ခြင်း ဂုဏ်တော်တွေဟာ ဘုရားရဲ့ အတုမရှိ ဂုဏ်တော်တွေဖြစ်နေတာမို့ မေတ္တာတော်ရှင်ဘုရားသခင်ဟာ မကြည့်ရက်ခဲ့ပါဘူး။ သူနဲ့အတူရွှေပုံစံတော်အတိုင်း ဖန်ဆင်းခံထားရတဲ့လူသားကိုပြန်လည်ကယ်တင်ဖို့ စီမံကိန်းချပြီး လူတွေရဲ့ဘဝထဲကို ချဉ်နင်းဝင်ရောက်ပြီး ထာဝရအသက်ကို ပြန်ရဖို့လူတွေကိုပြန်လည်ဖိတ်ခေါ်ခဲ့ပါတယ်။ ပထမဆုံး အခေါ်ခံရတာက ယုံကြည်ခြင်းရဲ့ ဖခင်ကြီး အာဘရာဟံ . . .။ အာဘရာဟံကို ဖိတ်ခေါ်ပြီး ပဋိညာဉ်အသစ်ကို စဖွဲ့တယ်။ သူကနေ မွေးဖွားလာမယ့် သားစဉ်မျိုးဆက်က ကောင်းကင်ကကြယ်တွေလို၊ ပင်လယ်ကမ်းခြေက သဲပွင့်တွေလို များပြားစေရမယ်။ ဘုရားရှင်ဟာ သူတို့ရဲ့ကိုးကွယ်ဆည်းကပ်ရာ ဘုရားဖြစ်ပြီး သူတို့တွေဟာလည်း ဘုရားရှင်ချစ်မြတ်နိုးရာ မျိုးနွယ်စုတစ်စုဖြစ်စေခဲ့ပါတယ်။ အာဘရာဟံရဲ့ သား အီဇတ်၊ ယာကုပ်၊ ယုဒတို့ကနေ စပြီး သမိုင်းတွင်မယ့်ခရီးကို စတင်လျှောက်လှမ်းကာ လူတွေနဲ့ နီးနီးကပ်ကပ်ရှိနေခဲ့တဲ့သူဟာ ဘုရားမြတ်ရှင်ပဲဖြစ်ပါတယ်။ အမှန်ဆိုရင်တော့ လူတွေကိုကယ်တင်ဖို့ သမိုင်းတစ်ခုကို ဖန်တီးနေဖို့မလိုပါဘူး။ ဒါပေမဲ့သမိုင်းတစ်ခု မဖြစ်တည်ဘဲ လူ့တွေရဲ့ကယ်တင်ခြင်းကို ဘုရားရှင်ဟာ မလိုလားခဲ့ပါဘူး။ လူ့သမိုင်း ထဲကို ဝင်လာပြီး လူတွေနဲ့အတူသမိုင်းတစ်ခု ကိုဖန်တီးချင်ခဲ့တာကိုက ဘုရားရှင်ရဲ့ ရွှေဉာဏ်တော်၊ အလိုတော်တစ်ခုဖြစ်ခဲ့ရပါတယ်။ အချိန်ကာလ ခုနှစ်သက္ကရာဇ် ပေါင်းများစွာနဲ့ ရေးထိုးခဲ့တဲ့ ဒီသမိုင်းလမ်းကြောင်းမှာအဆိုးတွေ၊ အကောင်းတွေလည်း ဖြစ်ခဲ့သလို၊ အပြစ်သားတွေ၊ ရဟန္တာသူတော်စင်ပေါင်း များစွာလည်း မွေးဖွားခဲ့ကြပါတယ်။ အကောင်းထက် အဆိုးကိုပြုလုပ်ချင်ကြတဲ့အများရဲ့ဘက် တော်သား လူတွေထဲမှာလည်း သူတော်စင်တွေထက်အပြစ်သားတွေကပိုများနေခဲ့ပါတယ်။ ကြီးလေးတဲ့အပြစ်တွေကို လွန်ကျူးမိုက်မှားနေတဲ့ အပြစ်သားတွေ ဘယ်လိုပဲများနေ များနေ ဘုရားရှင်ဟာ လူတွေနဲ့အတူလျှောက်လှမ်းဖို့သမိုင်းတစ်ခုကိုဖန်တီးခဲ့တယ် မဟုတ်လား။ ဘုရားက သန့်ရှင်း ဖြောင့်မတ်ခြင်းကို ပို့ဆောင် လမ်းညွှန်ပြပေမဲ့ လူကတော့ အပြစ်ဝဲဂယက်ထဲမှာ ဖွတ်မိုက်ပြီး ပိုးဖလံလိုမျိုး မီးကိုတိုးနေ ခဲ့တာကိုက လူ့ရဲ့ အားနည်းချက်တစ်ခုပဲ ဖြစ်နေတော့တာ လား။ ဘုရားကဖြစ်စေချင်တဲ့ သူ့ရဲ့စီမံကိန်း အလိုတော်ကို လူတွေဟာ တုန့်ပြန်ဖြည့်ဆည်းဖို့ ပျက်ကွက်အားနည်းခဲ့ကြတယ်။ ဒါပေမဲ့လည်း လူတွေအပေါ် နဲနဲလေးမှငြိုငြင်စိတ် ပျက်ခြင်း အလျှင်းမရှိဘဲ စိတ်ရှည်စွာနဲ့ လူတွေရဲ့ခြေလှမ်း တိုင်းကို ပဲ့ပြင်နေခဲ့တယ်။ လူတွေနဲ့ခရီးတစ်ခုကို အတူတူ လျှောက်လှမ်းပေးနေခဲ့ပါတယ်။ လူတွေနဲ့အတူ ရှိနေခဲ့တဲ့ ဘုရား၊ အတိတ်မှာလည်းရှိ၊ ယခုလည်းရှိပြီး နောင်လည်း အမြဲရှိနေဦးမယ့်ဘုရားရဲ့ အဖြစ်တော်ကို စဉ်းစားကြည့်ရင်အံ့ဖွယ်မကောင်းဘူးလား။ ဘုရားရှင်ဟာ မိမိကိုယ်တော်တိုင်ဟာ ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတဲ့အကြောင်း လူတွေကိုထုတ်ဖော်ပြောပြချင်တဲ့အခါမှာ "ငါဟာ အာဘရာဟံရဲ့ ဘုရား၊ အီဇတ်ရဲ့ဘုရား၊ ယာကုပ်ရဲ့ဘုရား" ဆိုပြီး မိန့်မြွက် တော်ခဲ့ပါတယ်။ ယခုအချိန်မှာရော ဘုရားရဲ့ နာမတော်ကို မေးမယ်ဆိုရင် သူ့ရဲ့ နာမည်က ကျနော်တို့နဲ့လည်းသက် ဆိုင်နေမှာပါ။ ကျနော်တို့ရဲ့ နာမည်ကိုယူပြီး သူရဲ့ဘုရား နာမတော်ကို ထုတ်ဖော်ပြောပြနေမှာသေချာပါတယ်။ ငါဟာ အာဘရာဟံ ရဲ့ ဘုရား၊ အီဇတ်ရဲ့ဘုရား၊ မောင်မောင်ရဲ့ ဘုရား၊ ဒေါ်ချစ်ရဲ့ဘုရား၊ သီကိုရှင်းရဲ့ ဘုရား၊ ဦးမြရဲ့ဘုရား၊ ဒေါ်လှရဲ့ ဘုရားစသဖြင့် အယောက်စီတိုင်းနဲ့ဆက်နွယ်နေပါတယ်။ ဆိုလိုချင်တာကတော့ဘုရားရှင်ဟာ အသက်ရှင်တော်မူသော ဘုရား၊ လူသားအယောက်စီတိုင်းနဲ့ ဆက်နွယ်ခရီးပြုလျှောက်လှမ်းနေတဲ့ ဘုရားလို့ပြောလိုက်တာနဲ့ အတူတူပါပဲ။

လူတွေနဲ့အတူတူ လူ့ရဲ့သမိုင်းကို ရေးထိုးဖန်တီးခဲ့တဲ့ဘုရားက ကျနော်တို့ရဲ့နာမည်တွေကိုယူပြီး သူ့ရဲ့နာမတော်အဖြစ် ရေးထိုးခဲ့ပါတယ်။ ဘုရားရဲ့သမိုင်းကို ရေးထိုးဖို့လူတွေကိုသူခွင့်ပြုခဲ့တယ်။ ကျနော်တို့ကလည်း ကျေးဇူးတော်နှင့်အပြစ်တွေကိုရောပြီး သမိုင်းကို ရေးနေကြတယ် မဟုတ်လား။ ဒါဟာတကယ်တော့ ဘုရားရှင်ရဲ့နှိမ့်ချခြင်း၊ စိတ်ရှည်ခြင်းနှင့် အတုမဲ့မေတ္တာတော်တွေပဲ ဖြစ်ပါတယ်။ သူဟာ ကျနော်တို့ရဲ့ဘုရားဆိုတာ နှလုံးသားကနေခံစားသိရှိနေရပါတယ်။ သိပ်ချစ်တတ်တဲ့ဘုရား၊ သိပ်ကြင်နာတတ် တဲ့ဘုရားကို ပိုင်ဆိုင်ခွင့်ရတာ ဘယ်လောက်တောင်ထူးတဲ့ ကျေးဇူးတော်ပါလဲ။ ဘုရားရှင်ဟာ မိမိရဲ့ပျော်ရွှင်ခြင်းတွေကိုလူတွေနဲ့ဝေမျှပေးဖို့အတွက်ပဲလူကိုဖန်ဆင်းခဲ့တာလေ။ လူတွေရဲ့ကြားမှာအတူရှင်သန်တည်ရှိနေရတာကိုက ဘုရားရဲ့ ပျော်ရွှင်ခြင်းပဲဖြစ်တယ်လို့ ဉာဏ်ပညာတော်ကျမ်းမှာလည်း ဆိုထားပါတယ်။ ခရစ္စမတ်အချိန်လည်း နီးလာပြီဆို တော့လူတွေထဲကိုကြွလာခဲ့တဲ့ဘုရားရဲ့သမိုင်းကြောင်းကို ပြန်လည်တွေးမိကြမှာပါ။

ဘုရားရှင်ကလူတွေနဲ့အတူ သူ့ရဲ့ကယ်တင်ခြင်းသမိုင်းကို ရေးထိုးခဲ့တယ်ဆိုရင် ကျနော်တို့ဖက်ကလည်းရဲ့ မိမိရဲ့သမိုင်းကြောင်းကို ဘုရားရှင်အား ရေးထိုးခွင့်ပြုပေးဖို့ လိုအပ်ပါတယ်။ ဘုရားရှင်ဟာ သမိုင်းထဲမှာကျန်ရစ်ခဲ့တာ မဟုတ်ဘဲ သူကိုယ်တိုင်က သမိုင်းတစ်ခုဖြစ်တည် နေခဲ့တာပါ။ အခုအဲ့ဒီသမိုင်းကိုလူတွေနဲ့အတူ ရေးထိုးဖို့ ဒီနှစ်ခရစ္စမတ်မှာထပ်ပြီး ဖိတ်ခေါ်နေပါတယ်။ ဘုရားရှင်ရဲ့ဖိတ်ခေါ်ချက်ကိုလက်ခံပြီး ကျနော်တို့ရဲ့သမိုင်းကို ရေးထိုးခွင့်ပေးလိုက် တယ်ဆိုရင် ဒါဟာကျနော်တို့အတွက်ခရစ္စမတ်ကောင်းကြီးတစ်ခုဖြစ်သွားမှာပါ။ မိမိတို့ရဲ့သမိုင်းကြောင်းကို ဘုရားရှင်နဲ့ ရေးထိုးနိုင်ပြီး ဘုရားရှင် ကိုယ်တော်တိုင်လည်း မိတ်ဆွေတို့ ရဲ့ဘဝသမိုင်းကို ပြုပြင်ဖန်တီးပေးနိုင်ပါစေ။

သီကိုရှင်း

ပုပ်ဖရန်စစ် အရှင်သူမြတ်၏ God made the history ကို ထောက်ရှုမှီငြမ်းရေးသားသည်။

## အထိမ်းအမှတ် ဂျူဘီလီပွဲကျင်းပခြင်း



ဗန်းမော်ဂိုဏ်းအုပ်သာသနာ၊ ရွှေကူဘုန်းတော်ကြီး တိုက်နယ်သို့ စိန်ဖရန်စစ် ဖေးဗီးယား ဘရာသာရ်ဂိုဏ်း သာသနာပြုရောက်ရှိခြင်း (၂၅) နှစ်ပြည့် ငွေစင်ဂျူဘီလီပွဲတော်ကို ၂၀၁၉ ခုနှစ် အောက်တိုဘာ ၂၉-၃၀ ရက်နေ့တွင် အဖဆရာတော်ဘုရားရေမွှန်ဆွန်းလွတ်ဂမ်မှ ဂျူဘီလီကျေးရူးတင်မစ္ဆားတရားတော်မြတ်ကို ဦးဆောင်ကျင်းပပေးခဲ့ပါသည်။

အဆိုပါ ဂျူဘီလီပွဲတော်သို့ စိန့်ဖရန်စစ် ဖေးဗီးယား ဘရာသာရ် ဂိုဏ်း၏ အကြီးအကဲ Bro. Ah Sa နှင့်ဘရာသာရ်များ၊ စစ္စတာရ်များနှင့် ဘာသာဝင်များ တက်ရောက်ခဲ့ကြပါသည်။



## ဘဏ္ဍာရေးဆိုင်ရာ ရက်တိုသင်တန်း




ဗန်းမော်ဂိုဏ်းအုပ်သာသနာ၊ ဗန်းမော်ဘုန်းတော်ကြီးတိုက်နယ်ရှိ စိန်ပက်ထရစ် ဘုရားကျောင်းဝင်းရှိ ခမ္မာရုံတွင် နိုဝင်ဘာလ (၅-၈) ရက်နေ့အထိ ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာ သိကောင်းစရာများကို ဆရာမဒေါ်တင်တင်လတ်မှ ဦးဆောင်ပို့ချပေးခဲ့ပါသည်။

အဆိုပါသင်တန်းသို့ ဆရာတော် အပါအဝင်ဘုန်းတော်ကြီးများနှင့် တိုက်နယ်အ သီး သီးမှ ဘဏ္ဍာရေးမှူးများ လေ့လာသူ စုစု ပေါင်း (၆၀) ကျော် တက်ရောက်ခဲ့ကြပါသည်။

## ခရစ္စမား အားပေးခြင်းနှင့် ဘုရားကျောင်းသစ် ကောင်းချီးပေးခြင်း



ဗန်းမော်ဂိုဏ်းအုပ်သာသနာ၊ တိန်ဆိန်းဘုန်းတော်ကြီး တိုက်နယ်ရှိ အင်ဘာပါကျေးရွာရှိ ခရစ္စတူးဘုရင် ဘုရားကျောင်းတွင် နိုဝင်ဘာလ(၁၀) ရက်တနင်္ဂနွေနေ့တွင် ခရစ္စမားအားပေးခြင်း မင်္ဂလာတော်မြတ်ကို ဆရာတော်ဘုရား ရေမွှန်ဆွမ်းလွတ်ဂမ်မှပေးခဲ့ပါသည်။ ခရစ္စမား အားပေးခြင်း ခံယူသူ ဘာသာတူဦးရေ စုစုပေါင်း (၉၃) ဦးရှိပြီး ဘာသာဝင်ဦးရေ စုစုပေါင်း (၃၀၀) ကျော်တက်ရောက်ခဲ့ကြပါသည်။



## လူငယ်များ၏ အစည်းအဝေးနှင့် သင်တန်းပြုလုပ်

ဗန်းမော်ဂိုဏ်းအုပ်သာသနာ၊ ဗန်းမော်ဘုန်းတော်ကြီးတိုက်နယ်(၂)မိုင်အောင်သာ အောက်တိုဘာ (၂၆-၂၈) ရက်ထိ စိန်ဗရီးဂျစ်ဘုရားကျောင်းတွင် လူငယ်တာဝန်ခံဘုန်းတော်ကြီး Fr. Columban Lar Di မှဦးဆောင်ကာ လူငယ်များ၏ (၅)ကြိမ်မြောက် အစည်းအဝေးနှင့် နီးနှောဖလှယ်ပွဲကိုပြုလုပ်ခဲ့ကြပါသည်။

အဆိုပါသင်တန်းတွင် အဖဆရာတော်ဘုရား ရေမွှန်ဆွမ်လွတ်ဂမ်မှ အဖွင့်အမှာစကားနှင့် အားပေးစကား ပြောကြားပေးခဲ့ပြီး ဖာသာရ်ဖရန်စစ် စောဖေဟန်မှ Commission Association အကြောင်းသိကောင်းစရာများနှင့် ဖာသာရ်မိုက်ကယ်တန်ဂွန်းမှ လူကုန်ကူးမှု တားဆီးခြင်းနှင့် ဆိုင်သောအကြောင်းအရာများကို အသီးသီးပို့ချပေးခဲ့ပါသည်။

ယင်းသင်တန်းတွင် တိုက်နယ်အသီးသီးမှလူငယ်စုစုပေါင်း (၄၀) ဦးခန့် တက်ရောက်ခဲ့ပါသည်။



OSC - BANMAW

# ရေဦး ယေရှုရှေ့နှလုံးတော် သာသနာအုပ်စု၏ ပထမဦးဆုံးရဟန်းဖြစ်ခဲ့သော ဖာသာရ်ပြုံးချို၏ ရဟန်းဝါ (၂၅)နှစ်ပြည့်ကျင်းပခြင်း




မန္တလေးကက်သလစ် ဂိုဏ်းချုပ်သာသနာ ရေဦးမြို့ ယေရှုရှေ့နှလုံးတော်သာသနာအုပ်စုမှ ပထမဦးဆုံး ရဟန်းဖြစ်ခဲ့သူ Rev. Fr. Nicholas ပြုံးချို၏ ရဟန်းဝါတော် (၂၅) နှစ်ပြည့် ကျေးဇူးတင် မစ္ဆားနှင့် ဂုဏ်ပြုအခမ်းအနားကို နိုဝင်ဘာလ (၂၃) ရက်နေ့က ကျင်းပပြုလုပ်ခဲ့ပါသည်။

ဂုဏ်ပြုဖျော်ဖြေရေး အခမ်းအနားကို (၂၂) ရက်နေ့ ညစာပြုလုပ်ခဲ့ပြီး ဂျူဘီလီကျေးဇူးတင် မစ္ဆားတရားတော်မြတ်ကို(၂၃) ရက်နေ့ နံနက်က ပူဇော်ခဲ့ပါသည်။

ဂျူဘီလီကျေးဇူးတင် မစ္ဆားတရားအား ဂျူဘီလီရှင် ဖာသာရ် ပြုံးချိုမှ ဦးဆောင်၍ မန္တလေးကက်သလစ်ဂိုဏ်းချုပ်သာသနာပိုင် ဆရာတော်ကြီး မာကုတင်ဝင်းမှ ဩဝါဒတရားရေအေး တိုက်ကျွေးခဲ့ပါသည်။

ဆရာတော်ကြီးမှ ဂျူဘီလီရှင်၏ မိဘများအားလည်း ကျေးဇူးတင်စကားကို ပြောကြားခဲ့ပြီး ဂျူဘီလီရှင်သည်လည်း မိမိ၏ နှလုံးသားကနေ သခင်ခရစ်တော်ကို ယုံကြည်တဲ့အတိုင်း လက်ခံပေးတဲ့အတွက် ယခုလို ဂျူဘီလီပွဲတော်ကို ကျင်းပနေနိုင်ခြင်းသည် ဘုရားသခင်၏ ကျေးဇူးတော်ဖြစ်ကြောင်း ရှေ့ဆက်မည့် အနာဂတ်မှာလဲ ကျန်းမာပျော်ရွှင်စွာဖြင့် သခင်ခရစ်တော်၏ သာသနာအမှုတော်ကို ထမ်းဆောင်ပေးရန် ဂုဏ်ပြုအားပေး တိုက်တွန်းစကားများကို မြွက်ကြားကာ ဂျူဘီလီရှင်အား မန္တလေးသာသနာကိုယ်စား ဂုဏ်ပြုလက်ဆောင်ကိုလည်း ချီးမြှင့်ပေးခဲ့ပါသည်။

ဂျူဘီလီရှင်မှလည်း ရင်တွင်းစကားပြောကြားရာ၌ ရဟန္တာဂျွန်မာရီ ဗီယားနေ ပြောကြားခဲ့သော စကားတစ်ခွန်းဖြစ်သည့် " ရဟန်းတွေက ဘာသာတူများအား ကောင်းကင်ဘုံသို့ ပို့ဆောင်ပေးတဲ့ သော့ဖြစ်တယ်။" ဆိုတာကိုဝေမျှရင်း ဆရာတော်ကြီး ဟူတန်ရှိန်း၏ စကားတစ်ခွန်းဖြစ်သည့် ရဟန်း ဘုန်းကြီးများဟာ မိမိကိုယ်ကို ပိုင်တာမဟုတ်ပဲ ဘာသာတူများ ပိုင်ဆိုင်တာဖြစ်တယ်ဆိုတဲ့ စကားတစ်ခွန်းကို ဂျူဘီလီစကားအဖြစ် နှုတ်ဆက်ခံရပြီး ဆရာတော်ကြီး ဟူတန်ရှိန်း၏ ရေးသားခဲ့သော စာအုပ်အား လက်ဆောင်အဖြစ် ရရှိခဲ့သည့်အတွက် ၎င်းဆရာတော်ကြီး၏ စကားများသည် မိမိ၏နှလုံးသားကို ထိတွေ့ကြောင်းကို ဂျူဘီလီရှင်တွင်းစကား ပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့ပါသည်။ ဂျူဘီလီရှင်ဘုန်းဘုန်းပြုံးချိုသည် ၎င်း၏ဂျူဘီလီအခမ်းအနားဖြစ်မြောက်ရေး လှူဒါန်းခဲ့သော အလှူရှင်များအားလည်း ကျေးဇူးတင်စကားကို ပြောကြားခဲ့ပါသည်။

ရေဦးသာသနာ အုပ်စုမှ ဘာသာတူများသည် ယေရှုရှေ့နှလုံးတော် သာသနာ အုပ်စုအတွက် ပထမဦးဆုံးသော ရဟန်းဖြစ်ခဲ့သည့် ဖာသာရ်ပြုံးချိုအား ၎င်း၏ (၂၅) ဝါပြည့်အတွက် ဂုဏ်ပြုတေးများ၊ အကများ၊ လက်ဆောင်များဖြင့် ဂုဏ်ပြုခဲ့ကြပါသည်။ ဖာသာရ်ပြုံးချို၏ နောက်တွင် ဖာသာရ်စိုးလွင်၊ ဖာသာရ် နေမျိုးဆွေ၊ ဖာသာရ်စိုးသူနှင့် ဖာသာရ် မြင့်သူဝင်းတို့ ထွက်ပေါ်လာခဲ့ပါသည်။ ဖာသာရ်စိုးလွင်မှာ ပုံလွန်တော်မူသွားပြီဖြစ်ပါသည်။

Pinky-Mdy osc

# အမျိုးသမီးများဖွံ့ဖြိုးရေး




(သာသနာအမှုတော်ဆောင်ရာတွင် အမျိုးသမီးများ၏ပူးပေါင်းပါဝင်မှု)သင်တန်းကို ရန်ကုန်မြို့ CRCM တွင် ၂၀၁၉ ခုနှစ် နိုဝင်ဘာလ (၂၆) ရက်နေ့မှ (၂၉) ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။

သင်တန်းကို (၂၆) ရက်နေ့နံနက် (၆း၃၀) နာရီတွင် CRCM ၌မစ္ဆားတရားတော်ဖြင့် စတင်ခဲ့ပါသည်။ ထို့နောက်တွင် သာသနာအသီးသီးမှ အမျိုးသမီးရေးရာကော်မတီဝင်များ သာသနာအလိုက်အချင်းချင်းမိတ်ဆက်ခြင်းအခမ်းအနား ပြုလုပ်ကြပါသည်။

သင်တန်းသို့ မြန်မာနိုင်ငံ ကက်သလစ်သာသနာ အသီးသီးမှ အမျိုးသမီး စုစုပေါင်း (၁၁၆) ဦး တက်ရောက်ကြပါသည်။

Fb-Cecilia Zcc

# (၄) ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ် လူငယ်ညီလာခံ ထုတ်ပြန်ချက်

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်မှ ၃၀ ရက်အထိ မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ် ဆရာတော်ကြီးများ အဖွဲ့ချုပ်၊ လူငယ်ကော်မရှင်မှ ကြီးမှူးကျင်းပသော စတုတ္ထ အကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ် လူငယ်များညီလာခံကို "သင်တို့၏ ငယ်ရွယ်နုပျိုခြင်းကို ချစ်မြတ်နိုးပါ" ခေါင်းစဉ်ဖြင့် ရန်ကုန် ဂိုဏ်းချုပ် သာသနာ၊ သန်လျင်မြို့ရှိ စိန့်ဖရန်စစ် ဖေးဗီးယား ဘုရားကျောင်းတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

ညီလာခံသို့ မြန်မာနိုင်ငံ ကက်သလစ် သာသနာ (၁၆) ခုမှ လူငယ် ကိုယ်စားလှယ် (၁၆၄) ဦး၊ လေ့လာသူ (၆) ဦး တက်ရောက်ပါဝင်ခဲ့ကြပါသည်။ ဆရာတော် ၄ ပါး၊ သာသနာအသီးသီးမှ လူငယ်တာဝန်ခံ ဘုန်းတော်ကြီး များ အပါအဝင် ဘုန်းတော်ကြီး (၂၄) ပါး၊ စစ္စတာ (၇) ပါး၊ အစီအစဉ်များအတွက် အားဖြည့်ကူညီသူ (၂၈) ဦး နှင့် လုပ်အားပေး (၃၀) ဦး တို့လည်း ပါဝင်ခဲ့ကြပါသည်။

ညီလာခံအတွင်း လူငယ်များသည် အတူတကွ ဝတ်ပြုဆုတောင်းခြင်း၊ အလင်းပေးလမ်းပြ ပို့ချချက်များအား နာယူသုံးသပ်ခြင်း၊ ဆွေးနွေးညှိနှိုင်းခြင်းနှင့် အတွေ့အကြုံ ဝေမျှခြင်းများ ပြုလုပ်ခဲ့ကြပါသည်။ ညီလာခံ၏ ပထမရက်တွင် "အသင်းတော်အတွက် လူငယ်၊ လူငယ်အတွက် အသင်းတော်" ၊ ဒုတိယရက်တွင် "လူငယ်များ၏ အခြေအနေကို ခွဲခြမ်းစိတ်ဖြာခြင်း"၊ တတိယရက်တွင် "ကက်သလစ် လူငယ်မောင်မယ်များ၏ အသံများ" စသည့် ဆောင်ပုဒ်များဖြင့် ဆွေးနွေးခဲ့ကြပါသည်။





## တွေ့ရှိချက်များ

### အသင်းတော်အတွက် လူငယ်၊ လူငယ်အတွက် အသင်းတော်

- ကက်သလစ် အသင်းတော်သည် လူငယ်တမန်တော်လုပ်ငန်း လုပ်ဆောင်ရာတွင် နည်းလမ်းများ ကြွယ်ဝစွာ ရှိသော်လည်း ထိရောက်မှုအပိုင်းတွင် လိုအပ်ချက်များ ရှိနေပါသည်။ ယင်းသို့ဖြစ်ရခြင်းမှာ လူငယ်တမန်တော်လုပ်ငန်း၏ သဘောသဘာဝကို လူငယ်များ ပြည့်ဝစွာ နားလည်သဘောပေါက်မှု မရှိခြင်း၊ စိတ်ဝင်စားမှုအားနည်းခြင်း၊ နိုင်ငံရေး၊ လူမှုစီးပွားရေး အခက်အခဲများက လူငယ် တမန်တော်လုပ်ငန်းတွင် လူငယ်များ၏ ပါဝင်နိုင်မှုအား အဟန့်အတားဖြစ်စေခြင်းများကြောင့် ဖြစ်ပါသည်။
- အသင်းတော်သည် လူငယ်များအတွက် စီမံကိန်းများ၊ အစီအစဉ်များဖြင့် အားစိုက်လုပ်ဆောင်လျက်ရှိသော်လည်း လုံလောက်မှု မရှိသေးပါ။ ဘာသာတရား လက်ဆင့်ကမ်းသွန်သင်ပေးခြင်း၊ လက်တွေ့ကျသော ပညာရေးမြှင့်တင်ခြင်းများ တိုးမြှင့်လုပ်ဆောင်ရန်လိုအပ်သကဲ့သို့ လူကုန်ကူးခံရခြင်း၊ အလုပ်လက်မဲ့ဖြစ်ခြင်း၊ မူးယစ်ဆေး သုံးစွဲခြင်းနှင့် မီဒီယာ၏ သားကောင်ဖြစ်ခြင်းတို့မှ ကာကွယ်ပေးမှုနှင့် ကုသပေးမှု အစီအစဉ်များ အားနည်းနေပါသေးသည်။
- အသင်းတော်၏ ယုံကြည်ခြင်းသည် ဝတ်ပြုကိုးကွယ်ခြင်း၊ ယုံကြည်ခြင်းနှင့် နီတိရေးရာ သွန်သင်ချက်များအားဖြင့် ပြည့်ဝစုံလင်သည်။ ယုံကြည်သူတိုင်းအတွက်၊ အထူးသဖြင့် လူငယ်တို့၏ ဝိညာဉ်ရေး ခိုင်မာစေရန် လုပ်ဆောင်နိုင်သည့် နည်းလမ်းများစွာရှိသည်။ သို့သော် လူငယ်များ၏ ဝိညာဉ်ရေး ဆာငတ်မှုကို ပြည့်ဝစွာ ဖြည့်ဆည်းပေးနိုင်စွမ်းမရှိသောကြောင့် အသင်းတော်ကို စွန့်ခွာသည့် လူငယ်များ တိုးပွားလာလျက် ရှိသည်။
- အသင်းတော်သည် လူတိုင်းအား ကယ်တင်ခြင်းဆီသို့ လက်တွဲခေါ်ဆောင်ရန်ဖြစ်သည်။ အသင်းတော်တွင် လူတိုင်းအတွက် နေရာရှိသည်။ သို့သော် သာသနာနယ်အချို့တွင် ဘုန်းတော်ကြီးနှင့် သာသနာ့ ခေါင်းဆောင်အချို့တို့သည် လူငယ်များအား ယုံယုံ ကြည်ကြည် နေရာပေးခြင်းမရှိပါ။
- မြန်မာပြည် ကက်သလစ် အသင်းတော်တွင် ဘုန်းတော်ကြီးများ၊ ဘရာသာ၊ စစ္စတာများ၊ ဓမ္မဆရာ/မများ နှင့် သာသနာ အကျိုးတော်ဆောင်များ အတိုင်းအတာတစ်ခုအထိ လုံလောက်စွာရှိနေသည်ဟု ဆိုနိုင်ပါသည်။ သို့သော် အကျင့်သီလဖြင့်ဖြစ်စေ၊ နည်းပညာ ကျွမ်းကျင်မှုဖြင့် ဖြစ်စေ၊ ခေါင်းဆောင်မှုစွမ်းရည်ဖြင့်ဖြစ်စေ လူငယ်တာဝန်ခံများမှ လူငယ်များအား ဖေးမလက်တွဲခေါ်ယူမှု အားနည်းနေပါသေးသည်။ လူငယ်များအတွက် မားမားမတ်မတ် ရပ်တည်ပေးမည့် သူတော်စင် အသင်းဂိုဏ်းသော်လည်းကောင်း အသင်းတော်၏ ခေါင်းဆောင်သော်လည်းကောင်း ပေါ်လွင်စွာ မတွေ့ရသေးပါ။
- အသင်းတော်တွင် စနစ်ကျသော စီမံအုပ်ချုပ်မှုနှင့် ဖွဲ့စည်းပုံ၊ ကျစ်လစ်ရှင်းလင်းသော စည်းမျဉ်းစည်းကမ်းများရှိသော်လည်း လူငယ်တမန်တော်လုပ်ငန်းဆိုင်ရာ ရှင်းလင်းပြတ်သားသော မူဝါဒ၊ စီမံခန့်ခွဲမှုနှင့် တာဝန်ခွဲဝေမှုတို့ ရှိရန်လိုအပ်နေပါသေးသည်။

### လူငယ်များ၏ အခြေအနေကို ခွဲခြမ်းစိတ်ဖြာခြင်း

#### လူငယ်နှင့် ပုဂ္ဂိုလ်ရေးဖွံ့ဖြိုးတိုးတက်မှု

- ✓ လူငယ်များသည် လူ့ဂုဏ်သိက္ခာနှင့်အညီ နေထိုင်နိုင်မည့် ကိုယ်ကျင့်တရားများကို တန်ဖိုးထားကြသည်။ သင်ယူလိုစိတ်ပြင်းထန်သည်။ ညီရင်းအစ်ကို မောင်ရင်းနမ စိတ်ထားဖြင့် ပေါင်းသင်းဆက်ဆံလိုစိတ်ရှိသည်။ အနစ်နာခံ ဆက်ကပ်မှုဖြင့် အများအကျိုး သယ်ပိုးလိုစိတ်ရှိသည်။ လက်တွေ့ဘဝတွင်မူ မိမိတို့ တန်ဖိုးထားသည့် အတိုင်း ကျင့်ကြံနေထိုင်မှုအပိုင်းတွင် အားနည်းနေပါသေးသည်။
- ✓ မျက်မှောက်ခေတ်အချိန်အခါသည် အလွန်လျင်မြန်စွာ ပြောင်းလဲနေသည်။ ထို ပြောင်းလဲမှု ရေစီးကြောင်းတွင် လူငယ်များတို့သည် မျောပါလျက် မိမိကိုယ်ကိုမိမိ ပြန်လည်သုံးသပ်နိုင်ခြင်း မရှိကြတော့ပေ။ ဤသို့သောအားဖြင့် ပြုမူပြောဆိုနေထိုင်ခြင်း တို့သည် တိမ်းချော်မှားယွင်းကြရသည်။
- ✓ ပညာရေးပိုင်းတွင် လူငယ်များစွာသည် အထက်တန်းအဆင့်ကိုပင် မကျော်နိုင်ကြဘဲ ပညာ ရေးဆုံးခန်းတိုင်ခြင်းမရှိပါ။ သက်မွေးသင်တန်းများတွင်လည်း သင်ယူမှုအားနည်းနေကြပါသည်။ နောက်ဆက်တွဲအနေဖြင့် ကောင်းမွန်သော အလုပ်အကိုင်မရကြဘဲ ကြုံရာကျပန်း အလုပ်ဖြင့် အသက်မွေးနေကြရသည်။ ထိုသို့ မိသားစု၏ စားဝတ်နေရေးကိစ္စအတွက်သာ လုံးပန်းနေရသောကြောင့် မိမိတို့ဘဝ မြှင့်တင်ရေးကို အာရုံထားစဉ်းစားနိုင်စွမ်း၊ လူငယ်အဖွဲ့အစည်းများတွင် ပါဝင်နိုင်စွမ်း အားနည်းလာနေသည်။ ထို့အပြင် အများအကျိုးပြုအသင်းအဖွဲ့များတွင် ပါဝင်ခြင်း၊ လူမှုရေး၊ နိုင်ငံရေး လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခြင်းများလည်း မလုပ်နိုင်ကြတော့ပါ။

#### လူငယ်နှင့် မိသားစုအသက်တာ

- ⇨ မိသားစုများသည် လူမှုရေး၊ စီးပွားရေး ကျပ်တည်းမှုများကြောင့် ပုံမှန်ရပ်တည်နိုင်ရန်ပင် ရုန်းကန်နေကြရသည့်အတွက် သားသမီးများအား ပညာသင်ကြားပေးရန်၊ လူ့အသိုင်းအဝိုင်းအတွင်း အကျိုးပြုလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် ရုန်းကန်နေကြရသည်။

⇨ အချို့သောမိဘများ၏ ယုံကြည်ခြင်း ခိုင်မာမှု မရှိခြင်း နှင့် ရှေးရိုးစွဲ အယူအဆများကြောင့် သားသမီးများသည် ဘာသာရေးလုပ်ငန်းများတွင် ပါဝင်ခွင့်မရ ဖြစ်ကြရသည်။ မိသားစုအတွင်း ယုံကြည်ခြင်းခိုင်မာမှု၊ ချစ်ခြင်းမေတ္တာ၊ စည်းလုံးမှုနှင့် အပြန် အလှန် နားလည်မှု အားကောင်းလာစေရေးအတွက် ကျောင်းထိုင်ဘုန်းတော်ကြီး၊ လူငယ်တာဝန်ခံ ဘုန်းတော်ကြီး၊ စစ္စတာတို့နှင့် မိဘတို့အကြား ရင်းနှီးသော ဆက်ဆံရေး တည်ဆောက်ရန် လိုအပ်ပါသည်။ မိဘနှင့် သားသမီးများအကြား ယုံကြည်မှု တည်ဆောက်ပေးရန်လည်း လိုအပ်ပါသည်။

⇨ အနာဂတ်တွင် မိသားစုထူထောင်မည့်သူများ ဖြစ်ကြသော လူငယ်များအတွက် ထိမ်းမြားလက်ထပ်ခြင်းဆိုင်ရာ သိသင့်သိထိုက်သော နည်းလမ်းများကို အသင်းတော်မှ ကောင်းစွာသင်ကြားပေးရန် လိုအပ်ပါသည်။

## လူငယ်နှင့် ယနေ့ကက်သလစ် အသင်းတော်

✠ ဆုတောင်းခြင်းအမှု၌ ပါဝင်ရန်၊ စက္ကရမင်းတူးများ ပုံမှန်ခံယူရန် စသော အသင်းတော်၏ သန့်ရှင်းမြင့်မြတ်ခြင်း၌ လူငယ်များ ရှင်သန်နိုင်ရန် သွန်သင်ပဲ့ပြင်မှု လိုအပ်သကဲ့သို့ လူငယ်များမှလည်း အားထုတ်ပါဝင်ရန် လိုအပ်သည်။

✠ လောကီပူပန်မှုများဖြစ်သော လူမှုရေး၊ စီးပွားရေး၊ စားဝတ်နေရေးနှင့် လုံးပန်းနေရလျက် ဝိညာဉ်ရေးကို အားထုတ်နိုင်စွမ်း မရှိကြသော လူငယ်များ၊ အလုပ်အကိုင် အခွင့်အလမ်း မရှိခြင်း၊ လူကုန်ကူးခံရခြင်း၊ မူးယစ်ဆေးသုံးစွဲခြင်း၊ မီဒီယာ၏ သားကောင်ဖြစ်ခြင်း စသော စိန်ခေါ်မှုများကို ရင်ဆိုင်နေရသော လူငယ်များအတွက် အသင်းတော်သည် ကူညီပံ့ပိုးဖြေရှင်းပေးရန် လိုအပ်ပါသည်။

✠ လူငယ်တမန်တော်လုပ်ငန်းများ လုပ်ဆောင်ရာတွင် အသင်းအဖွဲ့အတွင်း ပဋိပက္ခများ ဖြစ်ခြင်း၊ စည်းလုံးမှု ပြိုကွဲခြင်း၊ နားလည်မှုလွဲခြင်းများ မရှိစေရေးအတွက် လူငယ်တမန်တော်လုပ်ငန်းဆိုင်ရာ ခိုင်မာသော မူဝါဒရှိရန် လိုအပ်ပါသည်။

✠ လူငယ်တမန်တော် လုပ်ငန်းတွင် ဆက်ကပ် လုပ်ဆောင်နေကြသူများ၏ အနာဂတ်ဘဝရပ်တည်မှု မရေမရာ မဖြစ်စေရန်အတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပြင်ဆင်ချိတ်ဆက်ပေးရန် လိုအပ်ပါသည်။

## လူငယ်နှင့် ဧဝံဂေလိသတင်းကောင်း ဖြန့်ဝေခြင်း

✓ အသင်းတော်သည် သတင်းကောင်းဖြန့်ဝေခြင်းအတွက် လူငယ်များအား အထူးအားကိုးအားထား ပြုသကဲ့သို့ တမန်တော်လုပ်ငန်းများတွင် ရက်ရောစွာ ဆက်ကပ်နေကြသော လူငယ်များစွာလည်း ရှိပါသည်။

✓ မိမိတို့၏ ယုံကြည်ခြင်းကို သေချာစွာ သိနားလည်ခြင်း မရှိကြသောကြောင့် သက်သေခံများ မဖြစ်နိုင်ကြသလို အနည်းငယ်မျှသော အခက်အခဲရင်ဆိုင်ရသည်နှင့် ပျောက်ကွယ် သွားကြသော လူငယ်များ ရှိပါသည်။ လူငယ်များသည် ဘာသာရေးတွင် စိတ်အားထက်သန်မှု လျော့နည်းနေကြပြီး အပျော်အပါးလိုက်စားခြင်း၊ ဘာသာကွဲ လက်ထပ်ခြင်းတို့ကြောင့်လည်း အသင်းတော်ပြင်ပသို့ ရောက်သွားကြသည်များလည်း ရှိပါသည်။

## လူငယ်နှင့် ငြိမ်းချမ်းရေး တည်ဆောက်ခြင်း

✓ လူငယ်များသည် ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးဆိုင်ရာ လှုပ်ရှားမှုများတွင် ပါဝင် ဆုတောင်းခြင်း၊ ခရစ်ယာန် ဂိုဏ်းပေါင်းစုံ စည်းလုံးခြင်းအတွက် ကြိုးစားအားထုတ်မှုတွင် ပါဝင်ဆုတောင်းခြင်းနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်ခြင်း လှုပ်ရှားမှုများတွင် တက်ကြွစွာ ပါဝင်ကြသည်။

✓ စစ်ဘေးရှောင်များ၊ သဘာဝဘေး အန္တရာယ်ခံစားနေရသူများအား ကူညီထောက်ပံ့ ရေးတို့တွင် အားတက်သရော ပါဝင်လုပ်ဆောင်ကြသည်။

✓ ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်များတွင် ထဲထဲဝင်ဝင် ပါဝင်လုပ်ဆောင်နိုင်ရန်မှု နိုင်ငံရေး အသိပညာများကို စနစ်တကျ လေ့လာသင်ယူရန် လိုအပ်နေသေးသည်။







## အကြံပြုချက်များ

♡ မြန်မာပြည် ကက်သလစ်အသင်းတော်မှ လူငယ်တမန်တော်လုပ်ငန်းဆိုင်ရာ စနစ်ကျသော မူဝါဒများ ချမှတ်ပြီး လူငယ်တာဝန်ခံများအား အရည်အသွေး မြှင့်တင်ပေးခြင်း၊ လူငယ်ရေးရာ စင်တာများအား သာသနာအလိုက် ဖွဲ့စည်းတည်ထောင်ပေးခြင်းများ ဆောင်ရွက်ပေးပါရန်။

♡ လူငယ်တာဝန်ခံ ဘုန်းတော်ကြီးများအား အခြားလုပ်ငန်းများနှင့် ပူးတွဲ တာဝန်ခန့်အပ်ခြင်း မရှိဘဲ လူငယ်တမန်တော်လုပ်ငန်း တစ်ခုတည်းကိုသာ တစိုက်မတ်မတ် ထမ်းဆောင်စေရန်။

♡ လူငယ်များ ယုံကြည်ခြင်းခိုင်မာစေရန်၊ စိတ်ဓာတ်ရေးရာ ရင့်ကျက်သူများ ဖြစ်လာစေရန်အတွက် ဘာသာတရား (သမ္မာကျမ်းစာ၊ ဘုရားစကား)ကို အသက်အရွယ်အလိုက် နည်းစနစ်မှန်ကန်စွာ သင်ကြားပို့ချပေးပါရန်။

♡ အသင်းတော်၏ အသက်တာနှင့် လုပ်ငန်းစဉ်များတွင် လူငယ်များအား လက်ကမ်းကြိုဆိုနေရာ ပေးပြီး လက်တွဲခေါ်ကာ လမ်းပြကူညီ သွန်သင်ပေးပါရန်။

♡ သာသနာအချင်းချင်း လူငယ်မိတ်သဟာယအစီအစဉ်များကို အသင်းတော်မှ ဦးဆောင်ပြုလုပ်ပေးပါရန်။

♡ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်လျက် အောင်မြင်သော ဘာသာတူမိသားစုဘဝ ထူထောင်နိုင်ရေးအတွက် သွန်သင်လမ်းပြပေးပါရန်။

♡ လူငယ်တာဝန်ခံ ဘုန်းတော်ကြီး၊ ကျောင်းထိုင်ဘုန်းတော်ကြီး နှင့် စစ္စတာများမှ လူငယ်များ၏ မိသားစုနှင့် ရင်းနှီးစွာဆက်ဆံလျက် ဝိညာဉ်ရေးလမ်းညွှန်ခြင်းဖြင့် လူငယ်များနှင့် မိဘများအကြား နားလည်မှုတည်ဆောက်ပေးကာ လူငယ်များ၏ အသက်တာကို အဖော်ပြု လမ်းညွှန်ပေးပါရန်။

♡ လူငယ်များ၏ ပညာရေးကို မြှင့်တင်ပေးနိုင်မည့် နည်းလမ်းများရှာဖွေကာ ဘွဲ့ဒီဂရီအပ်နှင်းသောသင်တန်း/ကျောင်းများ၊ သက်မွေးပညာသင်တန်း/ကျောင်းများ ဖွင့်လှစ်ခြင်း၊ လုပ်ငန်း ရှင်များနှင့် ချိတ်ဆက်ပေးခြင်းတို့ဖြင့် ဘဝရပ်တည်နိုင်အောင် လမ်းညွှန်ကူညီပေးပါရန်။

♡ လူမှုဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေးဆိုင်ရာ လှုပ်ရှားမှုများတွင် လူငယ်များ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် နိုင်ငံရေးအသိပညာမြှင့်တင်ပေးခြင်း၊ လမ်းညွှန်ပေးခြင်း၊ ရပ်တည်ပေးခြင်းများဖြင့် ပံ့ပိုးကူညီပေးပါရန်။

♡ မူးယစ်ဆေးဝါး၊ အရက်သေစာ၊ မီဒီယာနှင့် အင်တာနက် ဂိမ်းများ စွဲလန်းနေသော လူငယ်များအား ကုသပေးခြင်း၊ ထိုကဲ့သို့ စွဲလန်းမှုများ မဖြစ်စေရန် ကာကွယ်ပေးခြင်း အစီအစဉ်များအား အသင်းတော် ၏မဟာဗျူဟာစီမံကိန်းများ ရေးဆွဲရာတွင် ထည့်သွင်းလုပ်ဆောင်ပေးပါရန်။

♡ လူငယ်တာဝန်ခံဘုန်းတော်ကြီးနှင့် လူငယ်ခေါင်းဆောင်များအကြား၊ လူငယ်ခေါင်းဆောင် နှင့် လူငယ်များအကြား၊ ကျစ်လစ်ခိုင်မာသော ဆက်သွယ်ဆက်ဆံရေးနှင့် ဒိုင်ယာလော့ အားကောင်းစေရန်အတွက် အသင်းတော်မှ ပံ့ပိုးကူညီပေးပါရန်။

# ကာဒီနယ် ချားလ်စ်ဘို၏ အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းဒေသ ခရီးစဉ်





ရန်ကုန်ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ် ချားလ်စ်ဘိုသည် အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းဒေသသို့ ၂၀၁၉ ခု နိုဝင်ဘာလ ၇ ရက်မှ ၁၃ ရက် အထိ ရက်သတ္တတစ်ပတ် သွားရောက်ခဲ့သည်။ ဤခရီးစဉ်သည် ကာဒီနယ်အတွက် ပထမဦးဆုံးဖြစ်ပြီး အခမ်းအနား များစွာတွင် ပါဝင် တက်ရောက်ခဲ့ရသည်။ အထူးခြားဆုံးမှာ ဘာသာဝင် ၂ သိန်းခန့် ပါဝင်တက်ရောက်သော မစ္ဆားတရားကို ဦးဆောင်ပူဇော်ခြင်းနှင့် ကိုယ်တော်မြတ် စီတန်းလှည့်လည်ခြင်းဖြစ်သည်။

ကာဒီနယ်၏ ခရီးစဉ်ကို ဆွန်နာဒါး ရှိ ဆလေးရှင်းတက္ကသိုလ်တွင် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံခဲ့ပြီး တက္ကသိုလ်၏ သမိုင်းကို ရေးသားထုတ်ဝေသော စာအုပ် မိတ်ဆက်ခြင်းအခမ်းအနားတွင်လည်း တက်ရောက်ခဲ့သည်။

ထို့နောက် ဂိုဟတ်တီမြို့မှတဆင့် ရှီလောင်မြို့သို့ ရောက်ရှိခဲ့သည်။ ထိုဒေသသည် ဆလေးရှင်း သာသနာပြု လုပ်ငန်းများ အောင်မြင်ထွန်းကားရာမြို့လည်းဖြစ်သည်။

မကြာသေးခင်က အမေရိကတွင် ယဉ်မတော်တဆဖြင့် ပျံလွန်ခဲ့သော ရှီလောင် ဂိုဏ်းချုပ်ဆရာတော်ကြီး ဒေါမိနစ် ဂျာလားသည် ဆလေးရှင်းအသင်းဝင် တစ်ဦးဖြစ်ပြီး ကာဒီနယ်ချားလ်စ်နှင့် ရင်းနှီးသူ တစ်ဦးလည်း ဖြစ်သည်။

လူနှစ်သိန်းခန့်ပါဝင်တက်ရောက်သော မစ္ဆားတရားတော်မြတ်နှင့် ကိုယ်တော်မြတ်စီတန်း လှည့်လည်ခြင်းကို ဦးဆောင်ကျင်းပခဲ့သည်။

ဒေသခံစကားဖြစ်သော ခါစီစကားဖြင့် မစ္ဆားပူဇော်ခြင်း ဩဝါဒပေးခြင်းတို့ ပြုလုပ်ခဲ့သောကြောင့် ကာဒီနယ်၏ ဘာသာစကား ကျွမ်းကျင်မှု စွမ်းရည်ကို လေးစားခဲ့ကြသည်။ ခါစီလူမျိုးများသည် အီဇရာအဲလ်များကဲ့သို့ ဘုရားသခင်ထူးခြားစွာ ခေါ်ထားသော ကောင်းကြီးခံစားရသူများ ဖြစ်သည်။ ခါစီလူများများ ကလည်း ထိုကျေးဇူးတော်ကို အကောင်းဆုံး တုန့်ပြန်ခဲ့ကြသည်။ သူတို့ ယုံကြည်ခြင်း၏ အသီးအပွင့်များကို ယခု တွေ့မြင်နိုင်ပကြောင်း အားပေး ပြောကြားခဲ့သည်။ ဆက်လက်ပြီး ထိုယုံကြည်ခြင်းကို နှုတ်ဖြင့်သာမက ဘဝနှင့် သက်သေခံပြီး အများသူများနှင့် မျှဝေရန်တိုက်တွန်းခဲ့သည်။

ကာဒီနယ်သည် ရွှေနှလုံးတော် သီအော်လောဂျီ ကောလိပ်တွင် မစ္ဆားပူဇော်ပေးခဲ့သည်။ ဆက်လက်ပြီး မြို့တွင်းရှိ ဒွန်ဘော့စကို စက်မှုလက်မှုကျောင်း နှင့် အခြားထင်ရှားသော ကျောင်းများ သွားရောက်လေ့လာ ကြည့်ရှုခဲ့သည်။ နိုင်ငံရေး ဘာသာရေး ခေါင်းဆောင်များ၊ ဆလေးရှင်းများ၊ လူငယ်များ နှင့်လည်း တွေ့ဆုံခဲ့သည်။

ရှီလောင် နှင့် ဂိုဟတ်တီရှိ ဆလေးရှင်းမိသားစုနှင့် တွေ့ဆုံပြီး မြန်မာပြည်သူပြည်သားများ ရင်ဆိုင်ဖြတ်သန်းနေရသော နိုင်ငံရေး စီးပွါးရေး အခြေအနေများ အကြောင်း နှင့် မြန်မာပြည် ကက်သလစ်အသင်းတော် အကြောင်း၊ အသင်းတော်၏ ငြိမ်းချမ်းရေး ဖေါ်ဆောင်ရန် ကြိုးပမ်း လုပ်ကိုင် ဆောင်ရွက်ခြင်းများ အကြောင်းကို ဝေမျှကာ မေးခွန်းများ ပြန်လည် ဖြေကြားခဲ့သည်။

ပြန်လည်မထွက်ခွါမီ ကာဒီနယ်က သူ့အား ဖိတ်ခေါ်ခဲ့သည်အတွက်၊ ခံစားရခဲ့သော ဧည့်ဝတ်ကျေ ပျူငှါမှုများအတွက် ကျေးဇူးတင်စကားဆိုခဲ့သည်။

CBCM - OSC

# လူထုဆက်သွယ်ရေး ကော်မရှင် အစည်းအဝေး နှင့် အလုပ်ရုံဆွေးနွေးပွဲ



မြန်မာနိုင်ငံ ကက်သလစ် ဆရာတော်ကြီးများ အဖွဲ့ချုပ် လူထုဆက်သွယ်ရေး ကော်မရှင် အစည်းအဝေးနှင့် အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့ ဒွန်ဘော့စကိုကျောင်းတွင် နိုဝင်ဘာ ၂၁ ရက်မှ ၂၃ အထိ သုံးရက်တာ ပြုလုပ်ခဲ့ပါသည်။

ပထမဦးစွာ သာသနာ အသီးသီးမှ အလုပ်အကိုင် အခြေအနေကို တင်ပြခဲ့ကြသည်။ ဆက်လက်ပြီး သာသနာအဆင့် လူထု ဆက်သွယ်ရေးရုံးထားရှိရေးနှင့် သာသနာတော်အတွင်း လူထုဆက်သွယ်ရေး အခန်း ကဏ္ဍနှင့် စပ်လျဥ်း၍ အသင်းတော်၏ လမ်းညွှန်သွန်သင်ချက်များကို အတူတကွ ဖတ်ရှုလေ့လာခဲ့ကြသည်။

ထို့နောက် ကော်မရှင်၏ လုပ်ငန်းများကို ထိရောက်စွာ လုပ်ဆောင်နိုင်ရန် မဟာဗျူဟာ ရေးဆွဲ ချမှတ်ခဲ့ကြသည်။ သာသနာ အသီးသီးတွင် ရုံးများဖွင့်လှစ်ကာ ဧဝံဂေလိ သတင်းကောင်း ဖြန့်ဝေခြင်း နှင့် လူသားတို့၏ ဘက်စုံ ဖွံ့ဖြိုးရေးတို့တွင် အခြား ကော်မရှင်များနှင့် လက်တွဲ လုပ်ကိုင်နိုင်မည့် နည်းလမ်းများ ရှာဖွေ နိုင်ခဲ့သည်။ CBCM HERALD ဆက်လက်ထုတ်ဝေနိုင်ရေး ဝိုင်းဝန်း ကြိုးစားကြရန် သဘောတူ ခဲ့ကြသည်။

မြန်မာနိုင်ငံ ကက်သလစ် သာသနာတော်အတွင် မီဒီယာကို အသုံးချတတ်ရန် ခေါင်းဆောင်များ၊ သာသနာ့ဝန်ထမ်းများ နှင့် လူငယ်များအား လိုအပ်သော ပညာပေးခြင်းများ လုပ်ဆောင်နိုင်ရန် ကော်မရှင်မှ တာဝန်ယူရမည့်ဖြစ်ကြောင်းကိုလည်း ဆွေးနွေးခဲ့သည်။

ကော်မရှင်အမှုဆောင်များအဖြစ် ဥက္ကဌ ဖါသာရ် မာရီယာနို စိုးနိုင်၊ ဒုဥက္ကဌ ဖါသာရ် ဩဂစတင်းရွှေ၊ အတွင်းရေးမှူး (၁) ဖါသာ လောရင့်စ်၊ အတွင်းရေးမှူး (၂) ဖါသာရ် ဂျိမ်းဘရန်ဂျာ၊ အဖွဲ့ဝင် (၁) ဖါသာရ် ဝီလျံစိုး၊ အဖွဲ့ဝင် (၂) ဖါသာရ် မာရီယာနို လှကိုတို့အား ခန့်အပ်ခဲ့သည်။

CBCM - OSC